ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်၊ သောကြာနေ့ (29-5-2015) (၈၂၁၅)

## အေးစေ မြစေ မေတ္တာရေ

- နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံ့မမုန်း၊
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံ

သတင်း စာမျက်နှာ » ၃



# သက်တမ်းပိုမိုရှည်ကြာစေရန်နှင့် အတုအပပြုလုပ်ခြင်းမှကာကွယ်ရန် တစ်သောင်းကျပ်တန်ငွေစက္ကူ ဇူလိုင် ၁ ရက် ထုတ်ဝေမည် လက်ရှိတရားဝင်လှည့်လည်သုံးစွဲလျက်ရှိသော တစ်သောင်းကျပ်တန်ငွေစက္ကူများလည်း တရားဝင်ငွေအဖြစ် ဆက်လက်တည်ရှိမည်

yprm a t muy; t wi;jzpy; o n/




မျက်နှာဘက်




ကျောဘက်


**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**နေပြည်တော်**
**ကြေညာချက်**
(၂၀၁၅ ခုနှစ် မေလ ၂၈ ရက်)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ထုတ်ဝေထားရှိသည့် ငွေစက္ကူများ၏ ခိုင်မာလုံခြုံမှုအတွက် လုံခြုံမှုအဆင့်အတန်းနှင့် အရည်အသွေးမြှင့်တင်ခြင်းများကို ပုံမှန် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၁၂ ခုနှစ် ဇွန်လ ၁၅ ရက်နေ့တွင် ထုတ်ဝေခဲ့သော တစ်သောင်းကျပ်တန်ငွေစက္ကူ၏ တရားဝင်လှည့်လည်သုံးစွဲငွေအဖြစ်တည်ရှိနေမှုကို မထိခိုက်စေဘဲ ယင်းငွေစက္ကူ၏ လုံခြုံမှုအဆင့်အတန်း ပိုမိုမြင့်မားစေ၍ အရည်အသွေးပိုမိုကောင်းမွန်စေရန်၊ အသုံးပြုနိုင်မှုသက်တမ်းပိုမိုရှည်ကြာစေရန်နှင့် အတုအပပြုလုပ်ခြင်းမှ ကာကွယ်ရန် အလို့ငှာ တောက်ပသော မြစိမ်းရောင်ဂဏန်းပုံစံ အသစ်၊ ရေစာအသစ်နှင့် ငွေစက္ကူ၏ မျက်နှာပြင်နှစ်ဖက်ကို ဗားနစ်(Varnish)အလွှာဖြင့် ဖုံးအုပ်ကာကွယ်ထားသည့် တစ်သောင်းကျပ်တန်ငွေစက္ကူကို ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ စတင်ထုတ်ဝေမည်ဖြစ်ပါသည်။

မူလတစ်သောင်းကျပ်တန်ငွေစက္ကူ၏ မျက်နှာစာညာဘက်အောက်ထောင့်တွင် ရိုက်နှိပ်ထားသည့် ရိုးရိုးဂဏန်း“၁၀၀၀၀”အစား တောက်ပသည့်မြစိမ်းရောင် “၁၀၀၀၀” ဂဏန်းကို ပြောင်းလဲထည့်သွင်းထားပါသည်။ ငွေစက္ကူကို အနေအထားပြောင်းလဲကြည့်လျှင် ယင်းဂဏန်း၏တောက်ပမှုအလင်းရောင်သည် အထက်အောက်ရွေ့လျားနေသည့်အပြင် ဂဏန်း၏ အရောင်သည် မြစိမ်းရောင်မှ အပြာရင့်ရောင်သို့ ပြောင်းလဲနိုင်ပါသည်။ တစ်သောင်းကျပ်တန်ငွေစက္ကူမျက်နှာစာ၏ လက်ဝဲဘက်အပိုင်းတွင် ပုံစံသစ်ဖြင့်ပြုလုပ်ထားသည့် ကြာဖြူပွင့်ပုံရေစာပါရှိပြီး ငွေစက္ကူကို အလင်းရောင်တွင်ကြည့်ပါက ရေစာကိုတွေ့နိုင်ပါသည်။ ငွေစက္ကူကို ဖုံးအုပ်ကာကွယ်ထားသည့် ဗားနစ်(Varnish)အလွှာသည် ပြင်ပမှရေခိုးရေငွေ့များ၊ အရည်များနှင့် အရောင်စွန်းထင်းနိုင်သည့် အရာများကြောင့် ငွေစက္ကူအရည်အသွေးနိမ့်ကျပျက်စီးခြင်းကို ကာကွယ်စေသဖြင့် ငွေစက္ကူ၏အသုံးပြုနိုင်မှုသက်တမ်းကို ပိုမိုရှည်ကြာစေပါသည်။ ၎င်းအပြင် ငွေစက္ကူ၏ရှေ့မျက်နှာစာ ဘယ်/ညာအစွန်းများတွင် ဖောင်းကြွလိုင်းတိုများကို ထည့်သွင်းထားပါသည်။ မူလတစ်သောင်းကျပ်တန်ငွေစက္ကူတွင် အသုံးပြုထားသည့် လုံခြုံရေးကြိုးကို ဆက်လက်အသုံးပြုထားပြီး ငွေစက္ကူကိုကြည့်သည့် အနေအထားပေါ်မူတည်၍ လုံခြုံရေးကြိုး၏အရောင်သည် ပန်းခရမ်းရောင်မှ အစိမ်းရောင်သို့ ပြောင်းလဲနိုင်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❋



## ကြေးမုံ စာတည်းရှုထောင့် ၂၉-၅-၂၀၁၅ [သောကြာနေ့]

# အန်တုရင်ဆိုင် အနိုင်ယူရမည်

သဘာဝဘေးအန္တရာယ်သည် လူသားများအတွက် ရှေးကာလကတည်းက ရင်ဆိုင်ကြုံတွေ့ရလေ့ရှိသော ကိစ္စဖြစ်သည်။ ကြုံတွေ့ရသမျှ သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ကျော်လွှားကာ ဖွံ့ဖြိုးတိုးတက်ရေးကို ပြန်လည်တည်ဆောက်နိုင်ခဲ့ကြသည်။ ထို့ကြောင့် သဘာဝဘေးအန္တရာယ်သည် လူသားတို့အတွက် စိတ်ဓာတ်နှင့် တည်ဆောက်မှုစွမ်းအားကို ပြန်လည်မြှင့်တင်ပေးနိုင်သည့် စမ်းသပ်မှုတစ်ခုဟု ဆိုချင်သည်။

သဘာဝဘေးနှင့်လူသားများ အပြိုင်အဆိုင်အနိုင်နွှဲသည့် ပြိုင်ပွဲဟုလည်းဆိုရမည်။ သဘာဝဘေးကို အန်တုရင်ဆိုင်ကာ အနိုင်ယူကျော်လွှားကြသည့် လူသားတို့စွမ်းပကားများမှာ မလျှော့သောဇွဲလုံ့လနှင့် ကြိုတင်ပြင်ဆင်ထားမှု၊ ကြုံတွေ့ရပါက ကြံ့ကြံ့ခံနိုင်မှုတို့အပေါ်တွင် အရင်းခံသည်။

မျက်မှောက်ကာလတွင် သဘာဝဘေးအန္တရာယ်များသည် ကမ္ဘာ့ရာသီဥတု ဖောက်ပြန်မှုအကျိုးဆက်မှ ဖြစ်တည်လာသည်။ ယခင်က ပုံမှန်လည်ပတ်နေသော ရာသီဥတုတွင် ပုံမှန်ကြုံတွေ့နေကျ သဘာဝဘေးသာရှိခဲ့ရာမှ ယခုအခါ ပုံမှန်မဟုတ်ဘဲကြုံတွေ့တတ်သည့် ဆိုးရွားသော ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်တို့ကို မမျှော်လင့်ဘဲ ကြုံတွေ့ကြရသည်။

သဘာဝဘေးသည် ဒေသတစ်ခု၏ပြဿနာမဟုတ်ဘဲ ကမ္ဘာ့ပြဿနာဖြစ်လာသည်။ ထို့ကြောင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို ကမ္ဘာလုံးဆိုင်ရာအဆင့် သတ်မှတ်ဆောင်ရွက်လာကြသည်။ ၂၀၀၅ ခုနှစ်က ဂျပန်နိုင်ငံ ယိုဂိုမြို့၌ကျင်းပခဲ့သည့် ဒုတိယအကြိမ် သဘာဝဘေးအန္တရာယ်လျော့ပါးရေး ကမ္ဘာ့ညီလာခံ၏ ယိုဂိုမူဘောင်လုပ်ငန်းစဉ်သည်လည်းကောင်း၊ အာဆီယံဒေသတွင်းအဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ အာဆီယံသဘောတူညီချက်သည်လည်းကောင်း သဘာဝဘေးအန္တရာယ်နှင့် သက်ဆိုင်သည့် စုပေါင်းညီညာမှု နမူနာကောင်းများဟု ဆိုနိုင်ပါသည်။

မြန်မာနိုင်ငံတွင်လည်း သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်း စီမံချက်ကိုရေးဆွဲကာ နိုင်ငံတကာနှင့် လက်တွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ လတ်တလောတွင် လူပေါင်းသောင်းချီသေဆုံးခဲ့သည့် ဟိမဝန္တာတောင်ခြေရှိ နီပေါနိုင်ငံတွင် လှုပ်ခတ်ခဲ့သော ငလျင်သဘာဝဘေးမှာ အကြီးမားဆုံးဖြစ်သည်။ ငလျင်၏သဘာဝအရ တစ်ကြိမ်နှင့်ရပ်မသွားဘဲ အကြိမ်ကြိမ်လှုပ်ခတ်ခဲ့ရာ ထိခိုက်ဆုံးရှုံးမှုများပြားခဲ့သည်။

သဘာဝဘေးဟူသည်မှာ လွန်ဆန်၍မရနိုင်ဘဲ ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားခြင်း၊ ဖြစ်ပေါ်လာပါကလည်း စနစ်တကျရှောင်ရှားနိုင်ခြင်းနှင့် ရင်ဆိုင်ရပါကလည်း အမြန်ဆုံး ကယ်တင်နိုင်ခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အလျင်အမြန်ဆောင်ရွက်ခြင်းစသည့်လုပ်ငန်းများကို လူတို့၏အားမာန်ဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ကမ္ဘာကြီး၏ ပထဝီဝင်အနေအထားအရ ပြတ်ရွေ့ကျောက်လွှာကြောများပေါ်တွင် လူတို့နေထိုင်ကြရသည်။ ငလျင်၏သဘာဝအရ ဆယ်စုနှစ်၊ ရာစုနှစ်အတွင်း တစ်ကြိမ်ကျရောက်တတ်၍ သဘာဝဘေးငလျင်ကိုလည်း သတိမူရမည်ဖြစ်သည်။ ကြိုတင်မြော်တွေး၍ တွေးကြောက်နေရန်မလိုသော်လည်း ကြိုတင်ပြင်ဆင်မှုနှင့် ရှောင်ရှားရမည့်အသိများလည်း ရှိထားဖို့လိုအပ်သည်။

ငလျင်လှုပ်သောအခါ ထိခိုက်သေဆုံးမှု အဖြစ်အများဆုံးမှာ အဆောက်အအုံအတွင်း လူများရှိနေခြင်းဖြစ်သည်။ ငလျင်ဟူသည် တစ်ကြိမ်တည်း လှုပ်ခတ်ရုံဖြင့် ပြီးဆုံးသွားသည်မဟုတ်ချေ။ ပြင်းထန်သည့်ငလျင်တစ်ခုတွင် လှုပ်ခတ်ချိန်ကြာမြင့်မှုနှင့် ပြင်းအားပမာဏကွာဟမှုရှိသည်။ စတင်လှုပ်ခတ်သည်နှင့် အချိန်မီရှောင်ရှားခြင်းသည် အကောင်းဆုံးဖြစ်သည်။

ငလျင်ဒဏ်ခံစားဖူးသော နိုင်ငံကြီးများရှိ ပြည်သူများမှာ ငလျင်နှင့်ပတ်သက်၍ အသိအမြင်များရှိတတ်ကြသည်။ ငလျင်မလှုပ်မီ နာရီပိုင်း၊ လပိုင်း၊ တစ်ခါတစ်ရံ နှစ်ပိုင်းတို့တွင် ငလျင်နှင့်ပတ်သက်သည့် လက္ခဏာများပြတတ်သည်ကို သတိမူကြသည်။ ထိုအခါ ကြိုတင်ပြင်ဆင်ထားကြသဖြင့် ထိခိုက်ဆုံးရှုံးမှု နည်းပါးတတ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့မြန်မာနိုင်ငံအဖို့လည်း လာမည့်ဘေး တွေးကြောက်မနေဘဲ ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းဖြင့် သဘာဝဘေးကို အန်တုရင်ဆိုင် အနိုင်ယူရမည်ဖြစ်သည်။ ။

# Memory International Film Heritage Festival (2015) ကျင်းပမည်

**နေပြည်တော် မေ ၂၈**

Memory International Film Heritage Festival (2015) သည် ဝင်ကြေးအခမဲ့ဖြစ်ပြီး ရန်ကုန်မြို့ရှိ နေပြည်တော် ရုပ်ရှင်ရုံ၌ မေ ၂၉ ရက်မှ စတင်ပြီး ဇွန် ၇ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရုပ်ရှင်ပွဲတော်သည် အာရှနိုင်ငံများမှ ရုပ်ရှင်အမွေအနှစ်များကို ရည်စူးဂုဏ်ပြုထားသည့် နိုင်ငံတကာပွဲတော်တစ်ခုဖြစ်သည်။ ယခုနှစ်အတွက် အဓိကအရေးပေးသည့် အကြောင်းအရာမှာ အမျိုးသမီးများဖြစ်ပြီး နိုင်ငံတကာအထူးဧည့်သည်တော်များအဖြစ် ကက်သရင်း ဒနဗ်၊ မီးရှယ်ယိုး၊ ချန်းပေပေ၊ မာရီလီးနှင့် ရုပ်ရှင်ဒါရိုက်တာများဖြစ်သည့် အိုလီဗီယေး အာဆာယားစ်၊ လာနာ ဂိုဂိုဗရစ်ဇ်၊ ဆာလိုမေး အလက်ဆီတို့ ပါဝင်မည်ဖြစ်သည်။

ထို့အတူ မြန်မာအမျိုးသမီး သရုပ်ဆောင်မင်းသမီးများဖြစ်သည့် ဒေါ်ဆွေဇင်ထိုက်၊ ဒေါ်ခင်သီတာထွန်း၊ ဒေါ်နွဲ့နွဲ့စန်း၊ ဒေါ်ချိုပြုံးနှင့် မြန်မာအမျိုးသမီးဒါရိုက်တာ ဒေါ်တင်တင်ယုတို့ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ဂီတနှင့် တွဲဖက်ဖျော်ဖြေမည့် ရုပ်ရှင်တေးဂီတအစီအစဉ် သုံးခုပါဝင်မည်ဟု သိရှိရပြီး အဆိုပါ ဂီတအစီအစဉ်များတွင် မြန်မာ လူငယ်ရော့(ခ်)ဂီတပညာရှင် အီတိုးက အမျိုးသားများနှင့် တန်းတူညီမျှရရှိရေး လိုလားသည့် အမျိုးသမီးဝါဒဆိုင်ရာ အသံတိတ်ခေတ်ဦး ရုပ်ရှင်များကို ဂီတနှင့် တွဲဖက်ဖျော်ဖြေမည်ဖြစ်ပြီး အာမက်မင်းသား၏ စွန့်စားခန်းများ တွဲဖက်ဂီတအစီအစဉ်ကို ဒါရိုက်တာ ဦးကြည်စိုးထွန်းက ကြီးကြပ်စီစဉ်သွားမည်ဖြစ်သည်။

Memory International Film Heritage Festival (2015) တွင် ကမ္ဘာ့အနှံ့အပြား ဂန္ထဝင်ကားပေါင်း ၅၀ ကျော်၊ မြန်မာဂန္ထဝင်ကားလေးကား ပါဝင်မည်ဖြစ်ကြောင်းနှင့် ဆွေးနွေး ဟောပြောပွဲများကိုလည်း ကျင်းပမည်ဖြစ်ကြောင်းနှင့် ပြင်သစ်သံရုံး၏ပံ့ပိုးမှုဖြင့် စီစဉ်တင်ဆက်ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




# သဘာဝဘေးအန္တရာယ်ပေါ်ပေါက်ပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သရုပ်ပြလေ့ကျင့်

**ညောင်တုန်း မေ ၂၈**

နိုင်ငံတော်အတွင်း သဘာဝဘေးအန္တရာယ်နှင့် အခြားရုတ်တရက်မတော်တဆ ဖြစ်ပွားသောဘေးအန္တရာယ်များ ပေါ်ပေါက်လာပါက ထိခိုက်ဆုံးရှုံးမှုနည်းပါးစေရန်အတွက် အချိန်နှင့်တစ်ပြေးညီ အလျင်အမြန် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်ဇင်ဝင်းဦးဆောင်သော ရှာဖွေကယ်ဆယ်ရေးအဖွဲ့များသည် မေ ၂၄ ရက်က ညောင်ချောင်းသာကမ်းခြေ ရေပြင်တွင် သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုများပြုလုပ်ရာ ရှေးဦးသူနာပြုစုခြင်းလုပ်ငန်းများဖြင့် ရေပြင်မြေပြင်ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ကြသည်။ **(အောက်ဓါတ်ပုံ)**



အဆိုပါ စီမံချက်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို တစ်မြို့နယ်လျှင် တပ်စုတစ်စုလျှင် ၃၅ ဦးဖြင့် ဖွဲ့စည်းပြင်ဆင် လေ့ကျင့်ဆောင်ရွက်လျက်ရှိသည်။ ညောင်တုန်းမြို့နယ်အနေဖြင့် ယင်းဖွဲ့စည်းထားရှိသည့် ရှာဖွေကယ်ဆယ်ရေး အဖွဲ့များကို ခရိုင်/မြို့နယ်မီးသတ်စခန်း ဖွဲ့စည်းပုံနှင့်အညီ တပ်စုတစ်ခုလျှင် သန္ဓေငါးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ စုစုပေါင်း ၃၅ ဦးဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

■

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၂၈**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၁၃၅၀၀ | - | ၇၁၄၅၀၀ |
| မန္တလေး | ရွှေဈေး | ၇၁၃၄၀၀ | - | ၇၁၄၄၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၇၀၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၁၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၉၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၁၈၉. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၇၅. ၇၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၂. ၂၇၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၉. ၀၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၇. ၀၅၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၈၁. ၅၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၈. ၄၂၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၄၃. ၇၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၀၇. ၂၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း



# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံ



## လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် မေ ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖန်ဘင်မင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ဓာတ်ပုံ)**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးမြင့်လှိုင်၊ ဦးညဏ်ထွန်းအောင်၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဖန်တန်ဇွန်းလည်း တက်ရောက်သည်။

တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ ရေထွက်ပစ္စည်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ဆက်သွယ်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

---

**❋ ရှေ့ဖုံးမှ**

ယခုထုတ်ဝေမည့် တစ်သောင်းကျပ်တန်ငွေစက္ကူမှာ တောက်ပသော မြစိမ်းရောင် ဂဏန်းပုံစံအသစ်၊ ရေစာအသစ်နှင့် ငွေစက္ကူမျက်နှာပြင် နှစ်ဖက်ကို ဗားနစ်(Varnish) အလွှာဖြင့် ဖုံးအုပ်ကာကွယ်ထားခြင်းတို့မှအပ ငွေစက္ကူအရွယ်အစား၊ ပုံသဏ္ဌာန်နှင့် အရောင်သတ်မှတ်ချက်များသည် မူလတစ်သောင်းကျပ်တန် ငွေစက္ကူအတိုင်း ဖြစ်ပါသည်။

**လက်ရှိ တရားဝင်လှည့်လည်သုံးစွဲလျက်ရှိသော တစ်သောင်းကျပ်တန်ငွေစက္ကူများသည်လည်း တရားဝင်ငွေအဖြစ် ဆက်လက်တည်ရှိမည်ဖြစ်ပါသည်။**

---

## ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်ရှိ စာသင်ကျောင်းအတွက် ဂျပန်က ဒေါ်လာတစ်သိန်းကျော် ပေးအပ်လှူဒါန်း

**ကဝ မေ ၂၈**

အောက်ခြေလူတန်းစားများ ဖူလုံရေးဆိုင်ရာအကူအညီပေးရေး အစီအစဉ်အရ ဂျပန်အစိုးရသည် လူသားချင်းစာနာထောက်ထားမှုအကူအညီအဖြစ် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် မိုးဂနိမ်အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဆောက်လုပ်ရန် အလှူငွေ အမေရိကန်ဒေါ်လာ ၁၁၆၆၄၄ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း ပြည်တွင်းသတင်းများတွင် ဖော်ပြထားသည်။

ယင်းအလယ်တန်းကျောင်း(ခွဲ)လွှဲပြောင်းပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို မေ ၂၆ ရက်က ကဝမြို့နယ် မိုးဂနိမ်ကျေးရွာ၌ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ဒုတိယအတွင်းဝန် မစ္စတာ ကာဇူယိုရှိဆူဇူကီ၊ ပဲခူးတိုင်းဒေသကြီးပညာရေးမှူး ဦးဌေးဝင်း၊ ပဲခူးခရိုင် ပညာရေးမှူး ဦးရဲလွင်၊ ကဝမြို့နယ်ပညာရေးမှူး ဒေါ်ခင်မာရီ၊ ကဝမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသန်းနှင့် ဌာနဆိုင်ရာများ၊ ကျောင်းဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသခံများ တက်ရောက်ခဲ့ကြသည်။

ကျောင်းဆောင်နှစ်ဆောင်ဖြင့် ဖွဲ့စည်းထားသည့် အဆိုပါ အလယ်တန်းကျောင်း(ခွဲ)တွင် တစ်နေ့တခြား ကျောင်းသားအရေအတွက် များပြားလာခြင်းကြောင့် စာသင်ခန်းများလုံလောက်မှုမရှိတော့ဘဲ ကျောင်းသားများမှာ အလွန်ကျပ်ညပ်နေသော စာသင်ခန်းများ၌ စာသင်ကြားနေရသည့်အတွက် ဂျပန်အစိုးရက ကွန်ကရစ်အားဖြည့် နှစ်ထပ်အဆောက်အအုံတစ်လုံး ဆောက်လုပ်ရေးနှင့် ပရိဘောဂများဖြည့်တင်းရေးအတွက် ငွေလှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုဆောက်လုပ်သော နှစ်ထပ်အဆောက်အအုံသစ်တွင် စာသင်ခန်းခြောက်ခန်းပါဝင်သည့်အတွက် ကျောင်းသား ၆၁၃ ဦးအတွက် အဆင်ပြေစွာ စာသင်ကြားနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(ကျော်သဲအိမ်)**

---

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးပညာပေး

**ဥသျှစ်ပင် မေ ၂၈**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ လျှပ်စစ်မှူးရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ ဥသျှစ်ပင်မြို့မဈေးတွင် မေ ၂၇ ရက်က မြို့လျှပ်စစ်မှူး ဦးထင်အောင်ကျော် ဦးဆောင်သော ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ လူစည်ကားရာနေရာ၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး မြေစိုက်ပိုစတာ စိုက်ထူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ **(မြို့နယ်လျှပ်စစ်)**

---

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အဖွဲ့ ဘယ်လာရုစ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်

**နေပြည်တော် မေ ၂၈**

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ရာ မေ ၂၀ ရက် မွန်းလွဲပိုင်းတွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်ခ်မြို့သို့ ရောက်ရှိခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံ၏ Council of the Republic of the National Assembly ၌ ဘယ်လာရုစ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Dr. Mikhail Myasnikovich နှင့် လည်းကောင်း၊ ဘယ်လာရုစ်နိုင်ငံ၏ House of the representatives of the National Assembly ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vladimir Andreichenko နှင့် လည်းကောင်း သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ပိုမိုပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်အဖွဲ့သည် မေ ၂၂ ရက် နံနက်ပိုင်းတွင် ဘယ်လာရုစ်နိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Andrey Kobyakov နှင့် သွားရောက်တွေ့ဆုံသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် Victory Square သို့ သွားရောက်ကာ ပန်းခွေချဂါရဝပြုခဲ့သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဘယ်လာရုစ်နိုင်ငံ သမ္မတ H.E. Mr. Alesandr Lukshenko နှင့် တွေ့ဆုံကာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်သော အခွင့်အလမ်းများအတွက် ဆွေးနွေးခဲ့ကြသည်။

မေ ၂၃ ရက် နံနက်ပိုင်းတွင် Belorussian State Museum of the History of the Great Patriotic War နှင့် the National Historical and Cultural Museum တို့သို့ သွားရောက် ကြည့်ရှုလေ့လာခဲ့ကြသည်။

ညနေပိုင်းတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် the Agricultural Complex "Snov" သို့ သွားရောက်ကာ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ လုပ်ငန်းနည်းစနစ်များကို လေ့လာခဲ့ကြသည်။

မေ ၂၄ ရက် နံနက်ပိုင်းတွင် ဘယ်လာရုစ်နိုင်ငံ၏ Council of the Republic of the National Assembly သို့ သွားရောက်ခဲ့ပြီး ဘယ်လာရုစ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Dr. Mikhail Myasnikovich နှင့် မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံလွှတ်တော်ချင်း ချစ်ကြည်ရေး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ဘယ်လာရုစ်နိုင်ငံ အမျိုးသားစာကြည့်တိုက်သို့ သွားရောက်ကာ စာကြည့်တိုက်ရှိ စာအုပ်စာပေများ စနစ်တကျထိန်းသိမ်းထားမှုတို့ကို လေ့လာကြည့်ရှုခဲ့ကြသည်။ **(သတင်းစဉ်)**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဘယ်လာရုစ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးစဉ်။** (သတင်းစဉ်)

---

## ဥပဒေရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် မေ ၂၈**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယား ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အစည်းအဝေးခန်းမသို့ လာရောက်တွေ့ဆုံပြီး မျိုးစောင့်ဥပဒေဆိုင်ရာကိစ္စရပ်များ၊ ငှားရမ်းစာချုပ်နှင့်စပ်လျဉ်းသည့် ဥပဒေရေးရာများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပထမဆုံးသော အပြည်ပြည်ဆိုင်ရာယောဂကျင့်စဉ်နေ့၌ အိန္ဒိယဝန်ကြီးချုပ် သရုပ်ပြမည်

**နယူးဒေလီ မေ ၂၈**

ဇွန်လအတွင်းကျင်းပမည့် အများပြည်သူဆိုင်ရာ အခမ်းအနားတစ်ရပ်တွင် အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီက ယောဂကျင့်စဉ်သရုပ်ပြမှုကို ပြုလုပ်မည်ဖြစ်ကြောင်း ယနေ့ရိုက်တာသတင်း၌ ဖော်ပြသည်။

အိန္ဒိယနိုင်ငံ၏ ရှေးဟောင်းကျင့်စဉ်တစ်ရပ်ဖြစ်သော ယောဂကျင့်စဉ်ကို နိုင်ငံတကာမှ ပြည်သူများ လေ့လာလိုက်စားလာရေးအတွက် တွန်းအားပေးသည့်အနေဖြင့် အိန္ဒိယဝန်ကြီးချုပ်က ယောဂကျင့်စဉ် သရုပ်ပြသမည်ဟုဆိုသည်။


ဇွန်လ ၂၁ ရက်တွင် နယူးဒေလီမြို့ရှိ အများပြည်သူဆိုင်ရာ အခမ်းအနားများကျင်းပရာနေရာ၌ ယောဂကျင့်စဉ်နှင့်ပတ်သက်၍ အိန္ဒိယဝန်ကြီးချုပ်က သရုပ်ပြသရန် စီစဉ်ထားကြောင်း အိန္ဒိယအစိုးရနှင့် အာဏာရပါတီ ပြောရေးဆိုခွင့်ရှိသူများက ပြောကြားသည်။

အိန္ဒိယဝန်ကြီးချုပ်၏ အဆိုပြုချက်အရ ကုလသမဂ္ဂအဖွဲ့ကြီးက ယခုနှစ် ဇွန် ၂၁ ရက်ကို အပြည်ပြည်ဆိုင်ရာ ယောဂကျင့်စဉ်နေ့အဖြစ် ပထမဆုံးအကြိမ် သတ်မှတ်ပေးခဲ့သည်။

မိုဒီသည် ယမန်နှစ် စက်တင်ဘာလအတွင်းကကျင်းပခဲ့သော ကုလသမဂ္ဂအထွေထွေညီလာခံ၌ ပထမဆုံးအကြိမ် မိန့်ခွန်းပြောကြားရာတွင် အပြည်ပြည်ဆိုင်ရာယောဂ ကျင့်စဉ်နေ့ သတ်မှတ်ပေးရန် အဆိုပြုခဲ့သည်။

ယောဂအကျင့်ကို ကျင့်သူတစ်ဦး၏ အာရုံသည် ကမ္ဘာလောကကြီးနှင့် သဘာဝတရားတို့နှင့် တစ်သားတည်းရှိနေပုံကို ရှာဖွေတွေ့ရှိသည်ဖြစ်ကြောင်း ယင်းမိန့်ခွန်းတွင် မိုဒီက ပြောကြားခဲ့သည်။

မိုဒီသည် ယောဂကျင့်စဉ်ကို နေ့စဉ်လုပ်ဆောင်နေသူဖြစ်သည်။



ယောဂကျင့်စဉ်မှသည် စွမ်းအင်သတ္တိထူးများစွာပေးကြောင်း၊ ၎င်းအနေဖြင့် ညစဉ် အိပ်ချိန်အနည်းငယ်မျှသာ လိုအပ်ကြောင်း မိုဒီကပြောကြားသည်။

**ရိုက်တာ။**



# နာဇီအက်စ်အက်စ်တပ်ဖွဲ့ဝင်ဟောင်း တရားစွဲဆိုခံရခြင်းမှ လွတ်မြောက်

**ဟမ်းဘတ် မေ ၂၈**

ဒုတိယကမ္ဘာစစ် ကာလအတွင်း အီတလီနိုင်ငံ၌ လူပေါင်း ၃၀၀ ကျော်အထိ သတ်ဖြတ်ခဲ့ရာတွင် ပါဝင်ကူညီခဲ့သူအဖြစ် စွဲချက်တင်ခံထားရသူ နာဇီအက်စ်အက်စ် တပ်ဖွဲ့ဝင်ဟောင်းတစ်ဦးကို တရားစွဲဆိုခြင်း မပြုတော့ရန် ဆုံးဖြတ်လိုက်ကြောင်း၊ ၎င်းသည် စိတ်ဝေဒနာခံစားနေရခြင်းကြောင့်ဖြစ်ကြောင်း ဂျာမနီအစိုးရ ရှေ့နေချုပ်ရုံးက မေ ၂၈ ရက်တွင် ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

နာဇီပါတီ၏ လက်ရွေးစင်တပ်ဖွဲ့တွင် အမှုထမ်းဆောင်ခဲ့သူ တပ်ဖွဲ့ဝင်တစ်ဦးမှာ ယခုအခါ အသက် (၉၃) နှစ်ရှိပြီး စိတ်ဝေဒနာခံစားနေရကြောင်း၊ ၎င်းအား စစ်ရာဇဝတ်မှုများအရ စွဲချက်တင်ထားမှုကို ပြန်လည် ရုပ်သိမ်းလိုက်ကြောင်း ရှေ့နေချုပ်ရုံးက ပြောကြားသည်။ အဆိုပါ တပ်ဖွဲ့ဝင် မည်သူမည်ဝါဖြစ်သည်ကိုမူ ဖော်ပြခြင်းမရှိပေ။

၁၉၄၄ ခုနှစ် ဩဂုတ် ၁၂ ရက်က အီတလီနိုင်ငံမြောက်ပိုင်း၌ ဖြစ်ပွားခဲ့သော အစုအပြုံလိုက်သတ်ဖြတ်မှုတွင် အဆိုပါနာဇီတပ်ဖွဲ့ဝင် ပါဝင်ပတ်သက်ခဲ့သည်ဟု စွဲချက်တင်ခံခဲ့ရသည်။

တပ်စကန်နီဒေသရှိ ကျေးရွာတစ်ရွာကို နာဇီအက်စ်အက်စ်တပ်ဖွဲ့ဝင်များက ပိတ်ဆို့ထားခဲ့ပြီး အမျိုးသမီးများနှင့် ကလေးများအပါအဝင် လူ ၃၀၀ ကျော် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံခဲ့ရကြောင်း အစိုးရရှေ့နေများက ပြောကြားသည်။

**ရိုက်တာ။**

# ပါကစ္စတန်နိုင်ငံ၌ လေယာဉ်ပြန်ပေးဆွဲမှုဖြင့် ပြန်ပေးသမားများအား ကြိုးပေးကွပ်မျက်



**အစ္စလာမ္မာဘတ် မေ ၂၈**

ပါကစ္စတန်နိုင်ငံတွင် လွန်ခဲ့သည့် ၁၇ နှစ်အကြာက လေယာဉ်ပြန်ပေးဆွဲမှုဖြင့် သေဒဏ်ချမှတ်ခြင်းခံထားရသည့် ဘလူချီလူမျိုးသုံးဦးအား မေ ၂၈ ရက်တွင် ကြိုးပေးကွပ်မျက်လိုက်ပြီဖြစ်ကြောင်း သတင်းများအရ သိရသည်။

ယင်းတို့အား ကရာချိနှင့်ဟိုက်ဒါရာလတ်မြို့များရှိ အကျဉ်းထောင်များတွင် ကွပ်မျက်ခဲ့ခြင်းဖြစ်သည်။ ပါကစ္စတန်နိုင်ငံအား ကမ္ဘာ့နျူကလီးယားလက်နက်ပိုင်ဆိုင်သည့် ခုနစ်နိုင်ငံမြောက်အဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရသော နျူကလီးယားစမ်းသပ်အောင်မြင်မှု (၁၇)ကြိမ်မြောက်သည့်နေ့တွင် အဆိုပါ သုံးဦးကို ကွပ်မျက်ခဲ့ခြင်းဖြစ်သည်။

၁၉၉၈ ခုနှစ် မေ ၂၄ ရက်တွင် ၎င်းတို့က ခရီးသည် ၃၀ လိုက်ပါစီးနင်းလာသည့် ပါကစ္စတန်နိုင်ငံတကာ လေကြောင်းလိုင်း လေယာဉ်တစ်စင်းကိုပြန်ပေးဆွဲခဲ့ပြီး လေယာဉ်မှူးအား အိန္ဒိယနိုင်ငံဒေလီမြို့သို့ တိုက်ရိုက်ပျံသန်းစေခဲ့သည်။ အစ္စလာမ္မာဘတ်မြို့ရှိ ပထမဆုံး နျူကလီးယားစမ်းသပ်မှုကို နှောင့်ယှက်ရန်ရည်ရွယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လေယာဉ်သည် ပါကစ္စတန်နိုင်ငံ ဘာလိုချီစတန်စီရင်စုရှိ တာဘတ်မြို့မှ ထွက်ခွာလာခဲ့ပြီး ကရာချိမြို့သို့ ဦးတည်ပျံသန်းစဉ် လေယာဉ်ပြန်ပေးသမားများက ဒေလီသို့ တိုက်ရိုက်မောင်းခိုင်းသော်လည်း လေယာဉ်ဆီမလုံလောက်သည်ကို အကြောင်းပြပြီး ဟိုက်ဒါရာလတ်မြို့သို့ ဆင်းသက်ခဲ့သည်။ ပြန်ပေးသမားများကို ဖမ်းဆီးရန် ယင်းမြို့တွင် လုံခြုံရေးရဲအရာရှိများက အသင့်စောင့်ဆိုင်းနေခဲ့သည်။

ပါကစ္စတန်နိုင်ငံသည် သေဒဏ်စီရင်ခြင်းပြစ်ဒဏ်ကို ၂၀၀၈ ခုနှစ်က စပြီး ဆိုင်းငံ့ထားခဲ့သည်။ သို့သော် လွန်ခဲ့သော ဒီဇင်ဘာလတွင် တာလီဘန်စစ်သွေးကြွများက စာသင်ကျောင်း တစ်ကျောင်းတွင် ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများအပါအဝင် လူပေါင်း ၁၅၄ ဦးကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သည့်အချိန်မှစပြီး သေဒဏ်စီရင်ချက်ချမှတ်မှုကို ပြန်လည်စီရင်ခဲ့သည်။

သေဒဏ်ပေးခြင်းဆိုင်းငံ့မှုကို ပြန်လည်ရုပ်သိမ်းခဲ့သည့် အချိန်မှစပြီး သေဒဏ်စီရင်ခြင်းခံခဲ့ရသူဦးရေ ၁၂၈ ဦးရှိသည်။ ယခုကွပ်မျက်ခဲ့သည့် လေယာဉ်ပြန်ပေးသမား သုံးဦးနှင့်ဆိုလျှင် ၁၃၁ ဦးခန့် ရှိပြီဖြစ်သည်။

**ရိုက်တာ။**

# အစိုးရဆန့်ကျင်ရေး ဆန္ဒပြခေါင်းဆောင်များ ထောင်ဒဏ်ကျခံရန် ထိုင်းတရားရုံး စီရင်ချက်ချ

**ဘန်ကောက် မေ ၂၈**

၂၀၀၈ ခုနှစ်က နိုင်ငံရေး လူထုစည်းဝေးပွဲ ကျင်းပချိန်ကာလအတွင်း ဝန်ကြီးချုပ်ရုံးအတွင်းသို့ အဓမ္မဝင်ရောက်ရန် ကြိုးပမ်းခဲ့ကြသည့် အစိုးရဆန့်ကျင်ရေး ဆန္ဒပြသူများ၏ ခေါင်းဆောင်ခြောက်ဦးကို ထောင်ဒဏ်နှစ်နှစ်စီ ကျခံရန် တရားရုံးတော်က မေ ၂၈ ရက်တွင် ပြစ်ဒဏ်စီရင်ချက် ချမှတ်လိုက်သည်။


ဘုရင်စနစ် လိုလားသော ပြည်သူ့ဒီမိုကရေစီ မဟာမိတ်အဖွဲ့မှ ရှပ်ဝါဝတ်ဆန္ဒပြသူ ထောင်ပေါင်းများစွာသည် ၂၀၀၆ ခုနှစ်က ကာလရှည်ကြာသော လူထုဆန္ဒပြပွဲများကို ပြုလုပ်ခဲ့ကြရာ ယင်းနှစ်နှောင်းပိုင်းတွင် ထိုစဉ်က ဝန်ကြီးချုပ်ဖြစ်သူ သက်ဆင်ရှင်နာဝါထရာ ရာထူးမှ ဖယ်ရှားခံခဲ့ရသည်။

၂၀၀၈ ခုနှစ်တွင် သက်ဆင်အားလိုလားသူများသည် အစိုးရဆန့်ကျင်ရေးဆန္ဒပြမှုများ ပြုလုပ်ခဲ့ရာ နောက်ဆုံးတွင် သက်ဆင်၏ ရှပ်နီဝတ် လှုပ်ရှားသူများအားကောင်းလာခဲ့သည်။ ရှပ်နီဝတ်ဆန္ဒပြသူများက ၂၀၁၀ ပြည့်နှစ်အတွင်း ရက်သတ္တပတ်အတန်ကြာမျှ ဆန္ဒပြခဲ့ကြရာ ဘန်ကောက်မြို့ဒေသအချို့တွင် လုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့ရသည်။

ပြစ်ဒဏ်ချမှတ်ခံရသူ ခြောက်ဦးသည် အစိုးရဆန့်ကျင်ရေးဆန္ဒပြသူများ၏ ခေါင်းဆောင်များဖြစ်ပြီး ထင်ပေါ်ကျော်ကြားသည့် နိုင်ငံရေးလှုပ်ရှားသူများ ဖြစ်ကြသည်။

ထောင်ဒဏ်ပြစ်ဒဏ်ချမှတ်ခံရသူများသည် အယူခံလွှာတင်သွင်းနိုင်ရန် အာမခံငွေဘတ်နှစ်သိန်းစီတင်စေကာ အာမခံဖြင့် ၎င်းတို့ကို ပြန်လည်လွှတ်ပေးခဲ့သည်။

**ရိုက်တာ။**



# ၃၁ နှစ်ကြာထွက်ပြေးတိမ်းရှောင်နေသော အီတလီလူမျိုး မာဖီးယားဂိုဏ်းခေါင်းဆောင်ဟောင်းကို ဘရာဇီးတွင် ဖမ်းဆီးရမိ

**ဘရာဇီးလီးယား မေ ၂၈**

ဘရာဇီးဖက်ဒရယ်ရဲတပ်ဖွဲ့က နှစ်ပေါင်း ၃၁ နှစ်ကြာ ထွက်ပြေးတိမ်းရှောင်ခဲ့သော ကာမော်ရာခေါ် နေပယ်စ်အခြေစိုက် မာဖီးယားပုံစံ ရာဇဝတ်ဂိုဏ်း၏ ခေါင်းဆောင်ဟောင်း ပတ်စ်ကွေးစကော့တီကို ဖမ်းဆီးရမိကြောင်း ဒေသဆိုင်ရာမီဒီယာက သတင်းဖော်ပြသည်။

စကော့တီကို မေ ၂၆ ရက်က ဘရာဇီးနိုင်ငံ အရှေ့မြောက်ဘက်ရှိ ရက်စ်ဆီဖီမြို့တွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်ဟု ဒေသန္တရသတင်းစာ O Globa ၏ပြောကြားချက်အရသိရသည်။ စကော့တီသည် လက်နက်များ တရားမဝင်ကိုင်ဆောင်ခြိမ်းခြောက်၍ ငွေညှစ်မှုနှင့် ၁၉၈၀ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်ကာလအတွင်း ကျူးလွန်ခဲ့သောလူသတ်မှု ၂၆ မှု တွင်ပါဝင်ပတ်သက်မှုတို့ဖြင့် ယခင်က ပြစ်ဒဏ်ချမှတ်ခြင်းခံထားရသူဖြစ်သည်။ သို့သော်စကော့တီသည် ထွက်ပြေးတိမ်းရှောင်နေခဲ့သဖြင့် တရားရုံးက ၎င်းအားရာဇဝတ်မှုများကျူးလွန်မှုဖြင့် မျက်ကွယ်တွင်ထောင်ဒဏ် တစ်သက်တစ်ကျွန်း ချမှတ်ခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် အီတလီနိုင်ငံက ၎င်းအား ဖမ်းဝရမ်းထုတ်ပြန်ခဲ့သည်။

စကော့တီထွက်ပြေးလွတ်မြောက်ပြီးမကြာမီ ၎င်းသေဆုံးပြီဆိုသော သတင်းများထွက်ပေါ်လာခဲ့သည်။ အင်တာပိုက စကော့တီသည် ဖရန်စစ်စကိုဒီကက်ခ်ထရိုဗစ်ကွန်တီအမည်ဖြင့် နိုင်ငံသားကတ်ပြားအတုကိုင်ဆောင်ကာ ဘရာဇီးနိုင်ငံတွင် နေထိုင်နေကြောင်း ဖော်ထုတ်ခဲ့သည်ဟု O Globa က ပြောသည်။

အီတလီနိုင်ငံသား အသက် ၅၆ နှစ်ရှိသူ စကော့တီသည် ဘရာဇီးအမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ကျပြီး ကလေးနှစ်ဦးရှိကြောင်း၊ ၎င်း၏ကလေးများကို ကားဖြင့် ကျောင်းသို့လိုက်ပို့စဉ် ၎င်းအား ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ။**



# အာရှပစိဖိတ်ဒေသဆိုင်ရာ ရုပ်သံလွှင့်လုပ်ငန်းများအဖွဲ့အစည်း၏ အာရှရေဒီယိုညီလာခံစတင်

**ရန်ကုန် မေ ၂၈**

အာရှပစိဖိတ်ဒေသဆိုင်ရာ ရုပ်သံလွှင့်လုပ်ငန်းများအဖွဲ့အစည်း (Asia-Pacific Broadcasting Union-ABU) ၏ တတိယအကြိမ်မြောက် အာရှရေဒီယိုညီလာခံ(၂၀၁၅) (Radio Asia-2015 Conference) ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဖွင့်ပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးရဲထွဋ်က မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် မီဒီယာပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ပါဝင်ပြီး ကောင်းမွန်သော မီဒီယာပတ်ဝန်းကျင် ဖြစ်ထွန်းရေးအတွက် ယူနက်စကိုနှင့်ဂျာမနီနိုင်ငံမှ FES စသည့် နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများနှင့် ၂၀၀၈ ခုနှစ်ကတည်းက ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များတွင် ရုပ်မြင်သံကြားနှင့် အသံလွှင့်ခြင်းဆိုင်ရာ ဥပဒေရေးဆွဲပြီး အတည်ပြုပြဋ္ဌာန်းနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ အကျိုးဆက်အနေဖြင့် ရုပ်သံထုတ်လွှင့်မှုကဏ္ဍ ပြုပြင်ပြောင်းလဲမှုများတွင် အများပြည်သူဝန်ဆောင်မှု အသံလွှင့်ဌာနများ၊ ပုဂ္ဂလိကအသံလွှင့်ဌာနများနှင့် လူထုအခြေပြု အသံလွှင့်ဌာနများ တိုးတက်ဖြစ်ပေါ်လာမည်ဟု ယုံကြည်ပါကြောင်း။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သော မြန်မာနိုင်ငံအနေဖြင့် အသံလွှင့်မီဒီယာသည် သတင်းအချက်အလက်များရယူရန် အရေးကြီးသော အစိတ်အပိုင်းတစ်ခုအဖြစ်ရှိနေသေးကြောင်း၊ ၂၀၁၂ ခုနှစ်က ပြည်သူလူထု၏ မီဒီယာများမှ သတင်းအချက်အလက်ရယူမှုသည် တစ်နိုင်ငံလုံး၏ ၁၄ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ပြုပြင်ပြောင်းလဲမှုများ စတင်ပြီး နှစ်နှစ်အကြာ ၂၀၁၄ ခုနှစ်တွင် ၄၄ ဒသမ ၁ ရာခိုင်နှုန်းသို့ တိုးတက်လာခဲ့ကြောင်း။

မိုဘိုင်းလ်ဖုန်းဖြင့်သတင်းအချက်အလက်ရယူမှုတွင် ၂၀၁၀ ခုနှစ်က နိုင်ငံ့လူဦးရေ၏ လေးပုံတစ်ပုံသာရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် လူဦးရေ၏ ၄၄ ရာခိုင်နှုန်းကျော်အထိ တိုးတက်လာကာ လာမည့်နှစ်တွင် မိုဘိုင်းလ်ဖုန်းသုံးစွဲမှုသည် လူဦးရေ၏ ၇၅ ရာခိုင်နှုန်းအထိလွှမ်းခြုံသွားမည်ဟု ယူဆကြောင်း၊ ထို့အတူ ၂၀၁၁ခုနှစ်က အင်တာနက်အသုံးပြုသူ သုံးသိန်းသာရှိခဲ့သော်လည်း ယနေ့အချိန်တွင် ၁၇ သန်းခန့်ရှိနေပြီဖြစ်ကြောင်း၊ သတင်းအချက်အလက်ခေတ်ဖြစ်သည်နှင့်အညီ အသံထုတ်လွှင့်တင်ဆက်ခြင်းကို နည်းပညာအသုံးပြုကာ ရေရှည်ရပ်တည်သွားနိုင်ရေးအတွက် နိုင်ငံတကာ အသံလွှင့်သတင်းဌာနများ၏ ပြုပြင်ပြောင်းလဲမှုအတွေ့အကြုံများကို အာရှရေဒီယိုညီလာခံတွင်မျှဝေသွားနိုင်မည်ဟု မျှော်လင့်ပါကြောင်းပြောကြားသည်။

ထို့နောက် ABU အတွင်းရေးမှူး Dr.Javad Mottaghi က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ညီလာခံတွင် ကဏ္ဍအလိုက် ဆွေးနွေးပွဲများ ပါဝင်ပြီး အသံလွှင့်လုပ်ငန်းများ၏ အနာဂတ်အလားအလာ၊ အသံလွှင့်မီဒီယာ၏ စွမ်းအားဖန်တီးခြင်း၊ ရေဒီယိုအသံလွှင့်ခြင်းကို ဘက်စုံသုံးမီဒီယာအသွင်ပြောင်းလဲခြင်း၊ အာရှပစိဖိတ်ဒေသတွင်း ဒစ်ဂျစ်တယ်ရေဒီယို အကောင်အထည်ဖော်နိုင်မှုများ၊ ပြိုင်ဆိုင်မှုများသော ဈေးကွက်များတွင် လမ်းသစ်ထွင်ခြင်း၊ လူမှုမီဒီယာများနှင့် ရေဒီယိုများ၏ အခန်းကဏ္ဍနှင့် ရေဒီယိုအသံလွှင့်လုပ်ငန်း၏ အနာဂတ်မျိုးဆက် စသည့်ခေါင်းစဉ်များဖြင့် နိုင်ငံတကာနှင့် ပြည်တွင်းမီဒီယာအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြမည်ဖြစ်ပြီး ညီလာခံကို မေ ၃၀ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါညီလာခံကို ၂၀၁၂ ခုနှစ်တွင် ကိုရီးယားနိုင်ငံ၊ ၂၀၁၄ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံတို့၌ ကျင်းပခဲ့ပြီး ယခုနှစ်တွင် တတိယအကြိမ် အာရှရေဒီယိုညီလာခံအဖြစ် အာရှပစိဖိတ်ရုပ်သံလွှင့်လုပ်ငန်းများအဖွဲ့အစည်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့ ပူးပေါင်း၍ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်သည်။

အာရှရေဒီယိုညီလာခံတွင် မလေးရှား၊ ဩစတြေးလျ၊ အမေရိကန်၊ ပါကစ္စတန်၊ အင်ဒိုနီးရှား၊ ဂျာမနီ၊ ဗြိတိန်၊ ထိုင်း၊ ဂျပန်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ တရုတ်၊ အာဖဂန်နစ္စတန်၊ ရိုမေးနီးယား၊ ဟောင်ကောင်၊ စင်ကာပူ စသည့်နိုင်ငံများ ပါဝင်ပြီး နိုင်ငံပေါင်း ၂၆ နိုင်ငံမှ ကိုယ်စားလှယ် ၉၆ ဦးနှင့် ပြည်တွင်းမီဒီယာများမှ ကိုယ်စားလှယ် ၁၂၀ တက်ရောက်ကြကြောင်း သိရသည်။

ညီလာခံ ကျင်းပစဉ်ကာလအတွင်း အာရှပစိဖိတ်ဒေသဆိုင်ရာ ရုပ်သံလွှင့်လုပ်ငန်းများ အဖွဲ့အစည်း၏ ရေဒီယိုသီချင်းပွဲတော်ကို မေ ၂၉ ရက်တွင် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသွားမည်ဖြစ်ကာ ABU အဖွဲ့ဝင်နိုင်ငံများအနက် နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ဂီတအနုပညာရှင်များ ပါဝင်ဖျော်ဖြေကြမည်ဖြစ်သည်။

အဆိုပါပွဲတော်ကို အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံများ၏ မတူကွဲပြားသော ယဉ်ကျေးမှု၊ အမြင်ရှုထောင့်များ၊ အလေးထား တန်ဖိုးထားမှုနှင့် အပြန်အလှန်နားလည်မှုတို့ကို မြှင့်တင်ဖော်ဆောင်နိုင်ရန် ဒေသတွင်း ရေဒီယိုထုတ်လွှင့်မှုနည်းပညာ၊ အသံလွှင့်အစီအစဉ်၊ အကြောင်းအရာပိုင်းဆိုင်ရာ အတွေ့အကြုံ၊ ဗဟုသုတများကို ဖလှယ်မျှဝေနိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

ရေဒီယိုသီချင်းပွဲတော်တွင် နိုင်ငံတကာမှ တက်သစ်စ ဂီတအနုပညာရှင်များနှင့် မြန်မာနိုင်ငံမှ ဇော်ပိုင်၊ နီနီခင်ဇော်၊ အမွန်းစသည့် ဂီတအနုပညာရှင်များလည်း ပါဝင်ဖျော်ဖြေမည်ဖြစ်ပြီး ပြည်တွင်းပြည်ပ ဂီတအနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှုများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Entertainment Channel တွင် တိုက်ရိုက်ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်ကာ MRTV Web Portal မှလည်း ဖမ်းယူနားဆင်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း
### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့်
### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးတင်မျိုးကြည်<br>ညွှန်ကြားရေးမှူးချုပ်<br>အမှတ်(၂)<br>အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဆရာအတတ်ပညာနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ခ) | ဦးကိုကိုတင်<br>ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးစီမံကိန်းနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လူ့စွမ်းအားအရင်းအမြစ်နှင့်<br>ပညာရေးစီမံကိန်းဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာဇော်မြင့်<br>ညွှန်ကြားရေးမှူးချုပ်<br>မြန်မာစာအဖွဲ့ဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာစာနှင့် ဘာသာစကား<br>ပညာရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဃ) | ဒေါက်တာခိုင်မြဲ<br>ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံပညာရေး<br>သုတေသနအဖွဲ့ဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံပညာရေးသုတေသန<br>ဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (င) | ဦးတင့်သွင်<br>ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့်ခရီးသွား<br>လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး<br>ဦးစီးဌာန<br>ဟိုတယ်နှင့် ခရီးသွားလာရေး<br>လုပ်ငန်းဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု<br>ဦးစီးဌာန<br>ဟိုတယ်နှင့် ခရီးသွားလာရေး<br>လုပ်ငန်းဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်မြင့်အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးဝင်းတင့်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အဆောက်အအုံဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (ခ) | ဦးဝင်းဖေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (ဂ) | ဦးဟန်စိုး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တံတားဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>တံတားဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |

**ဥတုရာသီ တောကိုမှီ၏**

# ပဲခူးတိုင်းဒေသကြီး၌ ၂၀၁၅ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

**ပဲခူး မေ ၂၈**

၂၀၁၅ မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေကို မေ ၂၈ ရက်မှ စတင်၍ ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ်ဘဏ်ခွဲများမှ တစ်ပြိုင်တည်း ထုတ်ချေးပေးနေပြီး စပါးတစ်ဧက ကျပ်တစ်သိန်းနှုန်း၊ အခြားသီးနှံတစ်ဧက ကျပ်နှစ်သောင်းနှုန်း အတိုးနှုန်းမှာ တစ်နှစ်လျှင် ငါးရာခိုင်နှုန်း၊ ငွေ ၁၀၀ ကျပ်အပေါ် တစ်လလျှင် ၄၂ ပြား ကျသင့်မည်ဖြစ်သည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ဥပဒေ၊ နည်းဥပဒေတို့အရ ကြွေးဟောင်းပြေကျေပြီးသူများကို ကြွေးသစ်ထုတ်ချေးပေးနေပြီဖြစ်၍ ဘဏ်သို့ ပေးဆပ်ရန် ကျန်ရှိသည့် ကြွေးကျန်တောင်သူလယ်သမားများအနေဖြင့် ကြွေးဟောင်းများကို ဘဏ်သို့ အမြန်ပြန်လည်ပေးဆပ်ပြီး မိုးစပါးစိုက်ပျိုးရန်အတွက် လိုအပ်သော စိုက်ပျိုးစရိတ်အရင်းအနှီးများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ရယူနိုင်ကြောင်း သိရသည်။

**(တိုင်းဒေသကြီးပြန်/ဆက်)**

# &euelrÜwi 10 &ulumusi;yrn trww&Eiiwum½y&itartEpyawm

**အမှတ်တရနိုင်ငံတကာရုပ်ရှင်အမွေအနှစ်ပွဲတော်ကို ရန်ကုန်မြို့တွင် မေ ၂၉ ရက်မှ ဇွန် ၇ ရက်ထိ ၁၀ ရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ကမ္ဘာတစ်ဝန်းမှ ဂန္ထဝင်ရုပ်ရှင်ကားပေါင်း ၅၀ ကျော် ပြသသွားမည်ဖြစ်သည်။ အဆိုပါပွဲတော်ကို ကမ္ဘာတစ်ဝန်းရှိ ရုပ်ရှင်အမွေအနှစ်များကို စုစည်းတင်ဆက်ထားသည့် ရှားပါးပွဲတော်တစ်ခုဖြစ်ပြီး အာရှတွင်ကျင်းပသည့် တစ်ခုတည်းသော ပွဲတော်လည်းဖြစ်သည်။**

**တွေ့ဆုံမေးမြန်း - မိုးသူ၊ ဥမ္မာ**
**ဓာတ်ပုံ - ရဲထွဋ်**

ကမ္ဘာအနှံ့ရှိ ဂန္ထဝင်ရုပ်ရှင်များသည် ဆုံးရှုံးပျောက်ကွယ်နိုင်ချေရှိပြီး ၁၉၅၀ ခုနှစ်မတိုင်မီက ရိုက်ကူးခဲ့သည့် ရုပ်ရှင်အားလုံး၏ ထက်ဝက်ခန့်နှင့် ၁၉၂၉ ခုနှစ်မတိုင်မီက ရိုက်ကူးခဲ့သည့် ရုပ်ရှင်များ၏ ၈၀ ရာခိုင်နှုန်းမှာ ပျက်စီး ပျောက်ကွယ်သွားပြီဖြစ်သည်။ သို့ဖြစ်၍ ရုပ်ရှင်ဇာတ်ကားများကို ထိန်းသိမ်းစောင့်ရှောက်ရင်း ရုပ်ရှင်အမွေအနှစ်များမှ ခေတ်ကို ထင်ဟပ်သည့် ဓလေ့၊ စရိုက်၊ ယဉ်ကျေးမှုနှင့် လူနေမှုစရိုက်မျိုးစုံတို့ကို ကြည့်ရှုခံစားနိုင်ရန် ရုပ်ရှင်အမွေအနှစ် ပွဲတော်များဖြင့် ရှေးရှုဖန်တီးလာခြင်းဖြစ်သည်။

နိုင်ငံတကာ ရုပ်ရှင်အမွေအနှစ်ပွဲတော်ကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အပါအဝင် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံရုံးနှင့် ပြင်သစ်နိုင်ငံမှ Technicolor Foundation For Cinema Heritage တို့ ပူးပေါင်းစီစဉ် တင်ဆက်ခြင်းဖြစ်ကာ ရှားပါးဂန္ထဝင်ရုပ်ရှင်ဇာတ်ကားများမှာ နေရာအနှံ့တွင် ပျံ့နှံ့ရောက်ရှိနေပြီး ယင်းဇာတ်ကားများ ရှာဖွေတွေ့ရှိရန် ခက်ခက်ခဲခဲ ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

"အမှတ်တရ" ရုပ်ရှင်ပွဲတော်ကို "အမျိုးသမီးများ"ဟူသည့် အကြောင်းအရာကို အဓိကထား ကျင်းပခြင်းဖြစ်ပြီး ပွဲတော်တွင် ပါဝင်သည့် ဆွေးနွေးဟောပြောပွဲများ၊ လက်ရွေးစင်အဆင့်မြင့် သင်တန်းများကို ငါးရက်ကြာ ကျင်းပသွားမည်ဖြစ်ကာ ယင်းအစီအစဉ်အားလုံးအတွက် ဝင်ကြေးအခမဲ့ဖြစ်ကြောင်း သိရသည်။

အမျိုးသမီးများ၏ သရုပ်ကိုဖော်ပြသည့် ၁၉၀၆ ခုနှစ်ကတည်းက ရုပ်ရှင်ဇာတ်ကားများကို တင်ဆက်ပြသရာတွင် ချစ်ခင်ခံရသူ၊ မုန်းတီးခံရသူ၊ စက်ဆုပ်ရွံရှာခံရသူ၊ ဝေဖန်ခံရသူ၊ အထင်ကြီး လေးစားခံရသူ၊ သူရဲကောင်း၊ အရှုံးပေးရသူ၊ ကြင်နာမှုကင်းမဲ့သူ၊ သတ္တိရှိသူ စသည်ဖြင့် အမျိုးသမီးများ၏ ဘဝမျိုးစုံကို ထင်ဟပ်စေမည့် ဂန္ထဝင်ရုပ်ရှင်များပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ယနေ့ကမ္ဘာကို ရွေးချယ်ထားသော ရုပ်ရှင်ဇာတ်ကားများမှတစ်ဆင့် ပိုမိုနားလည်စေရန် အတိတ်ကမ္ဘာကို ရှုမြင်နိုင်သည့် ပြတင်းပေါက်တစ်ပေါက်အဖြစ် ဖွင့်လှစ်ပေးရန် ရည်ရွယ်ထားသည့် "အမှတ်တရ" နိုင်ငံတကာရုပ်ရှင်အမွေအနှစ်ပွဲတော်အတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများအား မြန်မာ့သတင်းစဉ်(ပြည်တွင်း)က တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**ရှား(လ်)ဘွန်နော(မ်)**
**ယဉ်ကျေးမှုဆိုင်ရာ သံအရာရှိ**
**မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံရုံး**

ဒီပွဲတော်ကို ရုပ်ရှင်အမွေအနှစ်တွေ ထိန်းသိမ်းဖို့လိုအပ်တယ်လို့ ပြည်သူတွေကိုပိုသိစေချင်တာရယ်၊ ဆန်းသစ်တီထွင်မှုတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ၊ ရုပ်ရှင်ဆိုင်ရာပညာရပ်တွေ ဖလှယ်နိုင်ဖို့ရယ်၊ မြန်မာပရိသတ်နဲ့ လူငယ်တွေကို အနာဂတ်မှာ ပိုမိုကောင်းမွန်တဲ့ တီထွင်ကြံဆမှုတွေ ရရှိစေချင်တာရယ် ဒီလိုရည်ရွယ်ချက်တွေနဲ့ ကျင်းပခဲ့ပါတယ်။ ကမ္ဘာတစ်ဝန်းက အမျိုးသမီးရှေးရှုဂန္ထဝင်ရုပ်ရှင်ကားပေါင်း ၅၄ ကားကို ရန်ကုန်မြို့ရဲ့ နေပြည်တော်ရုပ်ရှင်ရုံမှာ ၁၀ ရက်ကြာ အခမဲ့ ပြသသွားမှာဖြစ်ပါတယ်။ နိုင်ငံတကာဇာတ်ကား ၅၀ နဲ့ မြန်မာဂန္ထဝင်ဇာတ်ကား လေးကား ပါဝင်ပါတယ်။



**မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံရုံး ယဉ်ကျေးမှုဆိုင်ရာ သံအရာရှိ ရှား(လ်)ဘွန်နော(မ်)။**

ဒီပွဲတော်မှာ ရုပ်ရှင်အနုပညာလောကက နာမည်ကျော်တွေ တက်ရောက်ကြမှာ ဖြစ်ပါတယ်။ အထူးဧည့်သည်တွေအနေနဲ့ ပြင်သစ်ရုပ်ရှင်မင်းသမီး ကက်သရင်းဒနစ်၊ မလေးရှားနိုင်ငံက မီရှယ်ယိုးနဲ့ ဟောင်ကောင်မင်းသမီး ချန်ပင်းပင်းတို့အပြင် စင်ကာပူမင်းသမီး မာရီလီးတို့လည်း တက်ရောက်ချီးမြှင့်မှာဖြစ်ပါတယ်။ ပြီးတော့ မြန်မာနိုင်ငံက ဂန္ထဝင်ရုပ်ရှင်မင်းသမီးကြီးတွေဖြစ်တဲ့ သင်းသင်းယု၊ ဆွေဇင်ထိုက်၊ ခင်သီတာထွန်း စတဲ့ နာမည်ကျော်တွေလည်း ပါဝင်ပါတယ်။

ရုပ်ရှင်လောကမှာ ဦးဆောင်နေတဲ့ ပြင်သစ်နိုင်ငံက ရုပ်ရှင်ဇာတ်ကားတွေ စတင် သက်ဝင်တဲ့ နေရာလည်းဖြစ်ပါတယ်။ ရုပ်ရှင်တွေမှာ ဖော်ပြတဲ့ အကြောင်းအရာတွေထဲက အရေးကြီးတဲ့အချက်က မတူကွဲပြားတဲ့ ယဉ်ကျေးမှုတွေကို တွေ့မြင်ရမှာပါ။ ဒီလိုယဉ်ကျေးမှုတွေကို ထိန်းသိမ်းသွားနိုင်ဖို့ ပြင်သစ်အစိုးရက ဦးစားပေးဆောင်ရွက်နေပါတယ်။ ဒီလိုပွဲတော်တွေက အာရှနိုင်ငံများမှာ သီးသန့်ကျင်းပခြင်းဖြစ်ပြီး ပြင်သစ်သံရုံးအနေနဲ့ ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးမှာ အားပေးကူညီသွားဖို့ ဆုံးဖြတ်ချက်ချထားပါတယ်။

ယဉ်ကျေးမှု ဓလေ့စရိုက်တွေ သက်ဝင်နေတဲ့ ရုပ်ရှင်ဇာတ်ကားတွေက အရေးပါပါတယ်။ မြန်မာနိုင်ငံမှာ ဦးအုန်းမောင်က ၁၉၁၀ နှစ်တွေမှာ ပထမဆုံးရုပ်ရှင်ဒါရိုက်တာအဖြစ် စတင်ခဲ့တာကိုကြည့်ရင် မြန်မာပြည်ရဲ့ ရှည်လျားလှတဲ့ ရုပ်ရှင်သမိုင်းကို တွေ့ရမှာပါ။ ဒီကနေ့ဆိုရင် လူထုလိုအပ်ချက်မြင့်မားပြီး အရည်အသွေးပြည့်ဝတဲ့ ရုပ်ရှင်လောကဖြစ်အောင် မြန်မာအစိုးရနဲ့ ရုပ်ရှင်လောကသားတွေ ကြိုးပမ်းအကောင်အထည်ဖော်နေတာကို တွေ့ရပါတယ်။

မြန်မာနိုင်ငံနဲ့ ပြင်သစ်နိုင်ငံ ပူးပေါင်းပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှာ မီဒီယာနဲ့ရုပ်ရှင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူညီမှုတွေ လက်မှတ်ရေးထိုးခဲ့ပါတယ်။ နည်းပညာမြင့် ရုပ်ရှင်ဇာတ်ကားတွေ ဖွံ့ဖြိုးတိုးတက်ဖို့ ထုတ်လုပ်မှုနဲ့ အရည်အသွေးပိုင်းဆိုင်ရာ သင်တန်းနဲ့ ပြင်သစ်-မြန်မာ ပူးပေါင်းပူးတွဲ ထုတ်လုပ်မှုတွေကို အကူအညီပေးဖို့တွေပါ ပါဝင်ပါတယ်။

ရုပ်ရှင်အမွေအနှစ်ပွဲတော်ကို ယဉ်ကျေးမှု အမွေအနှစ်တွေ ထိန်းသိမ်းမြှင့်တင်ဖို့လိုအပ်နေတယ် ဆိုတာကို ဂရုပြုစေချင်တာရယ်၊ ပြင်သစ်က ဦးဆောင်ပြီး ကျင်းပတဲ့ နိုင်ငံတကာရုပ်ရှင်ပွဲတော်ကြီးကို နိုင်ငံပေါင်း ၂၀ ကျော်က ရုပ်ရှင်ဇာတ်ကားတွေနဲ့ မြန်မာပြည်သူလူထုကို ထိတွေ့ခွင့်ပေးနိုင်တာရယ်၊ လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ စီးပွားရေးကဏ္ဍမျိုးစုံမှာ ပါဝင်လှုပ်ရှားနေတဲ့ အမျိုးသမီးတွေကို အလေးထားစေလိုတဲ့ ရည်ရွယ်ချက်တွေနဲ့ကျင်းပခြင်းဖြစ်ပါတယ်။

**ဒေါ်ဆွေဇင်ထိုက်**
**အတွင်းရေးမှူး၊**
**နိုင်ငံတကာဆက်သွယ်ရေးကော်မတီ**
**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

ဒီပွဲတော်က မနှစ်ကလည်း ရန်ကုန်မှာ ကျင်းပပါတယ်။ မနှစ်ကတော့ ရုပ်ရှင်ဇာတ်ကား ၁၀ ကားပါ။ နောက်ပြီး မနှစ်က ဟာသကားဆိုတော့ မြန်မာကားတစ်ကားတည်း ပြနိုင်ခဲ့ပါတယ်။ ဒီနှစ်ကတော့ အားလုံးပေါင်း ဇာတ်ကား ၅၀ ကျော် ပြသတယ်။ အဲဒီထဲမှာ မြန်မာနိုင်ငံကနေ ရုပ်ရှင်ကားလေးကားပြဖို့ စီစဉ်ပါတယ်။

ဒီနှစ်ရဲ့ Theme က Woman ဆိုတော့ အမျိုးသမီးနဲ့ ပတ်သက်တဲ့ ကားတွေ ရွေးရပါတယ်။ ရွေးပြီး ကားထုတ်တော့ တော်တော်များများ မရှိတော့ဘူး။ မော်ကွန်းရုပ်ရှင်မှာလည်း ၁၀ ထုပ်ပဲရှိတယ်ဆိုပြီး စာရင်းပေးပါတယ်။ ဦးကြည်စိုးထွန်းနဲ့ တိုင်ပင်ပြီး အမျိုးသမီးနဲ့နှီးနွှယ်နေတဲ့ ကား (၃)ကားကို မော်ကွန်းရုပ်ရှင်က ရပါတယ်။ မြန်မာပြည်ရဲ့ အမျိုးသမီးဒါရိုက်တာကိုလည်း ပြချင်တယ်။ အဲဒါကြောင့် သင်းသင်းယုကို ပြောပြီးတော့ သူနဲ့ရိုက်ခဲ့တဲ့ နေကျောက်ခဲ ဆိုတဲ့ ရုပ်ရှင်ကားရှိပါတယ်။ အဲဒီကားနဲ့ မြန်မာရုပ်ရှင်ကို စဖွင့်မှာဖြစ်ပါတယ်။

နိုင်ငံတကာရုပ်ရှင်ပွဲတော်မှာ အလုပ်ရုံဆွေးနွေးပွဲတွေ၊ ဖိတ်ကြားတဲ့ အထူးဧည့်သည့်တော်တွေက ရှင်းလင်းပြောကြားမယ့် ကဏ္ဍတွေပါမယ်။ မြန်မာ့ရုပ်ရှင်ဘက်က မြန်မာအမျိုးသမီးဒါရိုက်တာ လေးဦးက နေကျောက်ခဲ ဇာတ်ကားရိုက်ခဲ့တဲ့ အကြောင်းနဲ့ပတ်သက်ပြီး ရှင်းလင်းဖို့ စီစဉ်ထားပါတယ်။

ဒီနှစ်က အမျိုးသမီးလည်း ဖြစ်တဲ့အတွက် ပွဲတော်ဖြစ်မြောက်ရေးကော်မတီကို ရုပ်ရှင်နဲ့ပတ်သက်ပြီး ကျော်ကြားခဲ့တဲ့ အမျိုးသမီးကြီးတွေကို ဖိတ်ဖို့ပြောကြားခဲ့ပါတယ်။ ပြင်သစ်၊ မလေးရှား၊ အိန္ဒိယ အပါအဝင် မင်းသမီးတွေလာကြမယ်။ တချို့လာချင်လို့ ဗီဇာလုပ်ပေးဖို့ ပြောနေတဲ့ လူတွေရှိပါတယ်။ များသောအားဖြင့် ပြင်သစ်ဘက်က ဖြစ်တယ်။

ပထမဦးဆုံး ပြောချင်တာကတော့ မြန်မာပြည်မှာ ရုပ်ရှင်ရှိတယ်ဆိုတာ သိသွားတာပေါ့၊ မြန်မာ့ရုပ်ရှင်က ၂၀၂၀ ကျရင် နှစ် ၁၀၀ ပြည့်လို့ပြောတော့ အံ့သြကြတယ်။ ရုပ်ရှင်ရှိတယ်ဆိုတာ မသိကြဘူး။ မြန်မာပြည် အကြောင်းတွေကို အပြည်ပြည်ဆိုင်ရာ မီဒီယာတွေမှာ မြင်ထားတော့ သူတို့ အမြင်က သိချင်ကြတယ်။ အဲဒါတွေ မြင်တွေ့ချင်ရင် လာကြည့်ကြပါ။ အဆောက်အအုံတွေ မြင်ရမယ်။ ရုပ်ရှင်ချစ်တဲ့ ပရိသတ်ကိုလည်း ရုပ်ရှင်ရုံတွေမှာ မြင်ရမယ်ဆိုပြီး ရည်ရွယ်ပါတယ်။

ကိုယ့်ရုပ်ရှင်ဇာတ်ကားတွေ ပြသခွင့်ရတော့ ကိုယ့်တိုင်းပြည်လူမျိုးတွေ ကြည့်ရတယ်။ ကြည့်ပြီးတော့ ခုခေတ်ကလေးတွေ ရှေးတုန်းက မိဘဘိုးဘွားတွေ ဘယ်လိုမျိုးတီထွင်ဖန်တီးမှုတွေနဲ့ တင်ဆက်ပြသရသလဲဆိုတာ မြင်သွားဖို့အတွက် ရည်ရွယ်ပါတယ်။ ဘယ်လောက် နည်းပညာတိုးတက်သည်ဖြစ်စေ အရိုးပေါ်အရွက်မဖုံးမှ အနုပညာ ကြာရှည်ခိုင်မြဲမှာဖြစ်တယ်။ မြန်မာဘက်က ပြသမယ့်ဇာတ်ကားလေးကားက "တစ်ခါက တစ်ဘဝ၊ ဖိုးပြုံးချို၊ တစ်ကျော့ နှစ်ကျော့တေးကို သီ၊ နေကျောက်ခဲ " တို့ ပြသမှာဖြစ်ပါတယ်။ ။

○ ယူ-၂၀မှ

စတင်ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲကို မေ ၃၀ ရက်မှ ဇွန် ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စုခွဲဝေထားမှုအရ အုပ်စု(က)တွင် အိမ်ရှင်နယူးဇီလန်၊ ယူကရိန်း၊ အမေရိကန်၊ မြန်မာ၊ အုပ်စု(ခ)တွင် အာဂျင်တီးနား၊ ပနားမား၊ ဂါနာ၊ သြစတြီးယား၊ အုပ်စု(ဂ)တွင် ကာတာ၊ ကိုလံဘီယာ၊ ပေါ်တူဂီ၊ ဆီနီဂေါ၊ အုပ်စု(ဃ)တွင် မက္ကဆီကို၊ မာလီ၊ ဥရုဂွေး၊ ဆားဗီးယား၊ အုပ်စု(င)တွင် နိုင်ဂျီးရီးယား၊ ဘရာဇီး၊ မြောက်ကိုရီးယား၊ ဟန်ဂေရီ၊ အုပ်စု(စ)တွင် ဂျာမနီ၊ ဖီဂျီ၊ ဥဇဘက်ကစ္စတန်၊ ဟွန်ဒူးရပ်စ်အသင်းတို့ပါဝင်ကြသည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် မေ ၃၀ ရက် မြန်မာစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် အမေရိကန်အသင်း၊ ဇွန် ၂ ရက် မြန်မာစံတော်ချိန် နံနက် ၇ နာရီခွဲတွင် ယူကရိန်းအသင်း၊ ဇွန် ၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် အိမ်ရှင် နယူးဇီလန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာယူ-၂၀ အသင်း၏ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရရှိမှုမှာ ၂၀၁၄ ခုနှစ်က အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် အာရှယူ-၁၉ ပြိုင်ပွဲအပေါ်တွင် မူတည်ခဲ့သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရရန် ရည်မှန်းကာ ယင်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိရန် ကြိုးပမ်းခဲ့ပြီး ဒုတိယအဆင့်အနေဖြင့် ဆီမီးအဆင့်သို့တက်ရောက်ရန် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စု(က)တွင် ထိုင်းအသင်းနှင့်အတူ ကွာတားအဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီး အာရှနာမည်ကြီး အီရန်နှင့် ယီမင်အသင်းတို့ကို ကျော်ဖြတ်နိုင်ခဲ့သည်။ ကွာတားအဆင့်တွင် အာရှထိပ်သီးယူအေအီးအသင်းနှင့် ရင်ဆိုင်ခဲ့ရပြီး တိုက်စစ်မှူးသန်းပိုင်၏ သမိုင်းဝင်ဂိုးနှင့်အတူ ဆီမီးအဆင့်သို့ ရောက်ရှိပြီး ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ခွင့်ရကာ မြန်မာ့ဘောလုံးသမိုင်းစာမျက်နှာသစ်ကို ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၂၀ အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ခွင့်ရရှိပြီးနောက်ပိုင်းတွင် ခြေစွမ်းအဆင့်မီစွာ ယှဉ်ပြိုင်နိုင်ရန်နှင့် ရလဒ်ကောင်းများရရှိရန် ခြောက်လကျော်ကြာအချိန်ယူပြင်ဆင်ခဲ့သည်။ ဇန်နဝါရီလတွင် တူရကီခြေစမ်းခရီးစဉ်၊ မတ်နှင့် ဧပြီလတွင် ဂျာမနီ၊ ဆားဗီးယား၊ မက်ဆီဒိုးနီးယား၊ ဆလိုဗက်ကီးယားနှင့် ဟန်ဂေရီခရီးစဉ်၊ မေလတွင် သြစတြေးလျ ခရီးစဉ်များသွားရောက်ကာ ပြင်ဆင်ခဲ့သည်။ ယင်းကာလကြားတွင်လည်း မြန်မာနိုင်ငံ၌ ခြေစမ်းပွဲများကစားခဲ့ပြီး ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရရှိထားသည့် ဆားဗီးယား၊ ဟန်ဂေရီ၊ ဖီဂျီ၊ ကာတာအသင်းတို့နှင့် ခြေစမ်းကစားထားသည်။

မြန်မာယူ-၂၀ အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရရန်အတွက် ၂၀၁၂ ခုနှစ်ကတည်းက ဂျာမန်လူမျိုးနည်းပြ ဂတ်ဖရိုင်းဒရစ်နှင့် ကာလရှည်ပြင်ဆင်ထားသည့် အသင်းဖြစ်သည်။ ကမ္ဘာ့ဖလားပြိုင်ပွဲ ဝင်ခွင့်ရမှုနှင့်အတူ မြန်မာကို ကမ္ဘာက သိလာခဲ့ပြီး မြန်မာ့ဘောလုံးအနာဂတ်အတွက် လမ်းပွင့်ခဲ့ပြီဖြစ်သည်။

○

❐ **ချင်းတွင်းမြစ်မှ**

"ချင်းတွင်းမြစ်ရေတက်လာလို့ အမြန်ရေယာဉ်တွေအတွက် ရေလမ်းကြောင်းတွေပွင့်လာပါတယ်။ အရင်တုန်းကလိုမျိုး ခက်ခက်ခဲခဲကြီး မမောင်းရတော့ပါဘူး။ ကုန်တင်အမြန်ရေယာဉ်ကြီးတွေအတွက်တော့ ရေကနှစ်ပေမှ သုံးပေအထိတက်မှ အဆင်ပြေမှာပါ"ဟု ရွှေနဒီဂိတ်မှူး ဦးတင်ထွန်းလွင်ကပြောသည်။

ချင်းတွင်းမြစ်သည် ယခုနှစ်အတွင်း မြစ်ရေသိသိသာသာကျဆင်းခဲ့ပြီး အမြန်ရေယာဉ်စီးသူများအနေဖြင့် ရေတိမ်သည့် နေရာများတွင် ရေယာဉ်သောင်မတင်စေရန် မြစ်အတွင်းခြေကျင်ပင် လျှောက်ခဲ့ရကြောင်း သိရသည်။

**(လင်းလက်ကြယ်စင် )**

# yc;wi;a'oBu;ü 2015-2016 ynmoiEp ausmi;tyEa&; usi;y

**ပဲခူး မေ ၂၈**

ပဲခူးတိုင်းဒေသကြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းအပ်နှံရေး အခမ်းအနားကို မေ ၂၈ ရက် နံနက်က ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသက်ထွန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးငွေဝင်းက ကျောင်းအပ်နှံရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး တရားသူကြီးချုပ် ဦးမောင်မောင်ရွှေနှင့်ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်များက ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများနှင့် အလှူငွေစုစုပေါင်းတန်ဖိုး ကျပ်သန်း ၃၀၇၄ ဒသမ ၁၁ ကိုတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**လှမျိုးအောင်(ပြန်/ဆက်)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# မြန်မာသတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးအတည်ပြု

**နေပြည်တော် မေ ၂၈**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၁) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အစည်းအဝေးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အတွက် ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၁၃၇ ဒသမ ၈၃၃ သန်း ချေးယူခွင့်နှင့်စပ်လျဉ်း၍ ဒလမဲဆန္ဒနယ်မှ ဦးလှထွန်းဦးက ရန်ကုန်-ဒလ မြစ်ကူးတံတား စီမံကိန်းသည် ဒလမြို့နယ် တစ်ခုတည်းသာမက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တွံတေး၊ ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်တို့အတွက် အကျိုးရှိသည့်အပြင် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲ၊ ဖျာပုံနှင့် ဘိုကလေးမြို့နယ်တို့သည်လည်း ဆက်စပ်နေသဖြင့် အကျိုးရှိသည့် စီမံကိန်းတစ်ခုဖြစ်သည့်အတွက် ထောက်ခံပါကြောင်းနှင့် အခြားသော လွှတ်တော်ကိုယ်စားလှယ်များကလည်း အသီးသီးပါဝင်ဆွေးနွေးခဲ့ကြပြီး ချေးငွေနှင့်စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုခဲ့သည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့အတွက် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန်ယန်း ၂၅၈၈၈ သန်း ချေးယူခွင့်နှင့်စပ်လျဉ်း၍ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်းက JICA မှ ရယူမည့်ငွေကို တစ်ဆင့်ပြန်ချေးမည့် ဘဏ်များက ၄ ရာခိုင်နှုန်းဖြင့် ချေးယူရမည်ဖြစ်၍ SME လုပ်ငန်းရှင်များကို တစ်ဆင့်ပြန်ချေးရာတွင် ၈ ဒသမ ၅ ရာခိုင်နှုန်းအောက်ဖြင့်သာ ချေးယူခွင့်ပြုနိုင်ပါရန် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြန်လည်စဉ်းစားညှိနှိုင်းဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါကြောင်းနှင့် အခြားလွှတ်တော်ကိုယ်စားလှယ်များကလည်း အသီးသီးပါဝင်ဆွေးနွေးခဲ့ကြသည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုအပေါ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ရန်ကုန်မြို့တော်သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အကြီးဆုံးစီးပွားရေးမြို့တော်ကြီး ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ယခုအခါ လူဦးရေ (၇ ဒသမ ၃)သန်းခန့် ရှိနေပြီး နေ့စဉ်နှင့်အမျှ လူဦးရေတိုးတက်လာသည်နှင့်အညီ ဓာတ်အားသုံးစွဲမှု တိုးတက်လာနေခြင်းကို အမီလိုက်၍ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် မူလရှိပြီး ၆၆ ကေဗွီ၊ ၃၃ ကေဗွီဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ၁၁/၀၄ ကေဗွီ ထရန်စဖော်မာများ၊ ၄၀၀ ဗို့ဓာတ်အားလိုင်းများကို တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ အစားထိုးလဲလှယ်ခြင်းများ ဆောင်ရွက်ရန် လိုအပ်လာပါကြောင်း၊ အဆိုပါလုပ်ငန်းများအတွက် နှစ်စဉ်နိုင်ငံတော်ရံပုံငွေဖြင့်ဆောင်ရွက်ရန် လျာထားတောင်းခံခဲ့သော်လည်း အပြည့်အဝဖြည့်ဆည်းပေးနိုင်ခဲ့မှုမရှိပါကြောင်း။

လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးတိုးတက်ကောင်းမွန်လာပါက ရန်ကုန်မြို့တော်အတွင်းနေထိုင်သော ပြည်သူများနှင့် အသေးစားစက်မှုလုပ်ငန်းများအပါအဝင် စီးပွားရေးလုပ်ငန်းများအားလုံး ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာမည်ဖြစ်၍ ဓာတ်အားဖြန့်ဖြူးမှုလုပ်ငန်းများစီမံကိန်းကို ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ပြန်လည်ရှင်းလင်းဖြေကြားပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က ဂျပန်ယန်း ၂၅၈၈၈ သန်း ချေးယူခွင့်ကို အတည်ပြုခဲ့သည်။



ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၁)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ထို့နောက် လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့် မြန်မာသတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးအတည်ပြုကြသည်။

**(သတင်းစဉ်)**

❖ **ကျောဖုံးမှ**

၁၅ ဆိုင်းထဲမှ တွဲဆိုင်း ငါးဆိုင်းကို ရွေးချယ်ပြီးအသစ်ရောက်ရှိလာသည့် RBE ရထားတွဲများနှင့် လိုအပ်သလို တစ်ဆင့်ပြီးတစ်ဆင့် အစားထိုးပြေးဆွဲပေးသွားမည်ဖြစ်ကြောင်းနှင့် ရိုးရိုးရထားတွဲဆိုင်း ငါးဆိုင်းကို ပြန်လည်ပြင်ဆင်ပြီး လိုအပ်သည့်နေရာများတွင် ဖြည့်စွက်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

အဆိုပါ RBE ရထားတွဲသစ် ၃၂ တွဲအား ရထားစီးခရီးသွားပြည်သူများအတွက် အကျိုးအရှိဆုံးဖြစ်နိုင်မည့် ရိုးရိုးရထားတွဲဆိုင်းများတွင် အစားထိုးပြေးဆွဲပေးသွားမည်ဖြစ်သည်။

ဇွန်လကုန်ပိုင်းတွင် ရထားတွဲဆိုင်း နှစ်ဆိုင်းကို လည်းကောင်း၊ ဇူလိုင်လကုန်ပိုင်းတွင် ရထားတွဲဆိုင်း နှစ်ဆိုင်းကို လည်းကောင်း၊ ဩဂုတ်လကုန်တွင် ရထားတွဲဆိုင်း တစ်ဆိုင်းကို လည်းကောင်း အစားထိုးပြေးဆွဲသွားရန် မြန်မာ့မီးရထားမှ မျှော်မှန်းထားကြောင်း သိရသည်။ လက်ရှိ RBE ရထားတွဲသစ် ၃၂ တွဲကို မြစ်ငယ်စက်ရုံ၌ KIHA 11 RBE ရထားတွဲ ၁၆ စီးကို လည်းကောင်း၊ RBE စက်ရုံ၌ KIHA 47, 48 RBE ရထားတွဲ ၁၂ စီးကို လည်းကောင်း၊ အင်းစိန်စက်ခေါင်းစက်ရုံ၌ RBE ရထားတွဲ လေးစီးကို လည်းကောင်း ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်လျက်ရှိပြီး ဇွန်လကုန်ပိုင်းတွင် ပြေးဆွဲပေးသွားရန် ဆောင်ရွက်နေခြင်းဖြစ်သည်။

မြန်မာ့မီးရထားခရီးသည်ဌာနမှ ဒုတိယအထွေထွေ မန်နေဂျာ ဦးကျော်ကျော်မျိုးက "ဒီမြို့ပတ်ရထားတွဲများကို ၂၀၁၃ ခုနှစ် ဧပြီ ၁၇ ရက်ကစပြီး တစ်ဆင့်ပြီးတစ်ဆင့် update လုပ်ခဲ့တာပါ။ ရထားစီးပြည်သူတွေ အဆင်ပြေစေဖို့ ရန်ကုန်မြို့ပတ်ရထား လက်မှတ်ခနှုန်းထားမှာလည်း ငွေကျပ် ၅၀ တန်၊ ၁၀၀ ကျပ်တန်ကတော့ ဆက်ပြီးရှိနေဦးမှာပါ။ ဒီအသစ်ချိတ်ဆက်ပြေးဆွဲသွားမယ့် တွဲဆိုင်း ငါးဆိုင်းအတွက် အစားထိုးပြေးဆွဲပေးမယ်ဆိုတာကလည်း ရန်ကုန်မြို့မှာသွားလာနေကြတဲ့ ရထားစီးခရီးသွားပြည်သူ အလွှာပေါင်းစုံအတွက် အဆင်ပြေသင့်တော်နိုင်မယ့်တွဲတွေမှာ အစားထိုးပြေးဆွဲပေးသွားမှာပါ။ ရထားစီး ပြည်သူတစ်ဦးချင်းစီကလည်း စည်းကမ်းရှိစွာနဲ့ မြန်မာ့မီးရထားပေါ် ကူညီစေချင်ပါတယ်။ ရထားပေါ်မှာလည်း ပြည်သူများအတွက် ထိခိုက်စေနိုင်တဲ့အကြောင်းအရာတွေကို အသိပေးကြေညာထားတာလေးတွေရှိပါတယ်။ ဒါကို ခရီးသည်များက စည်းကမ်းလိုက်နာကြစေချင်ပါတယ်"ဟု ပြောကြားသည်။

မြန်မာ့မီးရထားမှ အထွေထွေ မန်နေဂျာ (အောက်မြန်မာပြည်) ဦးထွန်းအောင်သင်းက "အခုအသစ်ရောက်ရှိလာတဲ့ ရထားတွဲတွေအတွက် မီတာကို ပြန်မြှင့်ပေးရပါဦးမယ်၊ လောလောဆယ်ရထားတွဲတွေရဲ့ဘိုဂီတွေကို အင်းစိန်စက်ခေါင်းစက်ရုံမှာ ပြန်ပြောင်းနေပါတယ်။ လက်ရှိရထားလမ်းပေါ်တွေမှာလည်း အချို့ပျံ့ကျဈေးသည်တွေ ဈေးရောင်းနေကြတယ်။ ဈေးရောင်းထားတဲ့ အမှိုက်တွေကိုလည်း ကျွန်တော်တို့မီးရထားက ရှင်းလင်းပေးရပါတယ်။ အကယ်လို့ ရထားပြေးဆွဲမှုကို မြန်နှုန်းသာထပ်မြှင့်ပြီး မောင်းမယ်ဆိုရင် ရောင်းသူ၊ ဝယ်သူအကုန်လုံးကို ရထားတိုက်မိသွားလိမ့်မယ်။ လက်ရှိရထားပြေးဆွဲမှု နှေးနေတာတောင် တိုက်မိမှုတွေ ဖြစ်နေပါသေးတယ်။ လွန်ခဲ့တဲ့ နှစ်ရက်ကဆို အမျိုးသားတစ်ယောက်က ဖုန်းနားကြပ်ထိုးပြီး သွားနေတယ်။ နောက်က ရထားဥသြဆွဲသံကို သူမကြားဘူး။ တိုက်မိသွားတယ်။ ဦးခေါင်းလေးချက်ချုပ်လိုက်ရတယ်။ လေးလက်မကွဲသွားတာပေါ့။ အဲဒီတော့ ပြန်သုံးသပ်ရင် ဒီလိုစည်းကမ်းမဲ့တာကို ဘယ်လိုလုပ်ကြမလဲ။ ခုတိုက်ခံထိတဲ့သူကို ပညာမပေးဘူးလားဆို ကျွန်တော်တို့ အသိပညာပေးပွဲတွေ လုပ်ရင် သူတို့မတက်နိုင်ခဲ့ကြလို့ပါဘဲ။ ဒါတွေက အားလုံးမှာ ကိုယ်စီကိုယ်ငှ တာဝန်ရှိပါတယ်။ ကိုယ်ကိုယ်တိုင်က ဂရုတစိုက်နေမယ်ဆိုရင် ဒီလိုမတော်တဆဖြစ်စဉ် မဖြစ်ပါဘူး"ဟု ဖြည့်စွက်ပြောကြားသည်။

လက်ရှိ ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းရှိ ခရီးမိုင်မှာ စုစုပေါင်း ၇၁ ဒသမ ၁၄ မိုင်ရှိပြီး မြို့ပတ်လမ်းပိုင်း၌ ဘလောက်ဘူတာ ခြောက်ဘူတာနှင့် ဘူတာစာရေးဘူတာ ၃၂ ဘူတာတို့ဖြင့် စုစုပေါင်း ၃၈ ဘူတာရှိကာ ဆင်ခြေဖုံးလမ်းပိုင်း၌ ဘလောက်ဘူတာ ၁၀ ဘူတာနှင့် ဘူတာစာရေးဘူတာ ခုနစ်ဘူတာရှိပြီး ဘူတာစုစုပေါင်း ၅၅ ဘူတာရှိနေကြောင်း၊ လက်ရှိအနေအထားအရ တစ်ရက်လျှင် ရထားစီးခရီးသည် ၈၅၀၀၀ ခန့်အထိရှိလာသော မြန်မာ့မီးရထား လုပ်ငန်းမှာ အဆင့်မြင့်တွဲဆိုင်းရထား စတင်ပြေးဆွဲခြင်းကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁ ရက်က ရန်ကုန်မြို့ပတ်လမ်းပိုင်း၌ စတင်ပြေးဆွဲပေးခဲ့ကြောင်းနှင့် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းကို ၁၉၅၉ ခုနှစ် မေ ၁ ရက်က စတင်ဖွင့်လှစ်ပြေးဆွဲခဲ့ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

# ဒေသတွင်းရေလုပ်ငန်းကဏ္ဍတွင်လုပ်ကိုင်နေသည့် အန္တရာယ်ကျရောက်လွယ်သော ရွှေ့ပြောင်းလုပ်သားများနှင့် လူကုန်ကူးခံရသူများအား ပံ့ပိုးကူညီရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၂၈**

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM)တို့ပူးပေါင်း၍ ဒေသတွင်းရေလုပ်ငန်းကဏ္ဍတွင် လုပ်ကိုင်နေသည့် အန္တရာယ်ကျရောက် လွယ်သော ရွှေ့ပြောင်းလုပ်သားများနှင့် လူကုန်ကူးခံရသူများအား ပံ့ပိုးကူညီရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မေ ၂၆ - ၂၇ ရက်တို့တွင် နေပြည်တော်မင်္ဂလာသီရိဟိုတယ်၌ ကျင်းပခဲ့သည်။

ရွှေ့ပြောင်းလုပ်သားများနှင့် လူကုန်ကူးခံရသူများအား လူကုန်ကူးခံရသူ ဟုတ်၊ မဟုတ် စိစစ်ခြင်း၊ ဆုံးဖြတ်ခြင်း၊ ပြန်လည်ခေါ်ယူခြင်း၊ ပြန်လည်လက်ခံခြင်း၊ နေရပ်ပြန်လည်ပို့ဆောင်ခြင်းနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုကောင်းမွန်သော စံလုပ်ငန်းစဉ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်သည်။

ဆွေးနွေးပွဲ ပထမနေ့တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲမှူးချုပ်ဝင်းနိုင်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး IOM မြန်မာက အလုပ်ရုံဆွေးနွေးပွဲ၏မျှော်မှန်းရလဒ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရွှေ့ပြောင်းလုပ်သားများနှင့် လူကုန်ကူးခံရသူများအား လူကုန်ကူးခံရသူ ဟုတ်၊ မဟုတ် စိစစ်ခြင်း၊ ဆုံးဖြတ်ခြင်းနှင့် ပြန်လည်ခေါ်ယူခြင်းနှင့်ပတ်သက်၍ IOM ကမ္ဘောဒီးယား၊ IOM အင်ဒိုနီးရှားနှင့် မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့မှ သက်ဆိုင်ရာကဏ္ဍအလိုက် လက်တွေ့ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး IOM မြန်မာမှ ၎င်း၏အတွေ့အကြုံများကို ဖြည့်စွက်ဆွေးနွေးသည်။

ဒုတိယနေ့တွင် IOM ကမ္ဘောဒီးယား၊ IOM အင်ဒိုနီးရှား၊ မြန်မာနိုင်ငံ လူမှုဝန်ထမ်းဦးစီးဌာနတို့မှ သက်ဆိုင်ရာကဏ္ဍအလိုက် လက်တွေ့ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး IOM မြန်မာမှ ၎င်း၏အတွေ့အကြုံများကို ဖြည့်စွက်ဆွေးနွေးသည်။ (၁) လူကုန်ကူးခံရသူ ဟုတ်၊ မဟုတ် စိစစ်ခြင်းနှင့် ဆုံးဖြတ်ခြင်း၊ (၂) ပြန်လည်ခေါ်ယူခြင်း၊ (၃) ပြန်လည်လက်ခံခြင်း၊ နေရပ်ပြန်လည်ပို့ဆောင်ခြင်းနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းခြင်းစသည့် ခေါင်းစဉ် ၃ ခုအား တက်ရောက်လာသူများမှ အုပ်စု သုံးဖွဲ့ခွဲ၍ ဆွေးနွေးကြသည်။ ထို့နောက် IOM မြန်မာမှ ရှေ့လုပ်ငန်းစဉ်များနှင့် ထောက်ခံတင်ပြချက်များ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအခမ်းအနား ကျင်းပ

**ညောင်တုန်း မေ ၂၈**

၂၀၁၅-၂၀၁၆ ပညာသင်နှစ် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအခမ်းအနားနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို မေ ၂၇ ရက် နံနက် ၉ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးတို့က ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက်မြို့နယ်ပညာရေးမှူး ဒေါ်ချိုချိုက ကျောင်းအပ်နှံရေးနေ့ကျင်းပရခြင်းနှင့် အခမဲ့ပညာသင်ရေး နိုင်ငံတော်မှ ပံ့ပိုးပေးနေမှုအခြေအနေများကို ပြောကြားသည်။ ဆက်လက်၍ ဌာနဆိုင်ရာများမှ လှူဒါန်းငွေကျပ် ၃၃၀၀၀၀၊ မြို့နယ်ဖွံ့ဖြိုးမှုအထောက်အကူပြုအဖွဲ့မှ အလှူငွေကျပ် ၁၁၀၀၀၀၊ မြို့နယ်စည်ပင်ကော်မတီမှ အလှူငွေကျပ် ၁၁၀၀၀၀ နှင့် Harmonious Unit မှ ကျပ်သိန်း ၂၉၀၀၀၀၀ တန်ဖိုးရှိ ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများ၊ ဗလာစာအုပ်များ စုစုပေါင်းငွေကျပ် ၃၅၆၀၀၀၀ အား ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဒေသစရိတ် ခံစားခွင့်ရှိသော မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများအားလုံး ဒေသစရိတ် ခံစားခွင့်ရှိ

**နေပြည်တော် မေ ၂၈**

ပထမအကြိမ်ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၄) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန်၏ **မာန်အောင်မြို့တွင် ဝေးလံခေါင်သီဒေသမှ ဝန်ထမ်းများ လစာ(၂)ဆရရှိသဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများကိုလည်း လစာ(၂)ဆ ရရှိစေရန် နှစ်စဉ်ရရှိသော မြို့နယ်အခွန်ရငွေမှ ခွဲဝေပေးနေသဖြင့် မြို့နယ်တစ်ခုလုံး စည်ပင်သာယာရေးလုပ်ငန်းအတွက် လက်ကျန်ငွေနည်းပါးနေသောကြောင့် မြို့နယ် ရရှိအခွန်ငွေမှ နုတ်ယူခြင်းမပြုဘဲ သက်ဆိုင်ရာအစိုးရအဖွဲ့၊ ဝန်ကြီး ဌာနများမှ မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းလစာ (တစ်)ဆကိုတိုးပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ဝန်ထမ်းအဖွဲ့အစည်း တစ်ရပ်ရပ်၏ ဖွဲ့စည်းပုံပါ ရာထူးတစ်ခုခုတွင် ခန့်အပ်ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းများသည် တူညီသောအလုပ်အတွက် တူညီသောလစာ၊ ထောက်ပံ့ကြေး၊ စရိတ်နှင့် အခြားစရိတ်များကို သက်ဆိုင်ရာနည်းဥပဒေ၊ စည်းမျဉ်းများနှင့် အညီ ခံစားခွင့်ရှိပါကြောင်း၊ ထို့ပြင် ဒေသစရိတ် ခံစားခွင့်ရှိသော မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများ အားလုံးသည် ဒေသစရိတ်ကို ခံစားခွင့်ရှိပါကြောင်း၊ မာန်အောင်မြို့နယ်သည် ဒေသစရိတ် ခံစားခွင့်ရှိသော မြို့နယ်တွင် ပါဝင်သဖြင့် မာန်အောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများသည်လည်း အခြားဝန်ထမ်းများနည်းတူ လစာ ၂ ဆ ခံစားခွင့်ရှိမည် ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မာန်အောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်ခြင်း၊ စည်ပင်သာယာရေးအဖွဲ့၏အရအသုံးသည် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်တွင် ပါဝင်ခြင်းတို့ကြောင့် အဆိုပါဝန်ထမ်းများ၏ လစာများ၊ (ဒေသစရိတ်အပါအဝင်) မြို့နယ်အတွင်း လိုအပ်သော စည်ပင်သာယာရေးလုပ်ငန်းများအတွက် အသုံးစရိတ်များကို မာန်အောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ရသုံးမှန်းခြေငွေစာရင်း ရေးဆွဲရာတွင် ထည့်သွင်းရေးဆွဲ လျာထားရမည် ဖြစ်ပါကြောင်း၊ ၎င်းတို့၏ ရငွေထက်ပိုသော အသုံးစရိတ်အတွက် လိုငွေကို ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့သည့် ထောက်ပံ့ငွေတွင် ထည့်သွင်းရေးဆွဲနိုင်ပါကြောင်း၊ လိုအပ်သည်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့သို့ တင်ပြညှိနှိုင်းဆောင်ရွက်သင့်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ **သဘာဝဘေးဒဏ်ကြောင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးသီးနှံများပျက်စီးဆုံးရှုံးမှုအတွက် စိုက်ပျိုးရေးစရိတ်**



မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန်။



ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်။

**ချေးငွေ အကြွေးများအားဆိုင်းငံ့ ထားပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးအုန်းသန်းက သဘာဝဘေးအန္တရာယ် ကျရောက်မှုကြောင့် စိုက်ပျိုးသီးနှံများ ထိခိုက်မှုဖြစ်ပေါ်ပါက တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအတွင်းရှိ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ အဆင့်ဆင့်၏ ကွင်းဆင်းစိစစ်တင်ပြချက်အပေါ် စိစစ်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် နည်းဥပဒေအခန်း(၆) အပိုဒ်(၃၀) အရ "သဘာဝ ဘေးဒဏ်ကြောင့် သီးနှံပျက်စီးမှုဖြစ်ပြီး ပျက်စီးချိန်တွင် အချိန်နှင့် တစ်ပြေးညီ တင်ပြပါက ဒေသအာဏာပိုင်များ၏ အဆင့်ဆင့်သော ထောက်ခံချက်ဖြင့် ချေးငွေပေးဆပ်ကာလကို ဘဏ်က ရွှေ့ဆိုင်းပေးနိုင်ပါသည်" ဟု ပြဋ္ဌာန်းထားပါကြောင်း။

ဖော်ပြပါ နည်းဥပဒေအခန်း (၆) အပိုဒ်(၃၀) အရ ချေးငွေပေးဆပ်ကာလကို မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်က တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ရွှေ့ဆိုင်းပေးနိုင်သော်လည်း ထုတ်ချေးငွေများသည် ထောက်ပံ့ငွေမဟုတ်ဘဲ ချေးငွေအမျိုးအစား ဖြစ်ပါ၍ သတ်မှတ်ကာလအတွင်း အတိုးနှင့်တကွ ချေးငွေအပြည့်အဝ ပြန်လည်ပေးဆပ်ရမည်ဖြစ်ပြီး ချေးငွေဖြစ်သဖြင့် လျှော်၍မရနိုင်ပါကြောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေများသည် မြန်မာ့စီးပွားရေးဘဏ်မှ တစ်ဆင့်အတိုးဖြင့် ရယူရသော ချေးငွေဖြစ်ပါကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်မှလည်း အများပြည်သူများ စုဆောင်းအပ်နှံထားသည့်ငွေများမှ ထုတ်ချေးခြင်းဖြစ်ပါ၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေများကို လျှော်ပေးရန် မဖြစ်နိုင်ပါကြောင်း ပြောကြားသည်။

ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း၏ **ခန္တီးမြို့နယ် ပေါင်ဆိုင်ကျေးရွာ၌ တရားမဝင် ရွှေလုပ်ကွက်လုပ်ကိုင်နေသော ကုမ္ပဏီများ၊ ရေအားလျှပ်စစ်တည်တံ့မှုကြောင့် ပြန်လည်ပြုပြင်ခြင်း မရှိသော တရားဝင်၊ တရားမဝင် ရွှေတူးဖော်ခွင့်ရရှိသော ကုမ္ပဏီများကို အရေးယူခြင်း ရှိ၊ မရှိနှင့် ချင်းတွင်းမြစ်တစ်လျှောက် တရားမဝင် ရွှေတူးဖော်ခြင်းလုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအနေဖြင့် သိရှိပါသလား** မေးခွန်းနှင့် စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ခန္တီးမြို့နယ် ပေါင်ဆိုင်ကျေးရွာ ဧရိယာမှာ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ သတ်မှတ်ထားသော ခန္တီးကျောက်မျက်ရတနာနယ်မြေ ဧရိယာအတွင်းရှိပါကြောင်း၊ အဆိုပါဧရိယာအတွင်း၌ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းမှ အသေးစား/အကြီးစား ရွှေတူးဖော်မှုလုပ်ကွက်များ တရားဝင်ခွင့်ပြုချထားပေးခဲ့ခြင်း မရှိပါကြောင်း။

ထို့ပြင် တရားမဝင်ရွှေတူးဖော်မှုနှင့်ပတ်သက်၍ တင်ပြတိုင်ကြားလာမှုများ မရှိခြင်းနှင့် ခန္တီး ကျောက်မျက်ရတနာနယ်မြေအဖြစ် သတ်မှတ်ထားသော ဧရိယာဖြစ်နေခြင်းတို့ကြောင့် ဝင်ရောက်စစ်ဆေးနိုင်ခြင်း မရှိသော်လည်း တင်ပြတိုင်ကြားမှုများရှိလာပါက သတ္တုတွင်းဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်စီမံမှုဖြင့် ကွင်းဆင်းစစ်ဆေး ဖမ်းဆီးမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရေအားလျှပ်စစ်တည်တံ့မှုကြောင့် ပြန်လည်ပြုပြင်ခြင်းမရှိသော တရားဝင်ရွှေတူးဖော်ခွင့် ရရှိသောကုမ္ပဏီများအား အရေးယူခြင်း ရှိ၊ မရှိကိစ္စနှင့် ပတ်သက်၍ ထမံသီရေအားလျှပ်စစ်စီမံကိန်း သတ်မှတ်ဧရိယာအတွင်း တရားဝင်ရွှေလုပ်ကွက်များ ချထားပေးမှုမရှိပါကြောင်း၊ ၎င်းဧရိယာအတွင်း တရားမဝင် ရွှေသတ္တုတူးဖော်ခြင်းများ ဆောင်ရွက်နေကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းများ ပြုလုပ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ကို ပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိဘဲ အတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအနေဖြင့် အရည်အချင်းရှိမှု၊ လိုအပ်ချက်ရှိမှုတို့ကိုစိစစ်၍ ရာထူးတိုးမြှင့်ပေးခြင်းများ တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၈**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၄) ရက်မြောက် နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်ငြိမ်း၏ **ချောက်မြို့နယ် ကျောက်ရဲကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်း အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသန့်ရှင်းက လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးစသည့် လိုအပ်ချက်များ အပေါ်မူတည်၍ ကျောင်းသားဦးရေသတ်မှတ်ချက်အဆင့် မူဝါဒကိုဖြေလျှော့ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့က ဒေသအခြေအနေအရ ကျောက်ရဲအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးသင့်ကြောင်း သဘောထားမှတ်ချက်ပြုလာပါက ကျောင်းအဆင့်တိုးတန်းစီဇယားတွင် ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားခဲ့သည်။



မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်ငြိမ်း။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးလှဆွေ၏ **သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ သရုပ်ပြ၊ လက်ထောက်ကထိက၊ ဒုတိယပါမောက္ခ၊ ပါမောက္ခစသည့် ရာထူးများ ခန့်ထားခြင်းနှင့် နိုင်ငံခြားလေ့လာရေးခရီးစဉ် စေလွှတ်ခြင်း၊ ပညာတော်သင်စေလွှတ်ခြင်းစသည့် ကိစ္စရပ်များတွင် Ph.D ဘွဲ့ရခြင်းတူသော်လည်း အင်ဂျင်နီယာဘွဲ့ရများကိုသာ ဦးစားပေးပြီး သင်္ချာဘွဲ့၊ ရူပဗေဒဘွဲ့စသည့် ဘာသာရပ်များမှ Ph.D ဘွဲ့ရများအား လုပ်သက်၊ ရာထူးခြင်း တူသော်လည်း တန်းတူအခွင့်အရေး မရရှိခြင်း**နှင့်စပ်လျဉ်း၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရွှေက ဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများ၏ ရာထူးတိုးကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ရာထူးတိုးတင်ပြနိုင်သည့် အနည်းဆုံးလုပ်သက် သတ်မှတ်ချက်ကိုက်ညီမှု၊ အရည်အချင်းရှိမှု၊ လိုအပ်ချက်ရှိမှုတို့ကိုစိစစ်၍ ရာထူးတိုးမြှင့်ပေးခြင်းများ တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အလားတူ ဆရာ ဆရာမများအား ပညာအရည်အချင်းအလိုက်၊ သက်ဆိုင်ရာဘာသာရပ်အလိုက် နိုင်ငံခြားပညာတော်သင် စေလွှတ်ရာတွင်လည်း ပညာသင်စိစစ်ရွေးချယ်ရေးကော်မတီမှ ဝန်ကြီးဌာနသို့ ခွဲဝေပေးသည့် ဘာသာရပ်၊ သက်ဆိုင်ရာနိုင်ငံ အဖွဲ့အစည်းမှ ကမ်းလှမ်းလာသည့် ဘာသာရပ်အလိုက် ရွေးချယ်စေလွှတ်လျက်ရှိပါကြောင်း ဖြေကြားခဲ့သည်။



ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် တိုင်းဒေသကြီး လွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း အသိပေးကြေညာခဲ့သည်။

**(သတင်းစဉ်)**

## ပညာသင်ထောက်ပံ့ကြေးနှင့်သင်ထောက်ကူပစ္စည်းများ ပေးအပ်

**ပဲခူး မေ ၂၈**

ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးနှင့်သင်ထောက်ကူပစ္စည်းများပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သန်းက ပညာသင်ထောက်ပံ့ကြေးနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်ရသည့်အကြောင်း ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပညာသင်ထောက်ပံ့ကြေးနှင့် သင်ထောက်ကူ ပစ္စည်းများကို ကျောင်းသား ကျောင်းသူ ၂၆၇ ဦးအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**(၀၇၅)**

## ပြင်ဆင်ဖတ်ရှုပါရန်

မေ ၂၈ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၅ ပါ **အောင်မြင်သော နေ့စဉ်ဘဝ နေထိုင်မှုပုံစံ တည်ဆောက်ကြရန်** ဆောင်းပါးကော်လံ ၄ စာပိုဒ် ၃နှင့်၄ ပါ မစ္စရိယအား မစ္ဆရိယဟုလည်းကောင်း၊ ဤသာနှင့် မစ္စရိယအား ဣဿာနှင့် မစ္ဆရိယဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

**(စာတည်းအဖွဲ့)**

# အိုင်စီအက်စ်၊ ဘီစီအက်စ် အိပ်မက်ပုံရိပ်

ဦးဟန်ညွန့်(ဥပဒေ)

**အိပ်ပျော်သွား**

မနေ့ညက ည ၁၁ နာရီကျော်သည်အထိ အိမ်စာကြည့်ခန်းမှာ စာဖတ်ခဲ့သည်။ ဘယ်အချိန် စာကြည့်စားပွဲပေါ်မှာ မှောက်လျက်အိပ်ပျော်သွားသည် မသိ။ မနက်မိုးလင်းမှ စာအုပ်ပုံတွေကြားမှာ၊ ဟိုတစ်အုပ်၊ သည်တစ်အုပ်၊ အုပ်ချုပ်ရေးအကြောင်း သောင်းပြောင်းထွေလာ။ ဖတ်မှတ်သမျှ စာအုပ်တွေအကြောင်း အိပ်မက်ပုံရိပ်ပမာ။ ပြန်ချရေးတော့ ဤသို့ပါ. . .။

**ဦးချမ်းသာ(ရေး) ကျွန်တော်အိုင်စီအက်စ်**

အုပ်ချုပ်ရေးနှင့်စပ်လျဉ်း၍ နာမည်ကြီးသော စာအုပ်တစ်အုပ်ဖြစ်သည်။ စာရေးဆရာ ဦးချမ်းသာဆိုသူမှာလည်း ကိုလိုနီခေတ် အိန္ဒိယပဋိညာဉ်ခံ အုပ်ချုပ်ရေးဝန်ထမ်း၊ ရန်ကုန်တက္ကသိုလ်မှ ဥပဒေဘွဲ့ယူပြီး ဝတ်လုံဘဝဖြင့် ရပ်ရေးရွာရေး၊ တိုင်းရေးပြည်ရေး ဆောင်ရွက်ဖို့ ရည်မှန်းရာမှ အိုင်စီအက်စ်စာမေးပွဲဝင်ဖြေပြီး အုပ်ချုပ်ရေးဝန်ထမ်းဖြစ်လာသူ။ အုပ်ချုပ်ရေးဝန်ထမ်းဘဝတွင် တောင်သူလယ်သမား ဆင်းရဲသားများကို ညှာတာ၍ ခေနရှင် လူချမ်းသာများကို မှန်မှန်တင်းတင်း ဆက်ဆံခဲ့သည်။ အရေးပိုင်၊ အိုင်စီအက်စ်အလုပ်သင်ဘဝ အင်္ဂလန်မှ ပြန်ရောက်လျှင်ရောက်ချင်း ဘုရင်ခံ၏ နေ့လယ်စာစားပွဲကို မြန်မာဝတ်စုံပင်နီရင်ဖုံး၊ ပုဆိုးတောင်ရှည်၊ ခေါင်းပေါင်းနှင့် တက်ရောက်ခဲ့၍ ဘုရင်ခံ၏ အပြုံအငြင်ခံရသူ။ တာဝန်ထမ်းဆောင်နေစဉ် တောတက်သည့် အချိန်မှလွဲ၍ ရုံးခန်းနှင့်တရားခွင်တွင် မြန်မာဝတ်စုံကို အပြည့်ဝတ်ဆင်လေ့ရှိသူ။ မြန်မာစာပေယဉ်ကျေးမှုကို လေ့လာလိုက်စား၍ လက်ဝဲမင်းညို ကလောင်အမည်ဖြင့် ရတုကဗျာများရေးခဲ့သူ။ ထိုထိုသော အရည်အချင်းများနှင့် ပြည့်ဝသော စာရေးဆရာကြီး ဦးချမ်းသာက "ကျွန်တော် အိုင်စီအက်စ်" အမည်ဖြင့် စာအုပ်ရေးသားပြုစုခဲ့သည်။ ဤစာအုပ်ကို ကျွန်တော်စွဲလမ်း၍ အိမ်စာကြည့်ခန်းမှာ တင်ထားသည်။

**အိုင်စီအက်စ်ဆိုတာ ဘာလဲ**

ဦးချမ်းသာ(ရေး)ကျွန်တော် အိုင်စီအက်စ်စာအုပ်၊ စာမျက်နှာ ၄၁၆ တွင် "အိုင်စီအက်စ်ဆိုတာ ဘာလဲ" ခေါင်းစဉ်ဖြင့် အောက်ပါအတိုင်းရေးသည်-

"ကျွန်တော်၏ အိန္ဒိယပဋိညာဉ်ခံ ဝန်ထမ်းအဖွဲ့ ခန့်စာ (အိုင်စီအက်စ်)ခေါ် စာချုပ်ကို သေတ္တာတစ်ခုမှ ရှာဖွေပြီးပြသည်။ စာချုပ်မျက်နှာဖုံးတွင် COVENANT OF MAUNG CHAN THA ဟု ဖော်ပြသည်။ အိန္ဒိယပဋိညာဉ်ခံဝန်ထမ်း၏ ပဋိညာဉ်စာချုပ် [I.C.S Covenant (9-10-34)] ဖြစ်သည်။ Covenant ဆိုတာ Contract နှင့်အတူတူပင်ဖြစ်သည်။ နှစ်ဦးသဘောတူချုပ်ဆိုသော ပဋိညာဉ်စာချုပ်ဖြစ်သည်။ အလုပ်ရှင်ဖြစ်သော အင်္ဂလိပ်အစိုးရ၏ အိန္ဒိယဘက်ဆိုင်ရာဝန်ကြီး (Secretary of State For India)နှင့် အလုပ်လုပ်မည့် အလုပ်သမားဖြစ်သည့် ကျွန်တော်တို့နှစ်ဦးနှစ်ဖက် အလုပ်၏ စည်းကမ်းများ၊ အခွင့်အရေးများ (Condition of Service) စသည်တို့ကို သဘောတူပဋိညာဉ်လက်မှတ်ရေးထိုးထားသည့် စာချုပ်ဖြစ်သည်။ ၎င်းကို I.C.S ခန့်စာဟု အလွယ်ခေါ်ကြသည်။ အမှန်မှာတော့ စာချုပ်ဖြစ်သည်။"

**(စာမျက်နှာ ၄၁၉)**

**ဆယ်ပါးသီလ**

စာချုပ်ပါ ကတိပြုရမည့်အချက် ၁၀ ချက်ရှိသည်။ တစ်နည်းအားဖြင့် အိုင်စီအက်စ်၏ ဆယ်ပါးသီလမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) သစ္စာရှိစွာ အလုပ်တာဝန်ကို ကျေပွန်စွာလုပ်ပါမည်။
(၂) လာဘ်မစားပါ။
(၃) ကူးသန်းရောင်းဝယ်ရေးနှင့် အခြားအပြင်အပ အလုပ်မလုပ်ပါ။
(၄) အစိုးရကလွှဲအပ်ထားသော ပစ္စည်းများကို အလွဲသုံးစားလုပ်ခြင်း၊ ကိုယ်ကျိုးအတွက်သုံးခြင်းမှ ရှောင်ကြဉ်ပါမည်။
(၅) အစိုးရငွေစာရင်းကို တိကျမှန်ကန်စွာထား၍ လိမ်လည်ခြင်းမလုပ်ပါ။
(၆) အစိုးရ၏ လျှို့ဝှက်သောကိစ္စကို အခွင့်မပြုဘဲ အခြားသူကို မပြောပါ။
(၇) အိုနာစာရန်ပုံငွေကို သတ်မှတ်သည့်အတိုင်း လစာမှထည့်သွင်းပါမည်။
(၈) ဘယ်နေ့ အလုပ်စဝင်ပါမည်။
(၉) ပို့သည့်နေရာ သွားရောက်အမှုထမ်းပါမည်။
(၁၀) အလုပ်ကို အမြန်ဆုံး ဝင်ရောက်လုပ်ကိုင်ပါမည်။

**(စာမျက်နှာ-၄၂၀)**

**အခန်း (၁၅) ခန်း**

အထက်ပါ စာအုပ်တွင် အခန်း (၁၅) ခန်းပါဝင်သည်။ မင်းဘူးအမည်ရှိ ရပ်သီရိ(အခန်း၁)မှစ၍ လွတ်လပ်ပြီ၊ လွတ်လပ်ပြီ၊ တို့ပြည်လွတ်လပ်ပြီ (အခန်း ၁၅) ထိဖြစ်သည်။ မဟာသရေစည်သူ ဦးချမ်းသာ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းနှင့် ဓာတ်ပုံ ၃၂ ပုံဖော်ပြထားသည်။ မြဝတီစာစဉ်က ၁၉၈၈ မေလတွင် ပထမအကြိမ်။ စာအုပ်ဈေး စာအုပ်တိုက်က ၂၀၁၁ တွင် ဒုတိယအကြိမ်ပုံနှိပ်သည်။ ရတုကဗျာရေးသူဖြစ်၍ မြန်မာစာ အရေးအသား ညက်ညောလှသည်။ အတွေ့အကြုံစုံသူလည်းဖြစ်၍ အုပ်ချုပ်ရေးစနစ် သုံးသပ်ချက်အမြင်များ စူးရှသည်။ ဆရာကြီးဦးချမ်းသာရေးသည့် စာအုပ်ကို ဖတ်ရှုပြီးသင်ခန်းစာများ၊ အုပ်ချုပ်ရေးတွေးခေါ်ပုံများ အမွေရသည်ဟု ကျွန်တော်ယုံသည်။ အကောင်း၊ အဆိုးရောပြွမ်းနေသည်။ ရွေးချယ်တတ်ဖို့ပဲ အဓိကမဟုတ်လား။

**မောင်မြင့်ကြွယ်(ရေး)ကျွန်တော် ဘီစီအက်စ်**

မောင်မြင့်ကြွယ် ကလောင်အမည်ဖြင့် စာရေးဆရာတစ်ဦးဖြစ်သော မြန်မာနိုင်ငံဝန်ထမ်း(အကြီးတန်း)အဖြစ် လက်ထောက်မြို့ပိုင်၊ မြို့ပိုင်နှင့် နယ်ပိုင်ဝန်ထောက်စသည့် တာဝန်များ ထမ်းဆောင်ခဲ့ဖူးသော ဆရာက အုပ်ချုပ်ရေးအတွေ့အကြုံများကို "ကျွန်တော် ဘီစီအက်စ်" အမည်ဖြင့် စာတစ်အုပ်ပြုစုရေးသားခဲ့သည်။ အုပ်ချုပ်ရေးရာ စာအုပ်ဖြစ်၍ ကောက်နုတ်ဖတ်ရှုမိသည်။ ဦးချမ်းသာ(ရေး)ကျွန်တော်အိုင်စီအက်စ်စာအုပ်၏ အဆက်ဟုပင် ကျွန်တော်ခံယူသည်။ တွဲလျက်ဖတ်သင့်သော စာနှစ်အုပ်ပါ။

**အိုင်စီအက်စ် ဒုတိယမျိုးဆက် ဘီစီအက်စ်**

မောင်မြင့်ကြွယ်(ရေး)ကျွန်တော် ဘီစီအက်စ်စာအုပ်တွင်-

"ဘီစီအက်စ်သည် အိုင်စီအက်စ်၏ ဒုတိယမျိုးဆက်ဖြစ်သည်ဟု ဆိုခဲ့ပါသည်။ အိုင်စီအက်စ်များသည် ၁၉၃၇ ခုနှစ် မတိုင်မီက ခန့်ထားခဲ့သူများကိုသာ ခေါ်ဝေါ်ခြင်းဖြစ်ပါသည်။ ၁၉၃၇ ခုနှစ်နောက်ပိုင်းတွင် ခန့်ထားသော မြန်မာတိုင်းရင်းသားများအား Burma Civil Service Class I (BCS I) ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည်။မြန်မာနိုင်ငံလွတ်လပ်ရေးရသောအခါတွင်မူ BCS Class I ကို ဖျက်သိမ်းလိုက်ပြီး BCS II များနှင့် ပေါင်း၍ BCS ဟူ၍သာ ခေါ်ဝေါ်ခဲ့ပါသည်။ ထိုစဉ်က BCS များကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ကပင် ရွေးချယ်ပေးခဲ့ပါသည်။ ခန့်ထားခံရသော BCS များသည် ယခင်အိုင်စီအက်စ်များကဲ့သို့ စာတွေ့သင်တန်းတက်ခွင့်မရကြဘဲ ပထမဦးစွာ ခရိုင်ဝန်ရုံးများ၌ တွဲဖက်ခြင်းခံကြရပါသည်။ အလုပ်သင်အဖြစ် ဆောင်ရွက်ရပါမည်" **ဟု ဖော်ပြထားပါသည်။**

**(စာမျက်နှာ-၁၉ )**

**သင်ယူခြင်း**

အလုပ်သင်ဘဝတွင်ထွေထွေဌာန၊ အခွန်တော်ဌာန၊ အမှုတွဲခန်း၊ တရားရေးဌာန၊ ခရိုင်ရဲဝန်ရုံး၊ ယစ်မျိုးရုံး၊ မှတ်ပုံတင်ရုံး၊ ခရိုင်ငွေတိုက်၊ လက်ထောက်ငွေတိုက်၊ မြေစာရင်းဌာန၊ နယ်ပိုင်ရုံး၊ လက်တွေ့လေ့လာ၊ စာမေးပွဲများဖြေ။ အလုပ်ခွင်ထဲရောက်ပြန်တော့ ရာဇဝတ်ဥပဒေ၊ တရားမဥပဒေ၊ အခွန်တော်ဥပဒေ၊ ငွေတိုက်လုပ်ငန်း စာမေးပွဲများ ထပ်ဖြေ။ စာမေးပွဲများ အောင်မြင်မှ နှစ်တိုးလစာများရကြကြောင်း မောင်မြင့်ကြွယ်က ရေးသားထားပါသည်။ သူတို့ မည်မျှကြိုးစားရပုံ ပေါ်လွင်ပါသည်။

**(စာမျက်နှာ -၂၀)**

**စာတွေ့လက်တွေ့**

စာတွေ့အနေဖြင့် ပြည်သူ့အုပ်ချုပ်ရေးဘာသာရပ်၊ ဖွဲ့စည်းပုံ၊ နည်းနိဿယပညာ၊ အခြေခံသဘောတရား၊ အရာထမ်း အမှုထမ်းအုပ်ချုပ်ခြင်း၊ ခေါင်းဆောင်မှုပေးခြင်း၊ အစိုးရယန္တရားစီမံမှု၊ သဘောတရား၊ တွေ့ဆုံမေးမြန်းနည်း၊ အလုပ်လွှယ်ကူစေနည်း၊ အစည်းအဝေးလုပ်ငန်း၊ နှုတ်မှုပညာ စသည်များ သင်ယူရပါသည်။ လက်တွေ့ပိုင်းအနေဖြင့် အခြေခံစစ်ပညာ၊ မော်တော်ယာဉ်မောင်းနည်းသင်တန်း၊ ငွေစာရင်းလက်တွေ့၊ ရုံးတွင်းလုပ်ငန်းလက်တွေ့များဖြစ်ကြပါသည်။

**(စာမျက်နှာ-၂၂၊၂၃)**

**လူထုဦးလှ(ရေး)ကျွန်တော်ဗျူရိုကရက်**

အငြိမ်းစားခရိုင်ဝန်ဦးစံတင် ကိုယ်တိုင်ရေးပေးသော အတွေ့အကြုံများကို စာရေးဆရာ၊ သတင်းစာဆရာကြီး လူထုဦးလှက "ကျွန်တော်ဗျူရိုကရက်" အမည်ဖြင့် စာတစ်အုပ် ထုတ်ဝေခဲ့သည်။ အကြိမ်ကြိမ် ပြန်ရိုက်ရသည့် စာအုပ်ပါ။ ပဲခူးအရေးပိုင်၊ ဗျူရိုကရက်နဲ့ အထက်အောက် စသော ဆောင်းပါးများ စုစုပေါင်း ၂၆ ပုဒ် ပါဝင်သည်။ ၁၉၂၂ ခုနှစ်မှ ၁၉၅၂ ခုနှစ် တစ်ဝိုက်အထိ တိုင်းပြည်တွင် ကြုံတွေ့ရသောနိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးပြဿနာမျိုးစုံကို ဖော်ပြထားခြင်းဖြစ်ပါသည်။ ဌာနအတွင်း ရုံးကိစ္စများ နှောင့်နှေးခြင်း၊ ကြန့်ကြာခြင်းများ၊ ရုံးလုပ်ကွက်လုပ်ဆင့် ဝက်ပါများကို ဗျူရိုကရေစီဟုခေါ်ပြီး လူထုဒုက္ခရောက်အောင် ကြိုးနီစနစ်ဖြင့် အုပ်ချုပ်သူများကို ဗျူရိုကရက်ဟု အမည်တွင်ပုံများ ဖတ်ရပါသည်။ အကောင်းအဆိုးဆင်ခြင်သုံးသပ်နိုင်ပါမည်။ အပြစ်မြင်သူ၊ ချစ်ခင်သူ ရှိပေလိမ့်မည်။

**အုပ်ချုပ်ရေးယန္တရားစာအုပ်များ**

အုပ်ချုပ်ရေးနှင့်စပ်လျှင်း၍ ရေးသားသောစာအုပ်အများအပြား ရှိသည်။ အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာ အစုံ ဖြစ်သည်။ သုတေသနကျမ်းများလည်း မရှား၊ ဝတ္ထုဆောင်းပါး ရသစာပေများလည်း ဖတ်နိုင်သည်။ လက်လှမ်းမီသမျှ တင်ပြပါရစေ။ လိုတိုရှင်းပါပဲ။

(၁) စာရေးဆရာ သိပ္ပံမောင်ဝ (နယ်ပိုင်ဝန်ထောက် ဦးစိန်တင်) ရေးသားသော ဝတ္ထုဆောင်းပါးများမှာ ရသဆန်သည်။ ဝတ္ထုဆန်သည်။ ဆောင်းပါးဆိုလျှင်လည်း လိုတိုရှင်းရေးသည်။ မြို့ပိုင်၊ နယ်ပိုင်အတွေ့အကြုံများ၊ လူထုနှင့်နီးနီးကပ်ကပ်အုပ်ချုပ်ပုံများ၊ စိတ်ကောင်း စေတနာကောင်းများ ပေါ်လွင်သည်။ လက်တွေ့ဆန်သည်။ ကျွန်တော်အကြိုက်ဆုံး ခေတ်စမ်းစာပေပညာရှင်ကြီးပါ။
(၂) မန်းတင်၏ မြို့ပိုင်မောင်ပြုံးချို့နှင့် နယ်ပိုင်မောင်ပြုံးချို စာအုပ်များမှာလည်း သိပ္ပံမောင်ဝကဲ့သို့ပင်။ ရွှင်သည်။ မြူးသည်။ ပြုံးရသည်။ ငိုရသည်။ ဒေါသဖြစ်ရမည်။ တိုင်းမင်းကြီး ဦးထွန်းတင်အဖြစ် ကိုယ်တိုင်ဆုံရ ကြုံရ ပညာယူခဲ့ရသည်။ စာရေးဆရာမ မစန္ဒာ၏ ဖခင်ကြီးပါ။
(၃) တရားသူကြီးချုပ်(ငြိမ်း) ဦးအောင်တိုးရေးသားခဲ့သော နိုင်ငံ့ဝန်ထမ်းဂျာနယ်ပါ အမှတ်တရပုံရိပ်များ ဆောင်းပါးပါ အချက်အလက်များ၊ အုပ်ချုပ်ရေးနှင့် တရားရေးအတွေ့အကြုံမှတ်တမ်းများ ကိုယ်တိုင်နာယူမှတ်သားခဲ့ရသော တရားရေးသင်ခန်းစာများ များပြားလှပါသည်။ ဥပဒေအရာရှိဘဝ၏ ငယ်ဆရာပါ။
(၄) ရှေ့နေချုပ်(ငြိမ်း) ဦးအေးမောင် ရေးသားခဲ့သော နိုင်ငံ့ဝန်ထမ်းဂျာနယ်ပါ အမှတ်တရ ပုံရိပ်များ ဆောင်းပါးနှင့် လက်တွေ့ဥပဒေရေးရာ သွန်သင်မှုများ မမေ့ပါ။ အထူးသဖြင့် ရှေ့နေချုပ်တာဝန်ထမ်းဆောင်စဉ်က (အဘ) ဦးအေးမောင် ဝေငှခဲ့သော အဖိုးတန်စာတစ်အုပ်ရှိပါသည်။ ထိုစာအုပ်မှာ ၁၉၃၇ ခုနှစ်တွင် ဖျာပုံခရိုင်ဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော အရေးပိုင် W.L. BURNES ပြုစုခဲ့သည့် "THE ADMINISTRATIVE MAXIMS" (အုပ်ချုပ်ရေးဆိုင်ရာ ကျင့်ဝတ်နီတိများ) စာတမ်းစာအုပ်ဖြစ်ပါသည်။ ယင်းစာတမ်းပါ အုပ်ချုပ်ရေးဆိုင်ရာ ကျင့်ဝတ်နီတိများတွင် အချို့သည် ယနေ့တိုင် လိုက်နာကျင့်သုံးနိုင်ပါသည်။ အိမ်စာကြည့်ခန်း၏ ကျက်သရေဟု ပြောနိုင်ပါသည်။
(၅) မြင်းခြံခရိုင်ဝန် ဦးဆယ်မောင် ရေးသားသော ကျွန်တော်၏ ပြည်သူ့ဝန်ထမ်းဘဝ (တရားရေးနှင့်အုပ်ချုပ်ရေးကဏ္ဍ) စာအုပ်မှာလည်း ကျွန်တော်၏ စာအုပ်စင်တွင် အမြဲရှိနေသဖြင့် အမြဲဖတ်ဖြစ်ပါသည်။ ဆရာသည် ရန်ကုန်တိုင်းတရားရေးဦးစီးဌာန၊ တိုင်းဦးစီးမှူးအဖြစ် ထမ်းဆောင်ခဲ့ပြီး မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်တစ်ဦးဖြစ်ပါသည်။ ဆရာ၏ အတွေ့အကြုံများမှာ အုပ်ချုပ်ရေးရော တရားရေးအတွက်ပါ နမူနာယူစရာ၊ မှတ်သားစရာများ များလှပေသည်။
(၆) ဦးကျော်(အောင်မြတ်ကျော်) ရေးသားသော အုပ်ချုပ်ရေးဆိုင်ရာ အတွေ့အကြုံစာအုပ်များကိုလည်း ကျွန်တော်၏ စာအုပ်စင်မှာ နေရာပေးထားပါသည်။ မြန်မာနိုင်ငံဝန်ထမ်း၊ ညွှန်ကြားရေးမှူး(ငြိမ်း) တစ်ဦးဖြစ်၍ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲမှုများအကြောင်း စာရေးဆရာအဖြစ် သမိုင်းအမွေပေးနေသူအား ဂုဏ်ပြုကြိုဆိုအပ်ပါသည်။

**အုပ်ချုပ်ရေးဆရာများ**

နှစ်ပေါင်းလေးဆယ်နီးပါး ဥပဒေအရာရှိအဖြစ် ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဥပဒေပညာသာမက စီမံခန့်ခွဲမှုပညာ၊ အုပ်ချုပ်ရေးပညာများကို ကျွန်တော့်ဆရာသမားများ၏ ဂုဏ်ကျေးဇူးကြောင့် တတ်သိလေ့လာခွင့်၊ ဆည်းပူးခွင့်ရခဲ့ပါသည်။ ဥပဒေဝန်ထမ်းဖြစ်ခါစတွင် (ထိုစဉ်က) ဝန်ကြီးအဖွဲ့အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးချုပ် ဦးလှတင့် (ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဝင်)သည် ကျွန်တော်တို့ငယ်ဆရာ ဖြစ်ပါသည်။ များလှစွာသော အုပ်ချုပ်ရေးအတတ်ပညာများ သင်ကြားပေးခဲ့ပါသည်။ ထင်ရှားသော အုပ်ချုပ်ရေးပညာရှင်ပါ။

**ရှေ့နေချုပ်ဦးသာထွန်း(၁၉၂၅၊ ၂၀၀၃)**

မြို့ပိုင်၊ နယ်ပိုင်၊ အတွင်းဝန်ကလေး၊ ခရိုင်ဝန်၊ ပြည်ထဲရေးအတွင်းဝန်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာသံအမတ်ကြီး စသည့် အဆင့်ဆင့်တာဝန်များမှ နိုင်ငံတော်ရှေ့နေချုပ်တာဝန်ထမ်းဆောင်ခဲ့သော (အဘ) ဦးသာထွန်းသည် သမိုင်းမှတ်တမ်းမော်ကွန်းတင်အပ်သော၊ နိုင်ငံ့အတွက် ဂုဏ်ဆောင်သော အုပ်ချုပ်ရေးပညာရှင်ကြီး ဖြစ်ပါပေသည်။ ရှေ့နေချုပ်တာဝန်ထမ်းဆောင်စဉ် ဥပဒေအရာရှိအပေါင်းအား ဥပဒေပညာ၊ အုပ်ချုပ်ရေးပညာများကို အပြည့်အဝဝေငှခဲ့သော ဆရာကြီးလည်း ဖြစ်ပါသည်။ ထို့အတူ အုပ်ချုပ်ရေးနယ်ပယ်မှ အတွေ့အကြုံများစွာ လေ့လာသိရှိပြီး ဗဟိုဥပဒေရုံး၊ ရှေ့နေချုပ်ရုံးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သော ဆရာသမားအပေါင်းအား ထာဝရ ဂါရဝပြုအပ်ပါသည်။ ဆရာဦးဘမော်(တိုင်းမင်းကြီး)၊ ဆရာဦးခင်မောင်အေး (ဒုတိယရှေ့နေချုပ်)၊ ဆရာဦးကျော်အေး(ညွှန်ကြားရေးမှူးချုပ်)၊ ညွှန်ကြားရေးမှူး ဆရာဦးမြသိမ်း (အကောက်ခွန်)၊ ဆရာဦးဘရွှေ(ညွှန်မှူး၊ စီမံ)အစရှိသော ပုဂ္ဂိုလ်ကြီးများသည် အုပ်ချုပ်ရေးနယ်ပယ်မှ ထင်ရှားသော၊ အတွေ့အကြုံကြွယ်ဝသော၊ ဌာနအတွက် အားကိုးအားထားပြုရသော နိုင်ငံ့ဝန်ထမ်းကြီးများဖြစ်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။ ပြည့်စုံစွာ အမည်စာရင်းပြုစု၍ အုပ်ချုပ်ရေးသမိုင်းစဉ်ဆက်ဆက်လက်ရေးသားတင်ဆက်ပါမည်။ ရှေ့မီနောက်မီ ပုဂ္ဂိုလ်ကြီးများ၊ အုပ်ချုပ်ရေးသုတေသီများ၊ ပညာရှင်များအပေါင်း စုဆောင်းဖြန့်ဝေပေးပါရန်လည်း မေတ္တာရှေ့ထားပန်ကြားပါသည်။ နိုင်ငံတော်၏ ရှေ့ခရီးအတွက် အုပ်ချုပ်ရေးယန္တရားစွမ်းအားမြင့်စေလိုပါသည်။ သမိုင်းသင်ခန်းစာ ရယူနိုင်ပါမည်။

**တင်ပြချက်**

(၁) ယနေ့အချိန်ခါတွင် အမြဲတမ်းအတွင်းဝန်များ ခန့်ထားဆောင်ရွက်နေချိန်ဖြစ်ပါသည်။
(၂) အိုင်စီအက်စ်၊ ဘီစီအက်စ်ခေတ်များမှာ အိပ်မက်ပုံရိပ်ပမာ ချန်ထားခဲ့ပြီဟု ဆိုနိုင်ပါ၏။
(၃) သို့သော်ငြား ရယူသင့်သော ကောက်နုတ်ချက်များ၊ သင်ခန်းစာများဖြင့် အုပ်ချုပ်ရေးယန္တရားစွမ်းအားမြှင့်သင့်ပါကြောင်း . . . . . .။

# မြစ်ကြီးနားပြည်သူ့ဆေးရုံကြီး၌ ICRC မှ လှူဒါန်းမည့် ခြေတုလက်တုစက်ရုံနှင့် ကိုယ်ကာယပြန်လည်သန်စွမ်းရေးကုသဆောင် အုတ်မြစ်ချမင်္ဂလာအခမ်းအနားကျင်းပ

**မြစ်ကြီးနား မေ ၂၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီး၌ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)မှ ကုန်ကျငွေ ၁ ဒသမ ၉ ဘီလီယံဖြင့် ဆောက်လုပ်လှူဒါန်းမည့် ခြေတုလက်တုစက်ရုံနှင့် (၅၇)ခုတင်ဆံ့ ကိုယ်ကာယပြန်လည်သန်စွမ်းရေး ကုသဆောင်တို့အတွက် အုတ်မြစ်ချမင်္ဂလာအခမ်းအနားကို မေ ၂၆ ရက် နံနက်ပိုင်းတွင် ဆေးရုံဝင်းအတွင်းရှိ အဆိုပါအဆောက်အအုံဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်း၊ လူမှုရေး ဝန်ကြီး ဒေါ်ဘောက်ဂျာ၊ ICRC မှ Mr. Didier Reck နှင့် Mrs.Claudia Matter တို့က သတ်မှတ်နေရာတွင် အုတ်မြစ်ချပေးကြပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)မှ Mr. Didier Reck က ဆေးရုံဆောက်လုပ်ရသည့် ရည်ရွယ်ချက်နှင့် စပ်လျဉ်း၍ ကိုယ်ကာယပြန်လည်သန်စွမ်းရေး အကူအညီများကို လိုအပ်သူတိုင်းရရှိနိုင်ပြီး လုပ်ငန်းအရည်အသွေးမြင့်မားလာစေရန်နှင့် အကူအညီပေးမှုအစီအစဉ်များ ရေရှည်တည်တံ့ခိုင်မြဲစေကာ ကချင်ပြည်နယ်အတွင်း ကိုယ်ကာယပြန်လည်သန်စွမ်းရေး၊ ခြေတုလက်တုလုပ်ငန်း ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး ပထမဆုံးအကြိမ်ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်းနှင့် အဆောက်အအုံများ ဆောင်ရွက်ပြီးစီးသည့်အခါတွင်လည်း ကျွမ်းကျင်ဝန်ထမ်းများကို တာဝန်ပေးအပ်ပြီး နိုင်ငံသားဝန်ထမ်းများနှင့်အတူ လက်တွဲ၍ လုပ်ငန်းများ လွှဲပြောင်းတာဝန်ယူနိုင်သည်အထိ မိမိတို့ဌာနမှ နည်းပညာရှင်များအား ခန့်အပ်တာဝန်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါအဆောက်အအုံကို ICRC မှ ဗိသုကာပညာရှင်က ဒီဇိုင်းရေးဆွဲပေးကာ ပရောဂျက်မန်နေဂျာအဖြစ် ICRC မှတာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံသားကုမ္ပဏီတစ်ခုဖြစ်သည့် မနောဧရာဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်ပြန်/ဆက်**

# မြိတ်မြို့တွင် နှစ်နိုင်ငံချစ်ကြည်ရေး OPOT ကုန်စည်ပြပွဲ ကျင်းပ

**မြိတ် မေ ၂၈**



ထိုင်း-မြန်မာနယ်စပ် မြိတ်ခရိုင်နှင့် ပရာကျွတ်ခရီခန်ခရိုင်တို့ ထိစပ်လျက်ရှိသော မောတောင်-စင်ခွန်း နယ်စပ်ဝင်၊ ထွက်ယာယီစင်ခွန်းဂိတ်ကို အထူးယာယီစင်ခွန်းဂိတ်အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အနေဖြင့်လည်းကောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးအထိမ်းအမှတ်အနေဖြင့်လည်းကောင်း၊ နယ်စပ်ကုန်သွယ်ရေးအတွေ့အကြုံများ၊ ရိုးရာအစဉ်အလာယဉ်ကျေးမှုများ၊ ကုန်သွယ်မှုစွမ်းဆောင်ရည်မြှင့်တင်ရေး၊ ဒေသခံပြည်သူများ၏ ထုတ်ကုန်ပစ္စည်းများဖလှယ်ရေးတို့အတွက်လည်းကောင်း နှစ်နိုင်ငံချစ်ကြည်ရေး OPOT ကုန်စည်ပြပွဲကို မေ ၂၆ ရက် နံနက် ၁၀ နာရီက မြိတ်မြို့ ကမ်းနားလမ်းရှိ Myeik Shopping Center ၌ ကျင်းပခဲ့သည်။

အဆိုပါကုန်စည်ပြပွဲတွင် မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ရာ့ချဘူရီခရိုင် Community Development မှ ညွှန်ကြားရေးမှူး ဒေါက်တာ ဆူထီလဟုန်စမတ်က နှစ်နိုင်ငံချစ်ကြည်ရေးကုန်စည်ပြပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။ ထို့နောက် မြိတ်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ရာ့ချဘူရီခရိုင် Community Development မှ ညွှန်ကြားရေးမှူးတို့က ကုန်စည်ပြပွဲအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နှစ်နိုင်ငံချစ်ကြည်ရေး OPOT ကုန်စည်ပြပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြပြီး မြန်မာ့ရိုးရာအကအလှများ၊ ထိုင်းရိုးရာ အကအလှများဖြင့် ဖျော်ဖြေကြကာ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ရာ့ချဘူရီခရိုင် Community Development မှ ညွှန်ကြားရေးမှူးတို့က ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသူများနှင့် ဒေသခံပြည်သူများက ကုန်စည်ပြပွဲအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါကုန်စည်ပြပွဲတွင် ရာ့ချဘူရီခရိုင် OPOT လုပ်ငန်းရှင်များမှ မောတောင်-စင်ခွန်း နယ်စပ်ဝင်/ထွက် ယာယီစင်ခွန်းဂိတ်ကို အထူးယာယီစင်ခွန်းဂိတ်အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခြင်းအထိမ်းအမှတ် အထူးပရိုမိုးရှင်းများဖြင့် ရာ့ချဘူရီခရိုင်အတွင်း ထုတ်လုပ်သော လူသုံးကုန်၊ အိမ်သုံးကုန်၊ စားသောက်ကုန်ပစ္စည်းများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများအား ဆိုင်ခန်း ၃၀ ဖြင့် ပြသရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ခိုင်ထူး (ခရိုင်ပြန်/ဆက်)**

■

# မိုးရာသီတွင် ငါးမျိုးစိုက်ထည့်နိုင်ရန်နှင့်ရောင်းချရန် တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှ ငါးသားပေါက်ကောင်ရေ သိန်း ၂၀၀ ဖြန့်ချိမည်

**မုံရွာ မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြစ်ချောင်းများ၊ ဆည်များနှင့် လယ်များအတွင်းသို့ ငါးမျိုးများ စိုက်ထည့်ရန်နှင့် ကိုယ်တိုင်မွေးလိုသူ ပုဂ္ဂလိက မွေးမြူရေးလုပ်ငန်းရှင်များအတွက် ငါးလုပ်ငန်းဦးစီးဌာနမှ တိုင်းဒေသကြီးအတွင်းရှိ ရေဦး၊ ရွှေဘိုနှင့်ထီးချိုင့်မြို့နယ် အင်းကြင်းကုန်း ငါးသားဖောက်စခန်းများမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငါးသားပေါက်ကောင်ရေ သိန်း ၂၀၀ ထုတ်လုပ် ဖြန့်ချိပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

"တိုင်းဒေသကြီးအတွင်းမှာ ပုဂ္ဂလိကငါးသားဖောက်စခန်းတွေလည်းရှိတယ်။ အများအားဖြင့် ရွှေဘိုခရိုင်အတွင်းမှာပိုပြီးများတယ်။ ငါးလုပ်ငန်းဦးစီးဌာနလက်အောက်ခံ ရေဦး၊ ရွှေဘိုမြို့တွေနဲ့ ထီးချိုင့်မြို့နယ် အင်ကြင်းကုန်းကျေးရွာမှာရှိတဲ့ ငါးသားဖောက်စခန်းတွေကနေထုတ်မှာပါ။ အဓိက ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးဟင်းငံခေါင်းပွ၊ မြက်စားငါးကြင်း၊ ငွေရောင်ငါးကြင်း၊ တီလားပီးယား၊ ထိုင်းငါးခုံးမတွေကို အဓိကထားပြီး သားဖောက်ထုတ်လုပ်မှာပါ" ဟု တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အဆိုပါ ငါးသားပေါက်များကို ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် မူးမြစ်အတွင်းသို့လည်းကောင်း၊ ဆည်များ၊ ချောင်းပိတ်၊ မြောင်းပိတ်စနစ်များအတွင်းသို့လည်းကောင်း၊ စပါးခင်းများအတွင်းသို့ လည်းကောင်း ငါးမျိုးစိုက်ထည့်သွားမည်ဖြစ်သည်။ လာမည့် မိုးရာသီများတွင် ငါးမျိုးစိုက်ထည့်နိုင်ရန်အတွက် ယခုကဲ့သို့ ငါးသားဖောက်ခြင်းကို အချိန်မီဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

"ငါးသားဖောက်ခြင်းလုပ်ငန်းကို အများအားဖြင့် သဘာဝငါးဥချတဲ့အချိန်ကို မီပြီးလုပ်ကြတယ်။ ငါးသားဖောက်တဲ့အခါမှာ ရွှေဝါငါးကြင်းမျိုးကိုတော့ ဇန်နဝါရီ၊ ဖေဖော်ဝါရီနဲ့ မတ်လမှာ သားဖောက်လုပ်ငန်းကို လုပ်ကြတယ်။ ကျန်တဲ့ငါးမျိုးတွေကိုတော့ ငါးဥချတဲ့ ဇွန်၊ ဇူလိုင်၊ ဩဂုတ်နဲ့ စက်တင်ဘာလတွေမှာ လုပ်ကြတယ်။ အဲဒီအချိန်တွေမှာ ငါးသားဖောက်ရတာက ဟော်မုန်းဆေးထိုးစရာမလိုဘဲ သဘာဝအတိုင်းဥချကြတယ်။ ငွေကြေးအကုန်အကျလည်း နည်းတယ်။ အောင်မြင်မှုနှုန်းလည်းများတယ်" ဟု အင်ကြင်းကုန်း ငါးသားဖောက်စခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုနှစ်မိုးရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသားပေါက်ကောင်ရေ သိန်း ၂၀၀ ထုတ်လုပ်ရန် လျာထားလျက်ရှိရာ ကောင်ရေ ၁၃၄ သိန်းကို ရောင်းချမည်ဖြစ်ပြီး ကောင်ရေ ၆၆ သိန်းကို ချင်းတွင်းမြစ်၊ ဧရာဝတီမြစ်၊ မူးမြစ်နှင့် ဆည်များအတွင်းသို့ ငါးမျိုးစိုက်ထည့်သွားမည်ဖြစ်သည့်အပြင် တိုင်းဒေသကြီးအတွင်းရှိ လယ်များအတွင်းသို့ စိုက်ထည့်မွေးမြူသွားရန် လျာထားကြောင်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငါးသားပေါက်ကောင်ရေ သိန်း ၁၉၀ ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတို့ ပူးပေါင်း၍ တီဘီရောဂါဝေဒနာရှင်များ ဆေးကုသမှုခံယူနိုင်စေရေး အကြိုညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် မေ ၂၈**

မြန်မာနိုင်ငံဆရာဝန်အသင်းမှ တီဘီရောဂါတိုက်ဖျက်ရေးစီမံချက်တစ်ခုအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးနှင့် ပူးပေါင်း၍ တီဘီရောဂါဝေဒနာရှင်များ ဆေးကုသမှုခံယူနိုင်စေရန်အတွက်ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အကြိုအသိပေးညှိနှိုင်းဆွေးနွေးဟောပြောပွဲကို မေ ၂၅ ရက်က ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၌ ကျင်းပခဲ့သည်။

"ဇီဝိတဒါနသံဃာ့ဆေးရုံမှာ ကူးစက်တတ်တဲ့ရောဂါတွေဆို လက်မခံဘူး။ တီဘီလည်း ကူးစက်တတ်တဲ့ရောဂါထဲမှာပါတယ်လေ။ ဒါပေမယ့် ၂၀၀၆ ခုနှစ်ကစပြီး တီဘီရောဂါနဲ့ပတ်သက်လို့ နိုင်ငံတကာအဖွဲ့အစည်း PSI က ဘုန်းကြီးနဲ့သီလရှင်တွေကို လာရောက်ကုသပေးတယ်။ လူတွေကိုတော့ ကုသမပေးနိုင်သေးပေမယ့် တီဘီရောဂါဝေဒနာရှင်တွေရောက်လာရင် သက်ဆိုင်ရာဆေးရုံဆေးခန်းတွေကိုလွှဲပြောင်းဖို့ မြန်မာနိုင်ငံဆရာဝန်အသင်းက စီစဉ်ပေးတယ်။ အခုကျတော့ မြန်မာနိုင်ငံဆရာဝန်အသင်းက တီဘီရောဂါတိုက်ဖျက်ရေးစီမံချက်အနေနဲ့ လာရောက်ကုသမယ်လို့ဆိုတော့ ကျွန်တော်တို့က ကြိုဆိုပါတယ်။ ဝမ်းလည်းဝမ်းသာပါတယ်။ သူတို့ဘက်က သလိပ်စစ်တာတို့၊ သွေးစစ်တာတို့၊ ဓာတ်မှန်ရိုက်တာတို့တွေအတွက် စရိတ်ငြိမ်းစီစဉ်ပေးမယ်။ တစ်ပတ်နှစ်ရက် လာရောက်ကုသပေးမယ်ပေါ့။ ကျွန်တော်တို့ဘက်က ဝေဒနာရှင်တွေအတွက် ဆေးကုသနိုင်ဖို့နေရာစီစဉ်ပေးမယ်။ ဘယ်နေ့ဖွင့်ဖြစ်မလဲဆိုတဲ့ အသေးစိတ်ကိုတော့ ဆက်ဆွေးနွေးကြရဦးမှာပါ" ဟု ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ဥက္ကဋ္ဌ ဦးမောင်မောင်က ပြောသည်။

မြန်မာနိုင်ငံဆရာဝန်အသင်းမှ တီဘီရောဂါတိုက်ဖျက်ရေးပရောဂျက်မန်နေဂျာ ဒေါက်တာသက်နိုင်မောင်က" ဇီဝိတဒါနသံဃာ့ဆေးရုံကြီးက အစိုးရဆေးရုံ၊ ပုဂ္ဂလိကဆေးရုံတစ်ခုမဟုတ်ပေမယ့် တကယ့်ကို သံဃာတော်တွေကိုကော လူပုဂ္ဂိုလ်တွေကိုပါ အကျိုးပြုနေတဲ့ ကုသိုလ်ပြုဆေးရုံကြီးတစ်ခုဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီဆေးရုံကြီးမှာ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းအဖြစ် တီဘီရောဂါရှာဖွေရေးနဲ့ ကုသရေး၊ ပံ့ပိုးရေး၊ နှိမ်နင်းရေးတွေမှာ ဝင်ရောက်ပြီးတော့ ပူးပေါင်းဆောင်ရွက်ပေးချင်တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်သွားမယ့်အစီအစဉ်တွေကိုတော့ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းရယ်၊ ဆေးရုံက တာဝန်ရှိသူတွေရယ်၊ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ ညှိနှိုင်းပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ပြောသည်။

လက်ရှိ မြန်မာနိုင်ငံတွင် လူနာသစ်ဖြစ်ပွားမှုနှုန်းမှာ လူဦးရေတစ်သိန်းတွင် ၃၇၃ ယောက်ရှိပြီး လူနာဟောင်းဖြစ်ပွားမှုနှုန်းမှာ လူဦးရေတစ်သိန်းတွင် ၄၇၃ ယောက်ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ တီဘီရောဂါဖြစ်ပွားမှုများသော ၂၂ နိုင်ငံတွင် ပါဝင်ပြီး ဆေးယဉ်ပါး တီဘီဖြစ်ပွားမှုနှုန်းများသော ၂၇ နိုင်ငံတွင်လည်း ပါဝင်သည့်အပြင် တီဘီအိတ်ချ်အိုင်ဗွီရောဂါတွဲဖြစ်သော နိုင်ငံ ၄၁ နိုင်ငံတွင်လည်း ပါဝင်ကြောင်း မြန်မာနိုင်ငံဆရာဝန်အသင်းမှ သိရသည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနအပါအဝင် ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းများကို စီမံချက်များချမှတ်ကာ နေရာဒေသမရွေး အခမဲ့ဆေးကုသနိုင်စေရန်နှင့် ယခင်ထက်ပိုမိုထိရောက်စွာ နှိမ်နင်းနိုင်စေရန် ဆောင်ရွက်နေကြခြင်းဖြစ်သည်။ မကြာမီအချိန်တွင်လည်း ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ လူပုဂ္ဂိုလ် တီဘီရောဂါဝေဒနာရှင်များ သွားရောက်ဆေးကုသမှု ခံယူနိုင်စေရန်အတွက် အားလုံးဝိုင်းဝန်းပြီး ဆက်လက်ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ဇာလီ**

# ဘိန်းအစားထိုးသီးနှံ မျိုးစေ့နှင့် ပျိုးပင်များ ပေးအပ်

**နမ့်စန် မေ ၂၈**

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်အတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှုများ လျော့နည်းပပျောက်စေရန်၊ နှစ်ချင်း၊ နှစ်ရှည်သီးနှံပင်များစိုက်ပျိုးခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးတက်မှုရရှိစေရန်၊ တောင်သူများ မျိုးကောင်းမျိုးသန့် အသုံးပြုခြင်း၊ ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ်များကို သိရှိလိုက်နာကျင့်သုံးခြင်းဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ မေ ၂၇ ရက် နံနက် ၉ နာရီတွင် ဝမ်ပိန်းကျေးရွာအုပ်စု ဝမ်ပိန်းကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဘိန်းအစားထိုးသီးနှံမျိုးစေ့နှင့်ပျိုးပင်များ ပေးအပ်ပွဲနှင့် တောင်သူပညာပေးသင်တန်းကို ကျင်းပခဲ့ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်နန်းစောမြက အစားထိုးသီးနှံများ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ အစားထိုးသီးနှံများဖြစ်သော ပုလဲသွယ်မျိုးစပါး၊ အစေ့ထုတ်ပြောင်းမျိုး၊ ကော်ဖီပျိုးပင်၊ မက္ကဒေးမီးယားပျိုးပင်နှင့် လျှော်ဖြူပင်များကို တောင်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး တောင်သူပညာပေးသင်တန်းကို ကျင်းပခဲ့ရာ စပါးတင်း (၁၀၀)ထွက်ရှိရန် သိပ္ပံနည်းကျစိုက်နည်းစနစ် (၁၄)ချက်၊ ပိုးမွှားကာကွယ်ရေး၊ မြေဆီလွှာကာကွယ်ထိန်းသိမ်းခြင်းနည်းလမ်းများ၊ စိုက်ပျိုးမြေများတွင် တွေ့ရသော အာဟာရဓာတ်ချို့တဲ့မှု၊ အဆိပ်သင့်မှု လက္ခဏာများနှင့် ကာကွယ် ကုစားနည်းများကို မြန်မာဘာသာ၊ ရှမ်းဘာသာများဖြင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး တောင်သူများ သိရှိလိုသော စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ ဘိန်းအစားထိုးသီးနှံပေးအပ်ပွဲနှင့် တောင်သူပညာပေးသင်တန်းသို့ ဝမ်ပိန်းကျေးရွာအုပ်စုနှင့်ဟိုရမ်းကျေးရွာအုပ်စုတို့ရှိ ကျေးရွာ ၁၄ ရွာတို့မှ တောင်သူ ၁၈၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**

ပြည်တွင်းရေးရာ

# ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဦးဆောင်မှုဖြင့် အမေရိကန်ပြည်သူများ၏ အကူအညီပေးရေးအဖွဲ့ USAID တို့ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မေ ၂၈**

ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ ဦးဆောင်မှုဖြင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အောက်ရှိ နိုင်ငံခြားစီးပွားရေးဦးစီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနနှင့် အမေရိကန်ပြည်သူများ၏ အကူအညီပေးရေးအဖွဲ့ USAID တို့ပူးပေါင်း၍ အစိုးရမှ ပစ္စည်းဝယ်ယူခြင်းဆိုင်ရာ ဥပဒေကြမ်း (မူကြမ်း) ရေးဆွဲခြင်းနှင့် စပ်လျဉ်းသော အလုပ်ရုံဆွေးနွေးပွဲ (Workshop on Drafting a Law on Government Procurement in Myanmar) ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ဟိုတယ်ဇုန်ရှိ the Hotel Royal ACE ၌ မေ ၂၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။**(ယာပုံ)**

ဖွင့်ပွဲအခမ်းအနားသို့ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ တာဝန်ခံညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နိုင်ငံတကာ ဥပဒေပညာရှင်များ၊ သင်တန်းသားအဆင့်မြင့်အရာရှိကြီးများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် Government Procurement နှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် ပထမအကြိမ် ကျင်းပပြီးခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲအပေါ်တွင် ယခုအလုပ်ရုံဆွေးနွေးပွဲမှ ဥပဒေရေးဆွဲရန် ပြန်လည်သုံးသပ်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅အရ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးရမည်ဖြစ်ကြောင်း၊ သမ္မတကြီးက ကောင်းမွန်သော ဈေးကွက်စီးပွားရေးစနစ်အတွက် ကောင်းမွန်သော စီးပွားရေးဥပဒေများကို ပြဋ္ဌာန်းရမည်ဟု လမ်းညွှန်ခဲ့ပါကြောင်း၊ ယင်းအတွက် Government Procurement သည် အရေးပါသော စီးပွားရေးကဏ္ဍ (corner stone)တစ်ခုဖြစ်ပါကြောင်း၊

မိမိတို့နိုင်ငံတွင် ပဋိညာဉ်ဥပဒေ၊ ကုန်စည်ရောင်းချခြင်း ဥပဒေနှင့် အခြားသော ပြဋ္ဌာန်းဥပဒေများရှိပါကြောင်း၊ UNCITRAL model law for Government Procurement နှင့် နိုင်ငံတကာ အတွေ့အကြုံများကိုလည်း လေ့လာရမည်ဖြစ်ပါကြောင်း၊ tender လေ့လာရမည်ဖြစ်ပါကြောင်း၊ ယခု အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသော အတွေ့အကြုံများအရ နိုင်ငံတကာ စံနှုန်းနှင့်အညီ Government Procurement စနစ်တစ်ရပ်ကို အခြေခံပြီး ဥပဒေတစ်ခု ပြဋ္ဌာန်းနိုင်ရန်ရည်ရွယ်ပါကြောင်း။

စီးပွားရေး ဥပဒေရှုထောင့်ကို လေ့လာသကဲ့သို့ အပြည်ပြည်ဆိုင်ရာ ဥပဒေရှုထောင့်ကိုလည်း လေ့လာသင့်ပါကြောင်း၊ နိုင်ငံတော်မှ အတည်ပြု လက်မှတ်ရေးထိုးထားသော စာချုပ်များကိုလည်း လေ့လာသင့်ပါကြောင်း၊ မြန်မာနိုင်ငံအတွက် ရေးဆွဲပြဋ္ဌာန်းမည့် Pro-curement law သည် အသုံးဝင်သော ဥပဒေတစ်ရပ်ဖြစ်ရမည်ဟု ယုံကြည်ကြောင်းဖြင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ပြောကြားခဲ့သည်။

ဆက်လက်၍ USAID မှ Country Director ဖြစ်သူ Mr.Steve Parker က အမှာစကားပြောကြားရာတွင် ၎င်းတို့၏ project သည်မြန်မာစီးပွားရေးပြုပြင်ပြောင်းလဲမှုအတွက် အကူအညီပေးရန်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအတွက် ခိုင်မာသောဥပဒေစနစ်တစ်ရပ် ပေါ်လာမည်ဟု ယုံကြည်ပါကြောင်း၊ ဝန်ကြီးဌာနတိုင်းသည် နောင်လာမည့် ငါးနှစ်မှ ၁၀ နှစ်အတွင်း ၎င်းတို့၏ Procurement လုပ်ငန်းစဉ်ကို ကောင်းမွန်စွာဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါကြောင်း၊ စီးပွားရေးနယ်ပယ်အတွင်း သင့်လျော်သော Government Procurement စနစ်တစ်ရပ်ကို ကျင့်သုံးလာနိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်းဖြင့် ပြောကြားခဲ့ပြီး သက်ဆိုင်ရာ ဥပဒေပညာရှင်များက ဘာသာရပ်အလိုက် ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



## မကွေးတွင် မိသားစုပြန်လည်ဆက်သွယ်ပေးရေး(အခြေခံ) သင်တန်းဆင်း

**မကွေး မေ ၂၈**

မကွေးတိုင်းဒေသကြီး မကွေးမြို့ လမ်းပေါ်ရှိ မကွေးဟိုတယ်၌ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကြီးမှူးဖွင့်လှစ်သည့် မိသားစုပြန်လည်ဆက်သွယ်ပေးရေး(အခြေခံ) သင်တန်းအပတ်စဉ် (၁၆)နှင့် (၁၇)တို့အား မေ ၂၄ ရက် ညနေ ၅ နာရီတွင် သင်တန်းဆင်းပွဲကျင်းပကာ သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ယာယီရဲမှူးကြီး အောင်စိုးဝင်းက မိသားစုပြန်လည်ဆက်သွယ်ပေးရေး လုပ်ငန်းအကြောင်းရှင်းလင်းပြောကြားသည်။

အမှတ်(၁၆)သင်တန်းကို မေ ၁၈ ရက်မှ ၂၀ ရက်ထိ လည်းကောင်း၊ အမှတ်စဉ်(၁၇) သင်တန်းကို မေ ၂၂ ရက်မှ ၂၄ ရက်အထိ လည်းကောင်း မြန်မာနိုင်ငံကြက်ခြေနီဌာနချုပ်မှ ဖွင့်လှစ်ပေးခဲ့သည်။

သင်တန်းဆင်းပြီးတာဝန်ခံ များအနေဖြင့် ကွဲကွာနေကြသော မိသားစုပြန်လည်ရှာဖွေဆက်သွယ်ပေးရေး လုပ်ငန်းစဉ်များကို လုပ်ဆောင်ပေးသွားကြမည်ဖြစ်ကြောင်း သိရသည်။ **ခင်သန်းဦး(မင်းဘူး)**

### ဓာတ်ပုံမြင်ကွင်း



**ပဲခူးမြို့ကျွန်းသာယာအဝေးပြေးယာဉ်ဝင်း၌ ဂိတ်များသတ်မှတ်ဖွင့်လှစ်ထားလျက်ရှိသော်လည်း ခရီးသည်တင်ယာဉ်ကြီး၊ ယာဉ်ငယ်များမှာ ရွှေမော်ဓောဘုရားကြီးဈေးရှေ့၊ ပဲခူးမြို့မဈေး ကားလမ်းမကြီးနံဘေး၊ ဘူတာနာရီစင်ဟောင်းကားလမ်းမ၊ မဟာမြိုင်မီးပွိုင့်အနီး စသည့် ယာဉ်မရပ်ရကန့်သတ်နေရာများတွင် ပင်မဂိတ်များသဖွယ် ရပ်၊တင်၊ချ ခရီးသည်ခေါ်ယူခြင်းများကြောင့် ယာဉ်ကြောရှုပ်ထွေးနေပြီး ယာဉ်အန္တရာယ် မကြာခဏဖြစ်ပေါ်နေသည်ကို တွေ့ရသည်။** (၅၈၇)

# မဲပေးနိုင်သည့် လူဦးရေ ၃၆ သိန်းကျော်ရှိသော စစ်ကိုင်းတိုင်းဒေသကြီးတွင် ရွေးကောက်ပွဲအတွက်အခြေခံမဲစာရင်းများကို ဇွန် ၈ ရက်မှ ဇူလိုင် ၅ ရက်အတွင်း နှစ်သုတ်ခွဲ၍ ကြေညာပေးမည်

**စစ်ကိုင်း မေ ၂၈**

ရွေးကောက်ပွဲသည် မည်သည့်နိုင်ငံတွင်မဆို အလွန်အရေးပါသော ဒီမိုကရေစီ လုပ်ငန်းစဉ်တစ်ခုဖြစ်ရာ လာမည့်ရွေးကောက်ပွဲအတွက် အခြေခံမဲစာရင်းများကို စစ်ကိုင်းတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်မှ ပြုစု၍ လာမည့်ဇွန်လနှင့်ဇူလိုင်လတို့တွင် အခြေခံမဲစာရင်းများကို နှစ်သုတ်ခွဲ၍ ကြေညာပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကော်မရှင်ဥက္ကဋ္ဌ ဦးတင်ဦးက ပြောကြားသည်။

"စစ်ကိုင်းတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့အနေနဲ့ တိုင်းဒေသကြီးတစ်ခုလုံးမှာရှိတဲ့ အခြေခံမဲစာရင်းတွေကို နှစ်သုတ်ခွဲပြီး ကြေညာပေးသွားမှာ ဖြစ်ပါတယ်။ ဇွန် ၈ ရက်ကနေ ၂၁ ရက်အထိ ပထမအသုတ်အဖြစ် စစ်ကိုင်းခရိုင်၊ မုံရွာခရိုင်၊ ရွှေဘိုခရိုင်၊ ယင်းမာပင်ခရိုင်၊ တမူးခရိုင်နဲ့ ကန့်ဘလူခရိုင်တို့မှာ ကြေညာပေးသွားမှာ ဖြစ်ပါတယ်။ ဒုတိယအသုတ်ကို ဇွန် ၂၂ ရက်မှ ဇူလိုင် ၅ ရက်အထိ ကသာ၊ ကလေး၊ မော်လိုက်၊ ခန္တီးနဲ့နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေမှာ ကြေညာအသိပေးသွားမှာဖြစ်ပါတယ်" ဟု ဥက္ကဋ္ဌဦးတင်ဦးက ပြောသည်။

ဇွန် ၈ ရက်မှ ဇူလိုင် ၅ ရက် အထိ နှစ်သုတ်ခွဲ၍ အခြေခံမဲစာရင်းများကြေညာမည့် စစ်ကိုင်းတိုင်းဒေသကြီးရှိ ခရိုင် ၁၁ ခရိုင်တွင် လက်ရှိအချိန်အထိ မဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်းမှာ ၃၆ သိန်းကျော်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိသည့် မြို့နယ်၃၇မြို့နယ်တွင် မြို့နယ်တစ်ခုစီ၏ နယ်မြေဧရိယာအတွင်း မဲဆန္ဒနယ်မြေသတ်မှတ်သည့် လုပ်ငန်းများကို တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်မှ ဦးစီးကြပ်မတ်၍ သက်ဆိုင်ရာခရိုင်အဆင့်၊ မြို့နယ်အဆင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့များက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် မဲဆန္ဒရှင်များ၊ နိုင်ငံရေးပါတီဝင်များ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ ရပ်/ကျေးရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ သိရှိနားလည်၍ ဆင့်ပွားပြန်လည် ရှင်းလင်းပြသနိုင်ရန်အတွက် မဲဆန္ဒရှင်ဆင့်ပွားပညာပေးရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချနိုင်ရန်အတွက် ပြည်ထောင်စုအဆင့် ရွေးကောက်ပွဲကော်မရှင်မှ မဲဆန္ဒရှင်ပညာပေးရေး သင်တန်းကို တိုင်းဒေသကြီးအဆင့်ကိုယ်စားလှယ် နှစ်ဦးနှင့် မြို့နယ်အဆင့်မှ ကိုယ်စားလှယ်နှစ်ဦး ခေါ်ယူ၍သင်တန်းပေးကာ မိမိတို့ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ် အသီးသီးတို့တွင် ဆင့်ပွားသင်တန်းများကို ပြန်လည်သင်ကြားပေးစေခြင်းဖြစ်သည်။

"မဲစာရင်းကပ်ထား ကြေညာတဲ့အခါမှာ သွားရောက်ကြည့်ရှုပြီး မဲစာရင်းမှာ ကိုယ့်နာမည်ပါတာမတွေ့ဘူးဆိုရင် ထည့်သွင်းပေးဖို့ တောင်းဆိုလွှာပုံစံ(၃)နဲ့ တင်သွင်းရပါမယ်။ မဲစာရင်းမှာပါတဲ့ အမည်နဲ့ တခြားအချက်အလက်တွေကို ကန့်ကွက်ဖို့ရှိရင် ကန့်ကွက်လွှာပုံစံ(၄)နဲ့ တင်သွင်းရမှာဖြစ်သလို မဲစာရင်းမှာပါတဲ့ အချက်အလက်တစ်ခုခုကို ပြင်ဆင်ဖို့ ရှိတယ်ဆိုရင် ပြင်ဆင်လွှာပုံစံ(၄-ဂ)နဲ့မဲစာရင်းကြေညာတဲ့ ရက်ကစပြီး ခုနစ်ရက်အတွင်း ရပ်ကွက်/ကျေးရွာကော်မရှင် အဖွဲ့ခွဲကိုတင်သွင်းရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် မဲဆန္ဒနယ်တစ်နယ်ထက်ပိုတဲ့မဲဆန္ဒနယ်များရဲ့မဲစာရင်းမှာ ကိုယ့်နာမည်ပါနေရင် မိမိမဲပေးလိုတဲ့ မဲဆန္ဒနယ်မှာ မဲပေးနိုင်ဖို့အတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲကို တင်ပြဆောင်ရွက်ဖို့ လိုပါတယ်" ဟု ဦးတင်ဦးက ရှင်းပြသည်။

ဒေသတစ်ခုမှ ဒေသတစ်ခုသို့ ပြောင်းရွှေ့လိုသည့်အခါ ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေ ၂၆(၂)နှင့် နည်းဥပဒေ၂၇(၁) တို့အရ ထုတ်ပေးသောပုံစံ(၁၀) သို့မဟုတ် ၉၀/၁/န(သ)နှင့် အတူ လက်ရှိမဲဆန္ဒနယ်စာရင်း၌ မိမိအမည်ကိုပယ်ဖျက်၍ အခြားမဲဆန္ဒနယ်သို့ ပြောင်းရွှေ့ပေးရန် တောင်းဆိုလွှာပုံစံ(၄-က)ဖြင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းဆောင်ရွက်နိုင်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# သန်လျင်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ကျင်းပ

**ရန်ကုန် မေ ၂၈**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန သန်လျင်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် သန်လျင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးခင်အောင်မြင့်က ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။


ဆက်လက်၍ တိုင်းဒေသကြီးအဆင့် ကျောင်းအပ်နှံရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက အမှာစကား ပြောကြားသည်။ ယင်းနောက် သန်လျင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီ၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်နှင့် အလှူရှင်များက အလှူငွေများပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၏ဇနီးနှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

အခွန်ဘဏ္ဍာပြည့်ပါမှ
လှပသာယာတို့ပြည်မြန်မာ

အနုပညာ



# ၁၀ နှစ်ဆက်တိုက်ဆုရရှိသည့်အဆိုတော်ကယ်ရီအန်ဒါဝုဒ်

သရုပ်ဆောင် အဆိုတော်ကယ်ရီအန်ဒါဝုဒ်သည် ယခုနှစ်ရာသီအတွက် အမေရိကန်အိုင်ဒေါဆုကို ထပ်မံရရှိခဲ့သဖြင့် ဆယ်စုနှစ်တစ်ခုလုံးစာအတွက် ဆုများသိမ်းပိုက်ထားနိုင်သည့် ရှားပါးစူပါစတားတစ်ယောက်ဖြစ်ကြောင်း E!online တွင်ဖော်ပြထားသည်။

အသက်(၃၂)နှစ်အရွယ် အန်ဒါဝုဒ်က သူ့ဘဝကိုပြောင်းလဲပေးခဲ့သည့် အမေရိကန်အိုင်ဒေါ အစီအစဉ်ကို အစဉ်အမြဲကျေးဇူးတင်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ဂရမ်မီဆုခုနစ်ဆုလည်းရရှိထားပြီးဖြစ်သော သရုပ်ဆောင် အဆိုတော် ကယ်ရီအန်ဒါဝုဒ်သည် ၂၀၀၅ ခုနှစ်တွင် ဘွန်နီဝပ်၏ I Can't Make You Love Me သီချင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ပြီး အမေရိကန်အိုင်ဒေါဆုရရှိခဲ့ရာမှစ၍ ၁၀နှစ်ဆက်တိုက် ဆုများရယူခဲ့သူဖြစ်သည်။

**စန္ဒာဝင်း**

## EXO ၏ တေးအယ်လ်ဘမ်သစ် ထွက်ရှိမည်

ကိုရီးယားအမျိုးသားပေါ့ပ်ဂီတအဖွဲ့ EXO၏ တေးအယ်လ်ဘမ်သစ်ကို ဇွန် ၃ရက်တွင် ထွက်ရှိဖြန့်ချိနိုင်ရန် စီစဉ်ထားပြီး အဆိုပါ တေးအယ်လ်ဘမ်ကို "LOVE ME RIGHT"ဟု အမည်ပေးထားကြောင်း သိရသည်။

အဆိုပါ တေးအယ်လ်ဘမ်သည် EXO ၏ သီချင်းကောင်းများကိုစုစည်းကာ ဆန်းသစ်သောသံစဉ်၊ တီးကွက်နှင့် ဖျော်ဖြေမှုပုံစံများဖြင့် ပြန်လည်ဖန်တီးထားခြင်းဖြစ်သည်။

အဆိုပါသတင်းသည် အာရှတစ်ခွင်တွင် နယ်လှည့်ဖျော်ဖြေမည့် EXO ၏ ဒုတိယမြောက် တေးဂီတဖျော်ဖြေပွဲများကို ကြည့်ရှုကြမည့် ပရိသတ်များအတွက် သတင်းကောင်းဖြစ်ကာ အဆိုပါဖျော်ဖြေပွဲများတွင် ယခုတေးစီးရီးမှ တေးသီချင်းပုံစံသစ်များဖြင့် ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်သည်။

**ခင်ခင်သက်**

# အင်စတာဂရမ်ပေါ်မှအမျိုးသမီးငယ်များ၏ ဓာတ်ပုံများကို ပြန်လည်ပုံကူးရောင်းချခဲ့သည့် အနုပညာရှင်



သူ၏ဓာတ်ပုံကူးသည့် အတတ်ပညာကျွမ်းကျင်မှုကြောင့် ကျော်ကြားခဲ့သောအနုပညာရှင် ရစ်ချက်ဒ်ပရင့်စ်သည် အင်စတာဂရမ်အကောင့်များပေါ်တွင်ဖော်ပြထားသောအမျိုးသမီးငယ်လေးများ၏ ကိုယ်တိုင်ရိုက်ကူးထားသော ဓာတ်ပုံများကို သူ၏အတတ်ပညာနှင့်ပေါင်းစပ်ကာ ဓာတ်ပုံကူးယူခဲ့ပြီး ပြန်လည်ရောင်းချခဲ့ကြောင်း MTV News တွင်ဖော်ပြခဲ့သည်။

အဆိုပါအနုပညာရှင်ပရင့်စ်သည် ၁၉၇၅ ခုနှစ်လောက်ကတည်းက အခြားသူများ၏ဓာတ်ပုံများကိုကူးယူကာ သူ၏ဓာတ်ပုံကူးအတတ်ပညာဖြင့် ပေါင်းစပ်၍ ပြန်လည်ဓာတ်ပုံထုတ်ကာ သူ၏အနုပညာလက်ရာများကို ဖန်တီးခဲ့သည်။ သို့သော် မကြာသေးမီကပင် အင်စတာဂရမ်ပေါ်မှ ဓာတ်ပုံများကို ကူးယူဖန်တီးခဲ့ခြင်းဖြစ်ကာ ၎င်းတို့မှာ သူ၏ကိုယ်ပိုင်အနုပညာဖန်တီးမှုများသာဖြစ်ကြောင်း ပရင့်စ်က အခိုင်အမာပြောဆိုခဲ့သည်။

ပရင့်စ်ကူးယူခဲ့သော ဓာတ်ပုံအများစုမှာ ဓာတ်ပုံရှင် အမျိုးသမီးငယ်လေးများ ကိုယ်တိုင်ရိုက်ကူးထားသည့်ပုံများဖြစ်ကာ အချို့သော ဓာတ်ပုံများကိုပြန်လည်ကူးယူရာ၌ အဆိုပါ ဓာတ်ပုံ ဖော်ပြထားသည့် အင်စတာဂရမ်အကောင့်ပေါ်တွင် ပရင့်စ် ကိုယ်တိုင် ဝေဖန်ချက်များ (comments) ရေးသားထားသည်ကိုပါ ထည့်သွင်း ဖော်ပြထားသည်။ ယခုရောင်းချလျက်ရှိသော ဓာတ်ပုံများအနက် အချို့မှာ အမေရိကန်ဒေါ်လာတစ်သိန်းတန်ဖိုးရှိသော ဓာတ်ပုံများပင် ပါဝင်လေသည်။

ထိုသို့အခြားသူများ၏ ဓာတ်ပုံများကိုကူးယူ၍ အနုပညာဖန်တီးခြင်းနှင့်ပတ်သက်၍ပရင့်စ်သည် ၂၀၁၃ ခုနှစ်က ပြင်သစ်ဓာတ်ပုံဆရာ ပက်ထရစ်စ်ကာရီယို၏ တရားစွဲဆိုခြင်းကိုခံခဲ့ရသော်လည်း တရားသူကြီးက သင့်တော်ကောင်းမွန်သည့်အသုံးချခြင်းမျိုးဖြစ်ပါက သုံးစွဲခွင့်ရှိပါကြောင်း ဆုံးဖြတ်ခဲ့သည်။

ပရင့်စ်သည် ယခုအချိန်အထိ သူ၏အင်စတာဂရမ်ဓာတ်ပုံများကြောင့် တရားစွဲဆိုခံရခြင်းမျိုး မရှိသေးဘဲ ယင်းဓာတ်ပုံများကိုသူက "New Portraits"ဟု အမည်ပေးထားသည်။ သို့သော် သူသည် ခွင့်ပြုချက်မတောင်းခံဘဲ ကူးယူရောင်းချခဲ့သော ဓာတ်ပုံများမှအမျိုးသမီးအချို့နှင့် အနုပညာနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရေးသားသည့် စာရေးဆရာများ၏ ဝေဖန်မှုအချို့ကိုမူ ခံခဲ့ရသည်။

**ခင်ခင်သက်**

# ၂၀၁၅ ခုနှစ်သြဇာလွှမ်းမိုးမှုအရှိဆုံးစာရင်းတွင် ဘီယွန်စေး၊ တေလာဆွစ်၊ အိန်ဂျလီနာဂျိုလီ နှင့် ရှကီရာတို့ပါဝင်



၂၀၁၅ ခုနှစ်အတွက် ကမ္ဘာ့သြဇာလွှမ်းမိုးမှုအရှိဆုံး အမျိုးသမီး ၁၀၀ စာရင်းကို Forbes မဂ္ဂဇင်းကထုတ်ပြန်ကြေညာခဲ့ရာ နိုင်ငံရေးနယ်ပယ်မှ နိုင်ငံရေးလှုပ်ရှားသူများသာမက အနုပညာရှင်ပေါင်းများစွာလည်းပါဝင်နေရာယူထားကြောင်း သိရသည်။

ဂျာမနီဝန်ကြီးချုပ်အိန်ဂျလာမာကယ်က ထိပ်ဆုံးနံပါတ်တစ်နေရာမှ ရပ်တည်လျက်ရှိပြီး သူသည် ငါးနှစ်ဆက်တိုက် နံပါတ်တစ်နေရာကို ဆက်တိုက်ရယူထားသူလည်းဖြစ်သည်။ ဟီလာရီကလင်တန်က ဒုတိယနေရာတွင် ရပ်တည်လျက်ရှိပြီး မီချယ်အိုဘားမားက နံပါတ်၁၀နေရာတွင် ရပ်တည်လျက်ရှိသည်။ သရုပ်ဆောင်အဆိုတော်ဘီယွန်စေးမှာ နံပါတ် ၂၁ နေရာတွင်ရှိပြီး Vogue မဂ္ဂဇင်းအယ်ဒီတာချုပ် အန်နာဝင်းတားသည် ၂၈ နေရာတွင် ရပ်တည်လျက်ရှိသည်။ အင်္ဂလန်ရှိ အဲလိစဘတ်ဘုရင်မကြီးက နံပါတ် ၄၁ နေရာကို သိမ်းပိုက်ထားပြီး အဲလန်ဒီဂျန်နယ်က နံပါတ်၅၀ နေရာတွင်ရှိသည်။

နံပါတ် ၅၄ နေရာတွင် မင်းသမီး အန်ဂျလီနာဂျိုလီဖြစ်ပြီး ဆိုဖီဗကာရာက ၅၇၊ ယခုနှစ်ဘေဘုတ်တွင်ဆု ရှစ်ဆုသိမ်းပိုက်ထားသည့် တေလာဆွစ်က ၆၄ နေရာတွင်ရှိကာ ဒေးယန်ဗွန်ဖျူးစတန်ဘတ်က ၇၅ နှင့် ရှကီရာတို့က နံပါတ် ၈၁ နေရာတို့ကို အသီးသီးရယူထားကြောင်းဖော်ပြထားသည်။

ယခုနှစ်အတွက်သြဇာလွှမ်းမိုးမှုအရှိဆုံးစာရင်းတွင် ပထမဆုံးပါဝင်ခဲ့သော တေလာဆွစ်သည် အသက်အငယ်ဆုံးသြဇာအာဏာရှိသူအဖြစ်မှတ်တမ်းတင်နိုင်ခဲ့ပြီးယခင်နှစ်က ပါဝင်ခဲ့သောအဆိုတော်လေဒီဂါဂါနှင့် စူပါမော်ဒယ်လ် ဂျီဆဲလ်ဘီးဂျင်တို့မှာ ယခုနှစ်တွင် ပါဝင်နိုင်ခြင်းမရှိတော့ပေ။

**စန္ဒာဝင်း**

# ရုပ်မြင်သံကြားအစီအစဉ်

29 - 5 -2015 (aom|umae)

## မြဝတီ

| | | | |
|---|---|---|---|
| ၆း၀၃ | တရားတော် | | စားမယ်ကမ္ဘာတစ်ခွင်ဝယ် |
| ၆း၁၅ | မေတ္တာပို့ | ၆း၃၀ | " ရွှာ" ဟာသဇာတ်လမ်းတွဲ (အပိုင်း-၃၀၂) |
| ၆း၂၀ | ဓမ္မပူဇာတေး | | ဒါရိုက်တာ မိုးဇော်ကို |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား | | |
| ၇း၂၀ | မြန်မာပြည်တွင်ထုတ်လုပ်သည် | ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း |
| ၈း၁၀ | စိုက်ပျိုးသုတ | | - ဆူးခင်းလမ်းရဲ့ချစ်ပန်းနှင်းဆီ (အပိုင်း-၄၂) |
| ၈း၂၅ | DVD Hits | | |
| ၈း၃၅ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ | | |
| ၉း၂၀ | သူနှင့်သူ၏သီချင်းများ | | - VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၄း၄၀ | ဇာတ်လမ်းတို | | - သံစဉ်များနှင့်ကမ္ဘာ |
| ၄း၄၅ | ရင်ခုန်စီးဆင်းအချစ်သီချင်း | | - ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင် |
| ၅း၁၀ | သာယာသီကြွေးခေတ်ဆန်းတေး | | |
| ၅း၂၀ | လည်မယ် . . . | | - Lucky Door |

## MRTV - 4

| | | | |
|---|---|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်၊ အာဠွာနာဋိယသုတ် | | (အပိုင်း-၂၄) |
| ၅း၄၀ | "သက်တမ်းရှည်တို ကြောင်းထိုထို" (အပိုင်း-၂) တရားတော် [ဘဒ္ဒန္တကုဏ္ဍလ (ရမ္မာဝတီ တိပိဋကဆရာတော်)] | ၅း၅၀ | Miss Myanmar World 2015 |
| ၈း၃၅ | ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ | ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ ပန်းလိပ်ပြာ" (အပိုင်း-၂၅) |
| ၉း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၈၂) | ၇း၁၅ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝိညာဉ်ရှိုက်သံ" (အပိုင်း-၄၃) |
| ၉း၄၀ | အနုပညာမိုးကောင်းကင် | ၈း၁၅ | ရသစုံညွှန်းတမ်းများ |
| ၁၀း၀၀ | ခေတ်သစ်ပျိုမေ | ၈း၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၈၃) |
| ၁၀း၄၅ | ရန်ကုန်မြင်ကွင်းကျယ် | ၉း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၁၈) |
| ၁၀း၅၅ | Food & Decor | | |
| ၁၁း၂၅ | MRTV-4 Stage | | |
| ၁၁း၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၁၇) | ၁၀း၂၅ | Movie Talk [ကလေးသရုပ်ဆောင်များအကြောင်း (အပိုင်း-၂၀)] |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝိညာဉ်ရှိုက်သံ" (အပိုင်း-၄၂) | ၃း၄၀ | World of Knowledge (Ground War : Warrior Weapon) |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" | ၄း၃၅ | Day Care Center For The Aged |

## mitv

- Moe Ne' Keeps Its Tradition Alive
- Distinguished Myanmar Ladies "Ma Myint Zu"
- News
- Indian Footsteps
- Charming & Fragrant Sabai
- Grow Back for Posterity "The dawn of development"
- Kid's Home
- Wedding Planner "Aye Thida Win Aung"
- Travel To The Southern Part of Shan State (Kalaw)
- Thread Charm "A Kayin Threading Ceremony"
- Ambassador's View: News Extra - Singapore-Myanmar Bilateral Ties
- Let's Enjoy Fish Crispy
- Continuation In Rural Tradition
- A Day Life Of Kayan Padaung Tribe
- Green Grocer
- Live: ABU Radio Song Festival 2015
- Htan Taw Drums (Part-I) "Osi"
- Oboist and His Life
- Crocodile Keeper
- Myanma Pottery
- Products Of Myanmar - Strong And Stylish Pakokku Slippers
- Amazing: Magician Sak Kaw Ma
- Scented Buddha Images
- Shwe Bo Township Bearing Five Names

## ရွှေမန်းမောင်မယ် ပြိုင်ပွဲကျင်းပမည်

မန္တလေး မေ ၂၈

မန္တလေးတိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုကော်မတီက ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော ကမ္ဘာ့အိုလံပစ်နေ့ အထိမ်းအမှတ်အဖြစ် ရွှေမန်းမောင်၊ ရွှေမန်းမယ်ပြိုင်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို မေ ၂၆ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ ဗထူးကာယဗလ၊ ကာယကြံ့ခိုင်မှု လေ့ကျင့်ရေးစခန်း၌ ကျင်းပခဲ့သည်။

အဆိုပါ ရွှေမန်းမောင်၊ ရွှေမန်းမယ်ပြိုင်ပွဲများတွင် ကာလဗလမောင်အငယ်တန်းနှင့် အလွတ်တန်း၊ ကာယကြံ့ခိုင်မှုကာယအလှမယ် ၅ ပေ ၃ လက်မအထက်နှင့် ၅ ပေ ၃ လက်မအောက် ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ရာ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုယှဉ်ပြိုင်နိုင်သူဖြစ်ရမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း ခြောက်လမှီတင်းနေထိုင်ခဲ့သူများ၊ ကျောင်းသား၊ ကျောင်းသူများဖြစ်ပါက သက်ဆိုင်ရာ ထောက်ခံစာများနှင့် ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်လိုသူများသည် လိုင်စင်ဓာတ်ပုံသုံးပုံနှင့် အိမ်ထောင်စုဇယား မိတ္တူတစ်စောင်တို့ဖြင့် ဗထူးကာယဗလ၊ ကာယအလှလေ့ကျင့်ရေးစခန်း ဥက္ကဋ္ဌ ဖုန်း-၀၉-၉၁၀ ၂၉၃၉၃၊ အတွင်းရေးမှူး ဖုန်း-၀၉-၂၀၆၀၀၉၆၊ ၀၉-၉၁၀၄၄၂၃၆ တို့သို့ ဇွန် ၃၀ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**




# အက်ဖ်အေဗလား ရင်ခုန်သံ

## အာဆင်နယ် - ဗီလာ ည ၁၁း၀၀ (၃၀-၅-၁၅)

၂၀၁၅ အက်ဖ်အေဖလားပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲကို မေ ၃၀ ရက် ညမှာ ဝင်ဘလေကွင်းတွင် ကျင်းပသွားမှာ ဖြစ်ပါတယ်။

ဒီနှစ်အက်ဖ်အေဖလားပြိုင်ပွဲရဲ့ ဗိုလ်လုပွဲအဆင့်ကိုတော့ အာဆင်နယ်နဲ့ ဗီလာတို့ တက်ရောက်လာနိုင်ကြကာ အဆိုပါ နှစ်သင်းစလုံးဟာ ဒီပြိုင်ပွဲမှာ ဗိုလ်စွဲခဲ့ဖူးကြပြီး အောင်မြင်မှုအရှိဆုံးအသင်းတွေထဲက နှစ်သင်းလည်း ဖြစ်ပါတယ်။

အာဆင်နယ်ဟာ ဒီအက်ဖ်အေဖလား ချန်ပီယံဆုကို (၁၁) ကြိမ်ရရှိခဲ့ပြီး မန်ယူနဲ့အတူ ဒီပြိုင်ပွဲမှာ အအောင်မြင်ဆုံးအသင်းအဖြစ်ရပ်တည်နေပါတယ်။ ဒါကြောင့် အာဆင်နယ်အနေနဲ့ ဒီတစ်ကြိမ်မှာသာ ချန်ပီယံဖြစ်ခဲ့မယ်ဆိုရင် ဒီဖလားကို (၁၂)ကြိမ်မြောက်ရယူနိုင်မှာဖြစ်ပြီး မန်ယူထက် တစ်ကြိမ်အသာရကာ ပြိုင်ပွဲရဲ့ အအောင်မြင်ဆုံးအဖြစ်သီးသီးသန့်သန့်ရပ်တည်သွားနိုင်မှာဖြစ်ပါတယ်။ ဒ့ါအပြင် အာဆင်နယ်ဟာ ဒီဖလားမှမရရင် ဆုဖလားလက်မဲ့ဖြစ်သွားနိုင်တာကြောင့် ဒီပွဲမှာတော့ ဖလားလက်မဲ့မဖြစ်ရေးအပြင် စံချိန်တင်နိုင်ရေးအတွက်ပါ ခြေကုန်ထုတ်ကစားလာမှာပါ။

အက်စ်တွန်ဗီလာကတော့ ဒီဆုဖလားကို ခုနစ်ကြိမ်ရရှိခဲ့ဖူးပြီး ဗီလာတို့နောက်ဆုံး အောင်ပွဲခံနိုင်ခဲ့တာကတော့ ၁၉၅၇ ခုနှစ်က ဖြစ်ပါတယ်။ ဗီလာအနေနဲ့ အဲဒီနောက်ပိုင်းမှာ ၂၀၀၀ ပြည့်နှစ်ပြိုင်ပွဲအတွင်း ဒီပြိုင်ပွဲရဲ့ ဗိုလ်လုပွဲအဆင့်ကို တက်ရောက်နိုင်ခဲ့ပေမယ့် ဗီလာဟာအဲဒီတုန်းက လန်ဒန်အခြေစိုက်အသင်းဖြစ်တဲ့ ချယ်လ်ဆီးကိုရှုံးပြီး ဒုတိယသာ ရရှိခဲ့သလို အဲဒီရှုံးပွဲကြောင့် ဆုဖလားလက်မဲ့ရာသီတွေဆက်ခဲ့ရပါတယ်။ အခုဆိုရင် ဗီလာဟာ ဆုဖလားနဲ့ဝေးကွာခဲ့ရတာ ၅၉ နှစ်ရှိခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့်ဗီလာကလည်း ၅၉ နှစ်အတွင်း ပထမဆုံးအကြိမ်ဆုဖလားတစ်လုံးရရှိရေးနဲ့ လန်ဒန်အခြေစိုက် အသင်းတစ်သင်းကို အက်ဖ်အေဖလားဗိုလ်လုပွဲမှာ ပြန်လည်အနိုင်ရရှိရေးအတွက်ပါ အားစိုက်လာဖို့ရှိနေပါတယ်။

အထူးသဖြင့် အက်ဖ်အေဖလားမှာ စည်းမျဉ်းအချို့လည်း ပြောင်းလဲထားပြီး အရင်အက်ဖ်အေဖလား ချန်ပီယံအသင်းဟာ ချန်ပီယံလိဂ်ဝင်ခွင့်ရပြီးသား အသင်းဖြစ်နေရင် ဒုတိယရတဲ့အသင်းကို ယူရိုပါလိဂ်ဝင်ခွင့်ပေးပေမယ့် အခုမပေးတော့ပါဘူး။ အက်ဖ်အေဖလားမှာဗိုလ်စွဲမှ ယူရိုပါလိဂ်ဝင်ခွင့်ရမှာဖြစ်ပြီး ဗိုလ်စွဲတဲ့အသင်းက ချန်ပီယံလိဂ်ဝင်ခွင့်ရပြီးသားဖြစ်နေရင် ပရီမီယာလိဂ်ကအဆင့်-၇ အသင်းကို ယူရိုပါလိဂ်ဝင်ခွင့်ပေးအပ်သွားမှာပါ။ ဒါကြောင့် ဗီလာအနေနဲ့ ၂၀၁၀-၁၁ ရာသီနောက်ပိုင်း ဝင်ခွင့်မရခဲ့တဲ့ ဥရောပပြိုင်ပွဲအဆင့်ကို တိုးဝင်နိုင်ဖို့အတွက် ဒီပြိုင်ပွဲမှာ အနိုင်ရဗိုလ်စွဲဖို့လိုအပ်နေသလို ရလဒ်ကောင်းဖို့ ခြေကုန်ထုတ်ကစားလာမှာလည်း သေချာနေပါတယ်။

ဒါပေမယ့် ဗီလာဟာ ဒီရာသီပရီမီယာလိဂ်ပြိုင်ပွဲအတွင်း အာဆင်နယ်နဲ့ နှစ်ကြိမ်ဆုံတွေ့ခဲ့ရာမှာ နှစ်ကြိမ်စလုံးဂိုးပြတ်တွေနဲ့ အရေးနိမ့်ခဲ့ရပါတယ်။ အိမ်ကွင်းမှာ ကစားခဲ့တုန်းက သုံးဂိုးပြတ်နဲ့အရေးနိမ့်ခဲ့ရပြီး အဝေးကွင်းပွဲစဉ်မှာတော့ ငါးဂိုးပြတ်နဲ့ရှုံးနိမ့်ခဲ့ရတာဖြစ်ပါတယ်။


ဗီလာအနေနဲ့ မန်နေဂျာအဖြစ် တင်ရှားဝုဒ်ကို ခန့်အပ်ခဲ့ပြီးတဲ့ နောက်ပိုင်းမှာ ကစားပုံပြောင်းလဲလာကာ ပရီမီယာလိဂ်မှာ တန်းဆင်းဇုန်ကနေရုန်းထွက်နိုင်ခဲ့တဲ့အပြင် ဒီပြိုင်ပွဲမှာလည်း လီဗာပူးလိုအသင်းကြီးကိုတောင် အနိုင်ရကာ ဗိုလ်လုပွဲအဆင့်အထိ တက်နိုင်ပါတယ်။ ဒါပေမယ့် ပရီမီယာလိဂ်ရာသီပိတ်ကာလမှာ ဆောက်သမ်တန်ကို ၆-၁ နဲ့ ရှုံးနိမ့်မှုတွေအရ ဗီလာဟာ အသင်းကြီးတွေနဲ့ ရင်ဆိုင်ရာမှာလိုအပ်ချက်တွေရှိနေဆဲဆိုတာ ထင်ရှားပါတယ်။ အထူးသဖြင့် ဗီလာဟာ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း ရာသီပိတ်ကာလတွေမှာ ခံစစ် ကစားပုံအားနည်းခဲ့ကာ ဆောက်သမ်တန်ကို ခြောက်ဂိုး၊ အဲဗာတန်ကို နှစ်ဂိုး၊ မန်စီးတီးကို သုံးဂိုး၊ ကျူပီအာကို သုံးဂိုး၊ မန်ယူကိုသုံးဂိုးနဲ့ ဆွမ်ဆီးကို တစ်ဂိုးပေးခဲ့ရပါတယ်။

ဒါကြောင့် အဆိုပါခံစစ်မျိုးနဲ့ အာဆင်နယ်တိုက်စစ်ကို ရေရှည်ထိန်းချုပ်နိုင်ဖို့ မလွယ်တာကြောင့် ဒီပွဲမှာတော့ အာဆင်နယ်ကသာ အနိုင်ရဗိုလ်စွဲသွားမှာသေချာပါတယ်။

**ရှိုင်းမင်းမင်း**

| အာဆင်နယ်၏ချန်ပီယံဖြစ်ခဲ့မှုများ | ဗီလာ၏ချန်ပီယံဖြစ်ခဲ့မှုများ |
|---|---|
| ၁၉၃၀၊ ၁၉၃၆၊ ၁၉၅၀၊ ၁၉၇၁၊ ၁၉၇၉၊ ၁၉၉၃၊ ၁၉၉၈၊ ၂၀၀၂၊ ၂၀၀၃၊ ၂၀၀၅၊ ၂၀၁၄၊ | ၁၈၈၇၊ ၁၈၉၅၊ ၁၈၉၇၊ ၁၉၀၅၊ ၁၉၁၃၊ ၁၉၂၀၊ ၁၉၅၇။ |


## ကာဘာယီကိုခေါ်ယူခွင့်ရရန် အာဆင်နယ်နီးစပ်နေ



အာဆင်နယ်နည်းပြ ဝင်းဂါးက ပီအက်စ်ဂျီကွင်းလယ်လူ ကာဘာယီကိုခေါ်ယူဖို့ တစ်ကျော့ပြန်စိတ်ဝင်စားနေပြီး ကစားသမားကိုယ်တိုင်ကလည်း ပီအက်စ်ဂျီရဲ့ လူစာရင်းမှာ ကြယ်ပွင့်ကစားသမားတွေများနေတဲ့အတွက် ပုံမှန်ပွဲထွက်ခွင့်ဆုံးရှုံးနေတာကြောင့် အသင်းပြောင်းရွှေ့ဖို့ ဆန္ဒရှိနေတာဖြစ်ပါတယ်။ အာဆင်နယ်ဟာ မနှစ်က နယူးကာဆယ်နဲ့ ပြောင်းရွှေ့ကြေးကိစ္စ ညှိနှိုင်းမရခဲ့တာကြောင့် ကာဘာယီကို လက်လွှတ်ခဲ့ရတာဖြစ်ပါတယ်။

ကာဘာယီအနေနဲ့ ဒီနှစ်ဘောလုံးရာသီမှာ ပီအက်စ်ဂျီအတွက် စုစုပေါင်း ၁၃ ပွဲသာ ဝင်ရောက်ကစားခွင့်ရခဲ့တာကြောင့် ဒီအနေအထားနဲ့ဆိုရင် ပြင်သစ်လက်ရွေးစင်ကစားသမားဘဝကိုပါ ထိခိုက်လာမှာဖြစ်တဲ့အတွက် ပရီမီယာလိဂ်ကိုတစ်ကျော့ပြန်ခြေချဖို့ ကြိုးပမ်းနေတာဖြစ်ပါတယ်။ ဒါပေမယ့် အာဆင်နယ်ရဲ့ လက်ရှိကွင်းလယ်အင်အားဟာ တောင့်တင်းမှုရှိနေတဲ့အတွက် ကွင်းလယ်ကစားသမားထက် တိုက်စစ်မှူးတစ်ယောက်သာ ထပ်မံခေါ်ယူဖို့ကြိုးပမ်းသင့်တယ်ဆိုပြီး ဝေဖန်မှုတွေလည်းရှိနေပါတယ်။

# ပြင်သစ်အိုးပင်းတတိယအဆင့်ပွဲစဉ်များသို့ ရှာရာပိုဗာနှင့် ဖက်ဒဲရာတို့ တက်ရောက်



ပြင်သစ်အိုးပင်း အမျိုးသမီးတစ်ဦးချင်းပွဲစဉ်မှာ လက်ရှိ ချန်ပီယံမာရီယာရှာရာပိုဗာနှင့် အမျိုးသားပြိုင်ပွဲမှာ ဂရင်းစလင်းစံချိန်ရှင် ဖက်ဒဲရာတို့နှစ်ဦးစလုံးဟာ ဒုတိယအဆင့်ပွဲစဉ်ယှဉ်ပြိုင်စဉ်အတွင်း ပြိုင်ဘက်အသီးသီးကို အလွယ်တကူအနိုင်ယူကာ တတိယအဆင့်ပွဲစဉ်များသို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

အသက်(၂၈)နှစ်ရှိပြီဖြစ်သည့် ရုရှားတင်းနစ်မယ် ရှာရာပိုဗာသည် တစ်နိုင်ငံတည်းသူ ဗစ်တားလီးယားဒီချန်ကိုအား ပွဲကစားချိန်၈၁မိနစ်အတွင်း ၆-၃၊ ၆-၁ဖြင့်အလွယ်တကူပင် အနိုင်ယူနိုင်ခဲ့သည်။ ဆွစ်ဇာလန်တင်းနစ်အကျော်အမော် ဖက်ဒဲရာကလည်း တန်ပြန်ရိုက်ချက်များတွင် အကောင်းဆုံးပုံစံပြန်လည်ရရှိခဲ့ကာ ပြိုင်ဘက်စပိန်နိုင်ငံသား မာဆယ်လ်ဂရန်နိုလာစ်အား ၆-၂၊ ၇-၆ (၇-၁)၊ ၆-၃ဖြင့်အနိုင်ယူနိုင်ခဲ့သည်။

ရှာရာပိုဗာက“ ကျွန်မပိုပြီးကောင်းလာ တယ်လို့ခံစားရပါတယ်။ ဒီပွဲမှာ ဘယ် အချိန်မှာဘယ်လိုတန်ပြန်ကစားရမယ် ဆိုတဲ့ ဆုံးဖြတ်ချက်မျိုးလည်းပြတ်ပြတ်သားသား ဆုံးဖြတ်နိုင်ခဲ့တယ်။ အခုဆို ကျွန်မရဲ့ ကြံ့ခိုင်မှုကလည်း အကောင်းဆုံး အနေအထားကို ပြန်ရောက်လာပါပြီ ” ဟု ပွဲအပြီးတွင်ပြောကြားခဲ့သည်။

အခြားပွဲစဉ်တစ်ရပ်၌ ၂၀၁၄ အမျိုးသမီးတစ်ဦးချင်းပွဲစဉ်တွင် ဗိုလ်လုပွဲ အထိတက်ရောက်နိုင်ခဲ့သော ဆီမွန်နာဟီးလပ်သည် မာဂျာရာလူဆစ်အားမထင်မှတ်ဘဲ အရေးနိမ့်ကာ ပြိုင်ပွဲကို လက်ပြနှုတ်ဆက်ခဲ့ရသည်။

## ဘာစီလိုနာမှလွဲ၍တခြားအသင်းသို့ ပြောင်းရွှေ့ကစားရန်စိတ်ကူးမရှိဟု ပီကေးဆို

ဘာစီလိုနာနောက်ခံလူ ပီကေးက ယခုနှစ်ကလပ်အသင်း၏ စွမ်းဆောင်ရည်မှာ ဖလားသုံးလုံးရရှိရန်လုံလောက်နေပြီး ဘောလုံးလောကမှ အနားယူသည်အထိ ဘာစီလိုနာမှလွဲ၍ အခြားအသင်းသို့ ပြောင်းရွှေ့ကစားရန် စဉ်းစားထားခြင်းမျိုးမရှိဟု ဆိုခဲ့သည်။ ထို့ပြင် ၎င်းအနေဖြင့် အသက်အရွယ်ကြီးလာသည်နှင့် အမျှ ပိုမိုကောင်းမွန်သောခြေစွမ်းမျိုး ရရှိလာသည်ဟုလည်း ယုံကြည်ကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

ပီကေးသည် လွန်ခဲ့သည့်ခုနစ်နှစ်တာကာလက မန်ယူမှ ဘာကာသို့ ပြောင်းရွှေ့လာခဲ့ပြီးနောက် ကမ္ဘာ့အကောင်းဆုံး နောက်ခံလူတစ်ဦးအဖြစ်ရောက်ရှိလာခဲ့သူဖြစ်သည်။ အသက်(၂၈) နှစ်အရွယ်ရှိပီကေးသည် လက်ရှိတွင် ဘာစီလိုနာနှင့်ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ လေးနှစ်ကျန်ရှိနေသေးပြီး ကာတာကလပ် အယ်လ်ဆတ်သို့ပြောင်းရွှေ့သွားသော အသင်းဖော် ဇာဗီကဲ့သို့ အခြားကလပ်အသင်းသို့ပြောင်းရွှေ့ရန် အစီအစဉ် မရှိဟု ဆိုခဲ့သည်။

“ကျွန်တော်ဘာကာမှာပဲ အနားယူမှာပါ။ ကျွန်တော် ကိုယ့်ကိုယ်ကိုယ်အသက်ကြီးလာတယ်ဆိုတာ သတိမထားမိဘဲ ပိုပြီးခြေစွမ်းကောင်းလာတယ်လို့ပဲခံစားရပါတယ်။ ဘာစီလိုနာဂျာစီကလွဲပြီး အခြားအသင်းရဲ့ ဂျာစီကို ဝတ်ဆင်ကစားဖို့ ဘယ်တုန်းကမှ စိတ်ကူးမရှိခဲ့တာကတော့ အသေချာဆုံးကိစ္စရပ်ပါ။ ကျွန်တော်တို့အသင်းက လက်ရှိအခြေအနေမှာ ဘယ်လိုတောင့်တင်းတဲ့အသင်းကိုမဆို အနိုင်ယူနိုင်စွမ်းရှိနေပြီး နောက်ထပ်ဖလားနှစ်လုံး ဆက်တိုက်ရရှိမယ်ဆိုတာယုံကြည်ချက်အပြည့်ရှိပါတယ်” ဟု ပီကေးက ပြောကြားခဲ့သည်။

**မေလှဲ့သင်း - စုစည်းသည်**

# ဆွစ်ဇာလန်နိုင်ငံသူနှစ်ဦး၏ ပျောက်ဆုံးပစ္စည်းများ ပြန်လည်ရှာဖွေပေးအပ်

**ညောင်ဦး မေ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့၌ လည်ပတ်စဉ်က ပျောက်ဆုံးသွားခဲ့သော ဆွစ်ဇာလန်နိုင်ငံသူနှစ်ဦး၏ ခရီးဆောင်အိတ်အတွင်းမှ ကင်မရာတစ်လုံးနှင့် ငွေအချို့ပြန်လည်တွေ့ရှိသဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းရဲတပ်ဖွဲ့(ရှမ်း)က (ပုဂံ)အဖွဲ့နှင့်ချိတ်ဆက်၍ တာဝန်ရှိသူများက ပိုင်ရှင်ဖြစ်သူထံသို့ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုဂံယဉ်ကျေးမှုဒေသတွင် အလည်အပတ်ရောက်ရှိနေသော ဆွစ်ဇာလန်နိုင်ငံသူနှစ်ဦးသည် ရှမ်းပြည်နယ် ညောင်ရွှေမြို့သို့ရောက်ရှိလည်ပတ်စဉ် ၎င်းတို့၏ ကျောပိုးအိတ်နှစ်လုံးအား Golden Lake Tour Services ထံ အပ်နှံကာ ညောင်ရွှေမှ ကလောသို့ အဆိုပါ Tour Services အစီအစဉ်ဖြင့် သွားရောက်ခဲ့ကြောင်း၊ ထို့နောက် မန္တလေးသို့ တောင်ပေါ်သားမော်တော်ယာဉ်လိုင်းဖြင့် လိုက်ပါခဲ့ပြီး မန္တလေးမြို့ ET ဟိုတယ်သို့ ရောက်ရှိချိန်တွင် အိတ်အတွင်းရှိပစ္စည်းများအား စစ်ဆေးရာ ကင်မရာတစ်လုံး မပါရှိသဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းရဲတပ်ဖွဲ့(မန္တလေး)ထံ အကူအညီတောင်းခံခဲ့ကြောင်း သိရသည်။

ယင်းပျောက်ဆုံးမှုနှင့်ပတ်သက်၍ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းရဲတပ်ဖွဲ့(မန္တလေး)မှ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းရဲတပ်ဖွဲ့(ရှမ်း)သို့ အကြောင်းကြားခဲ့ရာ တပ်ဖွဲ့စုမှူး၏ကြီးကြပ်မှုဖြင့် ရဲအုပ်စိုးနိုင်လင်း ဦးစီးတပ်ဖွဲ့ဝင်များသည် ညောင်ရွှေမြို့ ရုံးကြီးလမ်းအတွင်းရှိ Golden Lake Tour Services သို့သွားရောက်၍ ပိုင်ရှင်ဖြစ်သူ ဦးဇေယျာဖြိုးနှင့် အလုပ်သမားများအား စုံစမ်းမေးမြန်းခဲ့ရာ ၎င်းဆွစ်ဇာလန်နိုင်ငံသူ နှစ်ဦးနှင့်အတူ ဧည့်လမ်းညွှန်အဖြစ်လိုက်ပါသွားသော မောင်တီးမောင်မှတစ်ဆင့် အကြောင်းကြားလာ၍ ပစ္စည်းကျန်ခဲ့သည့် ဖြစ်စဉ်အား သိရှိရကြောင်း၊ ထို့နောက် ဆွစ်ဇာလန်နိုင်ငံသူကျန်ရစ်ခဲ့သည်ဟု ယူဆရသော အမေရိကန်ဒေါ်လာ ၁၀၀ တန် လေးရွက်၊ ၅၀ တန် နှစ်ရွက်၊ ၂၀တန် လေးရွက်၊ ၁၀ တန် ၁၁ရွက်၊ ငါးဒေါ်လာတန် တစ်ရွက်၊ တစ်ဒေါ်လာတန် တစ်ရွက် စုစုပေါင်းအမေရိကန် ဒေါ်လာ ၇၀၀၊ Nikon တံဆိပ်ပါ အပြာရောင်ကင်မရာတစ်လုံး၊ Lonely Planet စာအုပ်တစ်အုပ်၊ ကင်မရာထည့်ထားသည့် နက်ပြာရောင်ဇစ်ဆွဲ သရေအိတ်အသေးတစ်လုံးတို့ကို အပ်နှံခဲ့ကြောင်း၊ မေ၂၅ရက်တွင် ဆွစ်ဇာလန်နိုင်ငံသူနှစ်ဦးမှာ မန္တလေးမှ ပုဂံမြို့သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။ အဆိုပါ



ပစ္စည်းများကို ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း(ပုဂံ)မှ တစ်ဆင့် ညောင်ဦးမြို့ အမှတ်(၃) ရပ်ကွက် အိုအေစစ်ဟိုတယ်တွင် တည်းခိုလျက်ရှိသော ဆွစ်ဇာလန်နိုင်ငံသူထံ သွားရောက်ကာ ပစ္စည်းများကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**(ရဲသူရအောင်)**

---

# ရန်ကုန်ဘူတာကြီးတွင် တရားမဝင် ရေခဲသေတ္တာနှင့် စည်သွတ်ဘူးများ သိမ်းဆည်းရမိ



**ရန်ကုန် မေ ၂၈**

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီသည် နိုင်ငံတော်အခွန်ငွေတိုးတက်ရရှိရေးနှင့် တရားဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ်ရောက်ရှိရေးအတွက် အဖွဲ့စုံပါဝင်သော Mobile Team အဖွဲ့များဖွဲ့၍ စစ်ဆေးဆောင်ရွက်လျက်ရှိရာ မေ ၂၇ ရက် ညနေ ၆ နာရီတွင် ရန်ကုန်ဘူတာကြီးသို့ဆိုက်ရောက်လာသော မော်လမြိုင်မြို့မှထွက်ခွာလာသည့် အမှတ်(၉)အစုန်ရထားအား စစ်ဆေးရာ တွဲအမှတ် GBH 40039 ကုန်တင်တွဲပေါ်တွင် တရားမဝင်တင်သွင်းလာသည့် ရေခဲသေတ္တာ ၂၅ လုံး နှင့် စည်သွတ်ဘူး ၆၅ ဖာကို သိမ်းဆည်းရမိခဲ့ပြီး ၎င်းပစ္စည်းများအား အကောက်ခွန်အမှုတွဲဖွင့်၍ ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်မြင့်အေး (ပြန်/ဆက်)**

---

# စီးတီးမတ်(မော်တင်)တွင် မီးခံသေတ္တာအတွင်းမှ ငွေကျပ် သိန်း ၁၃၀ ခိုးယူခံရ

**ရန်ကုန် မေ ၂၈**

လမ်းမတော်မြို့နယ် (၃)ရပ်ကွက် Junction(မော်တင်) CityMart ၌ မန်နေဂျာ မသင်းသင်းခိုင်သည် မေ ၂၅ ရက်က ရောင်းချရငွေ ၂၁၇၁၈၈၆၃ ကျပ်အား ရုံးခန်းရှိ မီးခံသေတ္တာအတွင်း သော့ခတ်သိမ်းဆည်း၍ သော့အား ရုံးခန်းအတွင်း ဗီရိုအံဆွဲအတွင်း ထည့်ထားပြီး နေအိမ်သို့ပြန်ခဲ့သည်။ မေ ၂၆ ရက် နံနက် ၈ နာရီ မိနစ် ၄၀ ခန့်တွင် ငွေများ သိမ်းဆည်းခဲ့သော မီးခံသေတ္တာမှာ ပွင့်နေကြောင်း Supervisor အောင်မျိုး(၂၇)နှစ် ပိတောက်(၇)လမ်း (၅၂)ရပ်ကွက် မြောက်ဥက္ကလာပ မြို့နယ်နေသူက အကြောင်းကြားသဖြင့် ငွေများကို သွားရောက်စစ်ဆေးရာ ငွေကျပ်သိန်း ၁၃၀ မှာ ပျောက်ဆုံးနေကြောင်း သိရသည်။ CCTV မှတ်တမ်းများအရ City Mrt မှ လုံခြုံရေးဝန်ထမ်းဖြစ်သူ နိုင်နိုင်(၁၇)နှစ် ရေကျော်ရွာ ဒေးဒရဲမြို့နယ် ဧရာဝတီတိုင်းဒေသကြီး နေသူဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ငွေများခိုးယူသူ နိုင်နိုင်အား အရေးယူပေးရန် မသင်းသင်းခိုင်က တရားလိုပြုလုပ်တိုင်တန်းသဖြင့် လမ်းမတော်မြို့နယ် မြို့မရဲစခန်းက ဖမ်းဆီးရမိရေး စုံစမ်းဖော်ထုတ်ခဲ့ရာ မေ ၂၆ ရက်ညနေ ၃ နာရီခန့်တွင် နိုင်နိုင်အား ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။ **(မောင်စေအောင်)**

---

# ယာဉ်မဆင်မခြင် မောင်းနှင်မှုကြောင့် စက်ဘီးတွန်းလာသူသေဆုံး

**ရန်ကုန် မေ ၂၈**

ဒဂုံ(မြောက်)မြို့နယ် (၂၇) ရပ်ကွက်တွင် မေ ၂၆ ရက် ည ၉ နာရီက ဘုရင့်နောင်လမ်းအတိုင်း ဒဂုံ(မြောက်)မြို့နယ်မှ ဒဂုံ(တောင်)မြို့နယ်ဘက်သို့ ဒဂုံအရှေ့မြို့နယ် (၁၁)ရပ်ကွက် ဒုဌဝတီလမ်းနေ သက်နိုင်မောင်(၂၅)နှစ် မောင်းနှင်လာသော ဆူဇူကီး WAGON (R+)အငှားယာဉ်မှာ ဧရာဝတီဘဏ်အလွန် ပင်လုံအပိုင်း (၂)လမ်းထိပ်အရောက် အရှေ့မှ အနောက်သို့ စက်ဘီးတွန်း၍လမ်းဖြတ်ကူးနေသောဒဂုံ(မြောက်)မြို့နယ် (၂၇)ရပ်ကွက် ဦးရခိုင်ကြီး(ခ)ဦးပြားရှည် (၄၀)နှစ် အား ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် ဦးပြားရှည်မှာ ဒဏ်ရာများရရှိကာ မြောက်ဥက္ကလာပဆေးရုံသို့ တင်ပို့ကုသစဉ် သေဆုံးသွားသောကြောင့် ဒဂုံ(မြောက်)မြို့မရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဝ၄၀)**

---

**မူးယစ်ဆန့်ကျင် အောင်ပွဲဆင်**

---

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၈**

### တာချီလိတ်မြို့နယ်

မူးယစ်တပ်ဖွဲ့စု (၁၀၄) နေပြည်တော်နှင့် မူးယစ်တပ်ဖွဲ့စု (၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များသည် မေ ၂၅ ရက်က တာချီလိတ်မြို့ လွယ်တော် ခမ်း ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ဂျောပကျေးရွာဘက်မှ တာချီလိတ်မြို့ဘက်သို့ အားပြေးမောင်းနှင်ပြီး လော်တဲ့လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၇၀ သိမ်းဆည်းရမိသဖြင့် အားပြေး (၁၈)နှစ်နှင့် လော်တဲ့ (၁၉) နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

### ဖားကန့်မြို့နယ်

မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် မေ ၂၄ ရက်က ဖားကန့်မြို့နယ် လုံးခင်းကျေးရွာ ရပ်ကွက်(၄)နေ စံသိန်းနေထိုင်သည့် အိပ်ခန်းကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀ သိမ်းဆည်းရမိသဖြင့် စံသိန်း(၅၇)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

### တာချီလိတ်မြို့နယ်

မူးယစ်တပ်ဖွဲ့စု (၁၀၄) နေပြည်တော်၊ မူးယစ်တပ်ဖွဲ့စု (၃၀)တာချီလိတ် နှင့် တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မေ ၂၃ ရက်က တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်နေ လုံးကျန်း၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၂ ပြား သိမ်းဆည်းရမိသဖြင့် လုံးကျန်း(၇၈)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

### ခမ်းပါတ်မြို့နယ်

မူးယစ်တပ်ဖွဲ့စု (၇) တမူးမှ တပ်ဖွဲ့ဝင်များသည် မေ ၂၃ ရက်က ခမ်းပါတ်မြို့ မင်းသမီးကျေးရွာ မင်းသမီး-မော်လိုက်သွားကားလမ်း နတ်ရေ တွင်းအနီးတွင် မင်းသမီးကျေးရွာဘက်မှ မော်လိုက်မြို့ဘက်သို့ အေးကို မောင်းနှင်ပြီး မလှလှ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ဝ၁၂ ကီလို၊ ဘိန်းစိမ်း သုည ဒသမ ၃၅ ကီလိုနှင့် စိတ်ကြွ ရူးသွပ်ဆေးပြား ၂၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် အေးကို (၂၉)နှစ်နှင့် မလှလှ (၅၀)နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

---



# လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ပဲခူးမြို့နေ(ဦးသိန်းလွင်)-ဒေါ်စန်းစန်းငွေ တို့၏သားကြီး

**ဗိုလ်မှူး မင်းဝဏ္ဏလွင်**

B.Sc (DSA)

နှင့်

နေပြည်တော်နေ ဦးဟန်ဝင်းအောင် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)- ဗိုလ်ကြီးညွန့်ညွန့်ဝေ (ငြိမ်း)တို့၏သမီး

**မဟန်အိစိုး**

B.A (English)

တို့၏ ၁၆-၅-၂၀၁၅ ရက် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC-II)၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်များ ဆင်မြန်းပေးပါသော အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဇနီးဒေါက်တာဒေါ်နန္ဒာမွန်း (အမြဲတမ်းအတွင်းဝန် ယဉ်ကျေးမှုဝန်ကြီးဌာန)တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဇော်ဝင်းနှင့်ဇနီး ဒေါ်ခင်လေးမြင့်၊ ဒေါ်လှဲ့လှဲ့သိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ပေးပါသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်စန်းစန်းရီ၊ စစ်ရေးချုပ် ဗိုလ်ချုပ်ဆန်းဦးနှင့် ဇနီး ဒေါ်ကြူကြူစိုး၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် ဇနီး ဒေါ်စမ်းစမ်းအေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်အေး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းနှင့်ဇနီး ဒေါ်မော်မော်သန်းနှင့် ဂုဏ်သရေရှိဆွေမျိုးမိတ်သင်္ဂဟအပေါင်း တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်သက်လင်း၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော တေးသံရှင်မစိမ်းလဲ့လဲ့နှင့် မခင်မျိုးအေး၊ မင်္ဂလာစောင်းတီးခတ်ပေးပါသော မဏိသာ၊ မင်္ဂလာပန်းကြဲပေးပါသော မအိအိန္ဒြာဆွေ၊ မင်္ဂလာအောင်စံပယ်ပန်းနှင့် မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးပါသော မဝင်းလဲ့ဖြူနှင့် မလမင်းခ၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီး ရဲနောင်ဇော်နှင့် ဗိုလ်ကြီး ဟန်ဦးအောင်၊ မင်္ဂလာသတို့သမီးအရံ မဟန်အိစံနှင့် မမိုးမခ၊ မင်္ဂလာဝတ်စုံများဆင်မြန်းပေးပါသော ဒီဇိုင်နာ ပြည်စိုးအောင်၊ မိတ်ကပ် ဒီဇင်ဘာနှင်းနှင့်အဖွဲ့၊ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုများရိုက်ကူးပေးပါသော တင့်ဇော်ထွန်း(ကေသီပန်)နှင့်အဖွဲ့၊ Prewedding ဓာတ်ပုံနှင့် ဗီဒီယိုများရိုက်ကူးပေးသော Forever Studio၊ မေတ္တာဖြင့် လက်ဝတ်ရတနာများဆင်မြန်းပေးသော စိန်သရဖူ(စိန်ရတနာဆိုင်)၊ မင်္ဂလာဖိတ်စာများဆောင်ရွက်ပေးပါသော Dagon Printing & Invitation Cards၊ ပန်းအလှဆင်ခြင်းနှင့်စားသောက်ဖွယ်ရာများအား တည်ခင်းဧည့်ခံပေးပါသော Bawga Theiddhi မှ မန်နေဂျာ ဦးအောင်မြတ်မင်းနှင့် ဝန်ထမ်းများ၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနမှ တာဝန်ခံအရာရှိနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ၂၃-၅-၂၀၁၅ ရက်တွင် ပဲခူးမြို့ရှိ သာသနာ့ဗိမာန်တော်တွင် ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းအပေါင်းနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်မှူး မင်းဝဏ္ဏလွင်-မဟန်အိစိုး**

# ဆေးပညာသတင်းဆန်းများ(၉၇)

**à ဒေါက်တာကံညွန့်**

ကမ္ဘာမှာ အမျိုးသမီးပေါင်း ၆၂ သန်းဟာ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ခွင့် မရဘူးလို့ဆိုပါတယ်။ ဒါဟာ အနာဂတ်ကမ္ဘာအတွက် အထူးစိုးရိမ်စရာဖြစ်တယ်။ ဘာကြောင့်လဲဆိုရင် အမျိုးသမီးတွေ ပညာမတတ်ရင် သူတို့ဟာ သူတို့ကျန်းမာရေးကို သူတို့ဘယ်လို စောင့်ရှောက်ရမှန်းမသိနိုင်ဘူး။

ဥပမာ အစာအာဟာရပြည့်ဝအောင် စားသောက်ဖို့ ကျန်းမာရေးနဲ့ ညီညွတ်အောင် ဘယ်လိုနေ၊ ဘယ်လိုထိုင်ဆိုတာကအစ သိနိုင်ကြမှာမဟုတ်ဘူး။ ဒါ့အပြင် အသက်ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်သည်ဖြစ်ရတာတို့၊ မိခင်လောင်းဘဝမှာ ဘာတွေလုပ်ဆောင်ရမလဲဆိုတာတွေလဲ သိနိုင်ကြမှာမဟုတ်ဘူး။ ဒါအတွက် ဆက်စပ်သက်ရောက်မှုတွေကတော့ မိခင် လောင်းသေဆုံးမှု၊ မီးတွင်းမိခင်သေဆုံးမှု၊ မွေးကင်းစကလေးသေဆုံးမှု၊ ငါးနှစ်အောက်ကလေး သေဆုံးမှုများပြားလာခြင်းတွေ ဖြစ်ပါတယ်။

ကျန်းမာရေးပညာ ဗဟုသုတနည်းပါးတာကြောင့် သားဆက်ခြားခြင်းကိုလည်း နားမလည်နိုင်ဘဲ မွေးပြီးကလေးတွေကို လူစဉ်မှီအောင် ကျွေးမွေးစောင့်ရှောက်နိုင်ဖို့ ခဲယဉ်းပြီး ကျန်းမာသန်စွမ်းတဲ့ ကလေးတွေအဖြစ် ကြီးပြင်းလာဖို့ နည်းပါးသွားနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသမီးတွေ အနည်းဆုံး အလယ်တန်းအဆင့် သို့မဟုတ် အထက်တန်းအဆင့် ပညာသင်နိုင်ကြဖို့ လိုအပ်ပါတယ်။

ဒါဟာ နိုင်ငံတိုင်းရဲ့ အစိုးရတွေမှာ တာဝန်ရှိကြပါတယ်။ ယခုအမေရိကန်အစိုးရဟာ Let Girls Learn အစီအစဉ်တစ်ခုကို ဆောင်ရွက်ဖို့ ဆုံးဖြတ်လိုက်ပြီး သမ္မတအိုဘားမားနှင့်ဇနီး မီချဲအိုဘားမားကိုယ်တိုင် ဦးဆောင်ပြီး ကမ္ဘာတစ်ဝှမ်းက နိုင်ငံတွေကို သွားရောက်လှုံ့ဆော်ပေးနေပါတယ်။ ယခုဗြိတိန်နိုင်ငံမှာ ပညာသင်ယူရင်း ခေတ္တနေထိုင်နေတဲ့ ပါကစ္စတန်နိုင်ငံသူ နိုဘယ်ငြိမ်းချမ်းရေးဆုရှင် မာလာလာဟာလည်း မိန်းကလေးတွေ ပညာသင်ကြားခွင့်ရရှိရေး တက်ကြွစွာ လှုံ့ဆော်နေသူတစ်ဦးဖြစ်ပါတယ်။

အမျိုးသမီးတွေ ပညာတတ်မြောက်ရေးဟာ သူတို့ကိုယ်တိုင်နှင့် သူတို့ကမွေးလာတဲ့ ကလေးတွေရဲ့ ကျန်းမာရေးအခြေအနေ ကောင်းမွန်ဖို့ အဓိကအကြောင်းတစ်ရပ်ဖြစ်လို့ အထူးအားပေးသင့်ကြောင်း တင်ပြလိုက်ရပါတယ်။

Pace Maker ဆိုတာ တော်တော်များများ သိကြပြီးဖြစ်ပါတယ်။ ဒီကိရိယာလေးဟာ နှလုံးခုန်နှုန်းမမှန်သူတွေ၊ နှလုံးရပ်သွားနိုင်သူတွေမှာ နှလုံးခုန်နှုန်းမှန်အောင်ထည့်ပေးထားတဲ့ စက်ကလေးပါ။ ဒီစက်ဟာ အရင်က ဘက်ထရီနဲ့ လည်နေတာဖြစ်ပြီး ဒီဘက်ထရီလေးကို အနည်းဆုံးခုနစ်နှစ်တစ်ခါလောက် လဲပေးရတာပါ။

အခုတော့ ဘက်ထရီထုတ်စရာမလိုတော့ဘဲ ကိုယ်ခန္ဓာရဲ့လှုပ်ရှားမှုနဲ့ သူ့အလိုလို ဓာတ်အားရနိုင်တဲ့ Nanogenerator ထည့်ထားတဲ့ Pace Maker တစ်ခုကို တီထွင်နိုင်ခဲ့ပါပြီ။ ဒါကို တီထွင်နိုင်ခဲ့သူတွေကတော့ တောင်ကိုရီးယားနိုင်ငံ Daejeon မြို့ Korean Advanced Institute of Science and Technology က သုတေသနပညာရှင်တွေဖြစ်ပါတယ်။

သူတို့ဟာ Flexible Piezo Electric Nanogenerator ကို တီထွင်ပြီး ကြွက်တွေမှာ စမ်းသပ်တဲ့အခါ အထူးအောင်မြင်တာကိုတွေ့ရတယ်လို့ဆိုပါတယ်။ ဒီအင်မတန်သေးငယ်တဲ့ Plate ပြားလေးဟာ ခေါက်ရိုးပုံရှိပြီး ပုံမှန်လှုပ်ရှားမှုနဲ့ Energy ကို ထုတ်ပေးနိုင်တယ်လို့ဆိုပါတယ်။ ဒီကထွက်တဲ့ 8.2 V နှင့် 0.22 Multi Amp ဓာတ်အားဟာ နှလုံးကိုပုံမှန်အလုပ်လုပ်စေဖို့ လုံလောက်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဒီ Pace Maker ကို အရင်တုန်းကလို ခုနစ်နှစ်တစ်ခါခွဲထုတ်ပြီး ဘက်ထရီလဲစရာမလိုတော့ဘူးဆိုရာ တင်ပြလိုက်ရပါတယ်။

အရင်တုန်းကဆိုရင် ကင်ဆာရောဂါရှင်တစ်ဦးကို သူ့ရဲ့ကင်ဆာဟာ ဘာ Cells အမျိုးအစားလဲဆိုတာ သိနိုင်ဖို့ Biopsy လို့ခေါ်တဲ့အသားစထုတ်ယူပြီး ဓာတ်ခွဲခန်းမှာ စမ်းသပ်ရတာပါ။ ကင်ဆာ Cells စမ်းသပ်ရတာ ဘာကြောင့်အရေးကြီးသလဲဆိုရင် Cells အမျိုးအစားပေါ်မှာမူတည်ပြီး အပွားမြန်တဲ့ ကင်ဆာလား၊ ဓာတ်ရောင်ခြည်နှင့် ကုလို့ရတဲ့ ကင်ဆာလား၊ ဘယ်လိုဆေးမျိုးနဲ့ ကုလို့ရတဲ့ ကင်ဆာလဲစသဖြင့် သိနိုင်အောင်လို့ပါ။ အခုတော့ အဲဒီလိုသိနိုင်ဖို့ အသားစယူပြီး တစ်ပတ်နှစ်ပတ်ကြာ စမ်းသပ်၊ အဖြေစောင့်ဖို့ မလိုတော့ပါဘူး။

လူနာထံက ပုံမှန်သွေးစစ်သလို သွေး (6ml) ၆ မီလီမီတာလောက်ယူပြီး ငါးနာရီလောက်ကြာ စမ်းသပ်လိုက်တာနဲ့ သိနိုင်ပါပြီ။ ဒီနည်းဟာ သွေးထဲမှာပါလာတတ်တဲ့ ကင်ဆာရှိရာနေရာက ပြုတ်ထွက်လာတဲ့ Cancer Cells လေးတွေကို Soung Wave အသုံးပြုပြီး ရယူစမ်းသပ်တဲ့နည်းပါ။ ဒီနည်းကို အသုံးပြုဖို့ တီထွင်နိုင်ခဲ့သူတွေကတော့ အမေရိကန်နိုင်ငံ Massachusetts Institute of Technology,Pennsylvania State University နှင့် Carregie Mellon University က ဆေးပညာရှင်တွေဖြစ်ပါတယ်။ ဒီကိရိယာလေးမှာ Microchannel လေးတွေပါဝင်ဖွဲ့စည်းထားပြီး ဒီ Channel လေးတွေရဲ့ တစ်ဖက်တစ်ချက်စီမှာ အသံလှိုင်းကိရိယာလေးတွေ တပ်ဆင်ထားတာဖြစ်တယ်။

ဒီနည်းဟာ Cancer Cells တွေကို မပျက်စီးစေဘဲ Blood Cells တွေထဲက ခွဲထုတ်နိုင်ဖို့ အကောင်းဆုံးနည်းဖြစ်တယ်လို့ ဆိုပါတယ်။ ဒါ့ကြောင့် ကင်ဆာရောဂါကုသရေးမှာ ဒီနည်းပေါ်လာတာဟာ အင်မတန်ထိရောက်တဲ့ အောင်မြင်မှုတစ်ခုအဖြစ် တင်ပြလိုက်ရပါတယ်။

နေပူစာလှုံကြသူတွေ အထူးသတိထားကြဖို့ အထူးသဖြင့် နံနက် ၁၀ နာရီက မွန်းလွဲ ၂ နာရီအတွင်း လုံးဝမလှုံကြဖို့နှင့် Sun creams တွေကို အားကိုးပြီး နေပူထဲမှာ တစ်နာရီထက် ပိုမနေသင့်ဘူးလို့ သတိပေးထားတဲ့ လေ့လာချက်စာတမ်းတစ်ခု ထွက်ပေါ်လာပါတယ်။ ဒါကတော့ နာမည်ကျော် Yale University School of Medicine က ဆေးပညာရှင်တွေ လေ့လာထားချက်ကို Science Journal မှာ ဖော်ပြထားတာပါ။ သူတို့လေ့လာချက်အရ အရေပြား၊ မျက်လုံးနှင့် ဆံပင်တွေမှာရှိတဲ့ Melanin ဟာ သာမန်အားဖြင့် Ultra Violet Ray ခေါ်တဲ့ (UV) Rays ကို စုပ်ယူနိုင်တဲ့အစွမ်းရှိတဲ့ Pigment တစ်ခုဖြစ်တယ်။ ဒါပေမယ့် 'D UV Rays တွေဟာ မမျှော်လင့်ဘဲ ဖြစ်ပေါ်တတ်တဲ့ Chemical Reaction တစ်ခုကြောင့် Melanin ကို ထုတ်လုပ်ပေးနေတဲ့ Malanocyte Cells တွေမှာပါတဲ့ DNA ကို ပျက်စီးစေပြီး Melanoma ဆိုတဲ့ အရေပြားကင်ဆာကို ဖြစ်ပေါ်စေတယ်လို့ဆိုပါတယ်။

ဒါဟာ တစ်ခါတစ်ရံ နာရီပိုင်းအတွင်းမှာ ဖြစ်ပျက်နိုင်တဲ့အရာဖြစ်တယ်လို့ သူတို့ရဲ့ စမ်းသပ်သုတေသနပြုမှုမှာ တွေ့ရှိရတယ်လို့ ဆိုပါတယ်။ ဒါကြောင့် အခုလို အပူချိန်ပြင်းထန်တဲ့ အချိန်မှာ နေပူထဲမှာ အကာအကွယ်မဲ့ ကြာကြာမနေဘဲ နံနက် ၁၀ နာရီက မွန်းလွဲ ၂ နာရီအတွင်း အပြင်ထွက်ရင် ထီး (သို့မဟုတ်) ဦးထုပ်ကျယ်(သို့မဟုတ်) ခမောက်ဆောင်း၊ နေကာမျက်မှန် တပ်ဆင်သွားလာသင့်ကြောင်း ထပ်မံသတိပေးလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ လက်ဖက်ရည်ကြိုက်သူတွေအတွက်ပါ။ လူတစ်ယောက်ဟာ လက်ဖက်ရည်ကို တစ်နေ့ အလွန်ဆုံးသုံးခွက်ထက် ပိုမသောက်သင့်ဘူးဆိုတဲ့ အကြောင်းပါ။ လူတစ်ယောက်ဟာ လက်ဖက်ရည်များများသောက်ရင် ကျောက်ကပ်ပျက်စီးသွားနိုင်တယ်။ ဒီလိုလက်ဖက်ရည်အသောက်များလို့ ကျောက်ကပ်ပျက်စီးသွားတာကို Iced Tea Nephropathy လို့ခေါ်ကြောင်း လူနာတစ်ဦးရဲ့ ရာဇဝင်နှင့် ဖော်ပြထားတဲ့ New England Journal of Medicine က ဆောင်းပါးတစ်ပုဒ်ကို တင်ပြပါရစေ။

အသက်(၅၆)နှစ်အရွယ် အမေရိကန်လူမျိုးတစ်ဦးဟာ တစ်နေ့မှာ တစ်ခွက် ၉ အောင်စပါတဲ့ခွက်နဲ့ လက်ဖက်ရည် ၁၆ ခွက်သောက်သူပါ။ သူဟာဒီလိုသောက်ပြီး မကြာခင်မှာပဲ ကျောက်ကပ်ပျက်စီးတဲ့ရောဂါနဲ့ ဆေးရုံတင်လိုက်ရပါတယ်။ ဆေးပညာရှင်တွေကတော့ သူ့ရဲ့ကျောက်ကပ်ဟာ လက်ဖက်ရည်မှာပါဝင်တဲ့ Oxalate ဓာတ်ကြောင့် ပျက်စီးသွားရတာလို့ဆိုပါတယ်။ အမေရိကန် Academy of Nutrition and Advisery အဖွဲ့ကြီးရဲ့အဆိုအရ လူတစ်ယောက်ရဲ့အစားအစာတွေမှာ တစ်နေ့ကို Oxalate ဓာတ် 45-50 mgm ထက် ပိုမပါဝင်သင့်ဘူးလို့ ဆိုပါတယ်။ ယခု သူသောက်နေတဲ့ပမာဏဟာ တစ်နေ့ကို Oxalate ဓာတ် 1500 mgm ပါဝင်နေတာကြောင့် အလွန်များပြီး ကျောက်ကပ်ပျက်စီးရတာ လို့ဆိုပါတယ်။ ဒါကြောင့် တန်ဆေးလွန်ဘေးဆိုတဲ့အတိုင်း ဘယ်လောက်ပဲ ကြိုက်နှစ်သက်တဲ့အစာဖြစ်စေ တော်ရုံတန်ရုံသာ စားသုံးသင့်ကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ အီဘိုလာရောဂါနဲ့ ပတ်သက်တဲ့ ထူးခြားချစ်တစ်ခုအကြောင်းပါ။ အီဘိုလာရောဂါဟာ လူကြီးနဲ့ ကလေးတွေမှာ ရောဂါပျိုးရက်၊ ရောဂါလက္ခဏာကအစ ကွာခြားပြီး ကလေးငယ်တွေမှာဖြစ်လာရင် အသေအပျောက်ပိုမြန်တယ်ဆိုတဲ့ လေ့လာထားချက်တစ်ခု အကြောင်းပါ။ ဒီလေ့လာချက်ကိုတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဆေးပညာရှင်တွေနဲ့ လန်ဒန် Imperical College ကဆေးပညာရှင်တွေ ပူးပေါင်းပြုလုပ်ခဲ့ကြတာဖြစ်ပါတယ်။

အားလုံးသိကြတဲ့အတိုင်း ၂၀၁၄ ခု မတ်လလောက်က အစပြုပြီး အနောက်အာဖရိကနိုင်ငံတွေမှာ ဖြစ်ပေါ်ခဲ့တဲ့ အီဘိုလာရောဂါဆိုးကြောင့် ဒီဒေသလူပေါင်း ၁၀၂၀၀ ခန့် အသက်ဆုံးရှုံးခဲ့ရပါတယ်။ ဒီအထဲမှာ ၁၆ နှစ်အောက် ကလေးငယ်ပေါင်း လေးထောင်ကျော်ပါဝင်ခဲ့ပါတယ်။ သူတို့လေ့လာချက်အရ ဒီရောဂါဟာ ကလေးမှာရောဂါပျိုးရက်ပိုမြန်ပြီး အများအားဖြင့် ခုနစ်ရက်ခန့်သာကြာတတ်ပြီး လူကြီးတွေမှာ ၁၀ ရက်ကနေ နှစ်ပတ်ထိကြာတတ်တယ်လို့ ဆိုပါတယ်။

ရောဂါလက္ခဏာအနေနဲ့လည်း ကလေးတွေမှာ အတွင်းအပြင် သွေးယိုထွက်မှုပိုများပြီး အော့အန်ခြင်း၊ ဝမ်းသွားခြင်းတို့ဖြစ်ပြီး မြန်မြန်သေဆုံးရတတ်တယ်လို့ ဆိုပါတယ်။ ရောဂါဖြစ်တဲ့ တစ်နှစ်အောက်ကလေးသေဆုံးနှုန်းဟာ ၉၀ ရာခိုင်နှုန်းရှိပြီး အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း သေဆုံးနှုန်းက ၅၂ ရာခိုင်နှုန်းရှိတယ်လို့ဆိုပါတယ်။ ဒါကြောင့် လူကြီးတွေထက် ကလေးတွေကို ရောဂါမဖြစ်အောင် ကာကွယ်ပေးဖို့ ပိုပြီးပြုလုပ်သင့်ကြောင်း တင်ပြလိုက်ရပါတယ်။




## ဗုဒ္ဓသာသနာအဆုံးအမခံယူ

**ဖယ်ခုံ မေ ၂၈**

ဖယ်ခုံမြို့၌ ဗုဒ္ဓသာသနာအဆုံးအမခံယူပွဲ အခမ်းအနားကို မေ ၂၄ ရက် နံနက် ၉ နာရီက မြို့နယ်သံဃနာယကဥက္ကဋ္ဌ မြို့ကုန်းကျောင်းတိုက်တွင် ကျင်းပခဲ့သည်။

မြို့နယ်သံဃနာယကဥက္ကဋ္ဌ မြို့ကုန်းကျောင်း ဆရာတော်ဘဒ္ဒန္တကေသရထံမှ ငါးပါးသီလခံယူ ဆောက်တည်ပြီး ဩဝါဒခံယူကြသည်။ ဆက်လက်၍ နဝကမ္မဝတ္ထု ဆက်ကပ်လှူဒါန်းပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော် က ဗုဒ္ဓသာသနာအဆုံးအမခံယူသူ ၁၆ ဦးအား သရဏဂုံဆောက်တည်ပေးခဲ့သည်။

**ကိုထွေး(ဖယ်ခုံ)**

## ပဲခူးမြို့၌ကျောင်းအပ်နှံရေးသီတင်းပတ် ဆိုင်းဘုတ်တင်ပွဲကျင်းပ

**ပဲခူး မေ ၂၈**

ပဲခူးမြို့ ရုံးကြီးရပ်ကွက် ရန်ကုန်-မန္တလေး ကားလမ်းဘေး အစိုးရအဖွဲ့ရုံး၌ မေ ၂၆ ရက် နံနက် ၈ နာရီခွဲက ပဲခူးတိုင်းဒေသကြီး ကျောင်းအပ်နှံရေးသီတင်းပတ် ဆိုင်းဘုတ်တင် အခမ်းအနား ကျင်းပရာ ဆိုင်းဘုတ်အား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းက စက်ခလုပ်နှိတ်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက်အင်းတကော်အခြေခံပညာ အထက်တန်းကျောင်း ဘင်ခရာတပ်ဖွဲ့အား ဝန်ကြီးချုပ်က ထောက်ပံ့ငွေကျပ် ၅၀၀၀၀၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ထောက်ပံ့ငွေကျပ် ၅၀၀၀၀ ပေးအပ် ချီးမြှင့်ခဲ့ကြကြောင်းသိရသည်။

နိုင်ငံတော်အစိုးရမှ မြန်မာနိုင်ငံအတွင်းရှိ အခြေခံပညာမူလတန်းကျောင်းသား တစ်ဦးလျှင် ကျောင်းဝတ်စုံတစ်စုံစီ၊ ဗလာစာအုပ်ခြောက်အုပ်၊ ပုံနှိပ်စာအုပ်ဘာသာစုံ၊ အလယ်တန်း ကျောင်းသား၊ကျောင်းသူတစ်ဦးလျှင် ပုံနှိပ်စာအုပ်ဘာသာစုံ အခမဲ့ထောက်ပံ့ပေးသည့်အပြင် ကျောင်းများ၌ မည်သည့်အခကြေးငွေမှ ကောက်ခံထည့်ဝင်ရခြင်းမရှိကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်တွင် မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**ထားဝယ် မေ ၂၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံမြို့နယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ Norwegian Refugee Council (NRC)အဖွဲ့တို့ ပူးပေါင်း၍ မေ ၂၆ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကဒက်ကြီးကျေးရွာ ရွာလယ်တိုက်ကျောင်းတွင် ကဒက်ကြီးကျေးရွာအုပ်စုအတွင်းရှိ မြန်မာနိုင်ငံသား ဥပဒေပုဒ်မ (၅)နှင့်အကျုံး ဝင်သော ကျေးရွာသူ၊ ကျေးရွာသားများအား မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများအားနေ့ချင်းပြီးအခမဲ့ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ သည်။

နိုင်ငံသားစိစစ်ရေးကတ်ပြား ၈၉ ကတ်၊ အိမ်ထောင်စု လူဦးရေ စာရင်းငါးစုံအား ကျေးရွာသူ၊ကျေးရွာသားများ လက်ဝယ်အရောက် တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ထားဝယ်ခရိုင်(ပြန်/ဆက်)**

ဖတ်စရာ

# ဦးခေါင်းထိပ်ပြောင်ခြင်းကင်းဝေးအောင်

**à တင်ထက်ထက်ဇော်**

ဆံပင်ဟာ လှပပျိုမျစ်ခြင်းအတွက် အလွန်အရေးပါသော ရုပ်ဝတ္ထုတစ်ခုပါ။ အမျိုးသားများတွင် အမျိုးသမီးများ လောက် အဓိကမကျသော်လည်း ဦးခေါင်းထိပ်ပြောင်နေခြင်းကိုတော့ ပုထုဇဉ်လူသားတိုင်း မလိုလားသည်မှာ ဓမ္မတာပါ။ အရွယ်ရောက်ပြီး ကျား-မတစ်ဦးစီတွင် ဆံပင်ပေါင်း နှစ်ကုဋေလေးသန်းရှိကြောင်း မြတ်စွာဘုရားက ဟောကြားခဲ့ပါသည်။ သိပ္ပံသုတေသီများကတော့ တစ်နှစ်ကို ဆံပင်ခြောက်လက်မရှည်၍ တစ်နေ့မှာ ဆံပင် ၅၀ မှ ၁၀၀ အထိ ကျွတ်ထွက်သည်ဟုဆို၏။

ထိပ်ပြောင်ရခြင်းအကြောင်းရင်းမှာ ဆံပင်အသစ်ဖြစ်စေသော ပင်မကလာပ်စည်း ချို့ယွင်းချက်များကြောင့် တက်စတိုစတီရုန်းဟော်မုန်းမှဖြစ်ပေါ်လာသော dihydrotestosterone (DHT) မြင့်မားလာခြင်းကြောင့်ဖြစ်သည်။

အထူးသဖြင့် ဆံလုံးသေးသော သက်လတ်ပိုင်း အမျိုးသားများတွင် အဖြစ်များ၏။ ယောကျ်ားများထိပ်ပြောင်ခြင်းကို Male Pattern Baldness ဟုခေါ်ပြီး နဖူးမှာ အင်္ဂလိပ်အက္ခရာ M ပုံသဏ္ဌာန်အဖြစ် ချိုစောင်းနှစ်ဖက်မှ စတင်ပြောင်လာကာ တဖြည်းဖြည်း ငယ်ထိပ်တွင်ပြောင်သွားခြင်းဖြစ်သည်။ အမျိုးသမီးများထိပ်ပြောင်ခြင်းကို Female-pattern Baldness ဟုခေါ်ပြီး ငယ်ထိပ်မှ ဘဲဥပုံကွက်ကျွတ်ကာ ဦးရေပြားမြင်ရသည်အထိ ပါးသွားခြင်း ဖြစ်သည်။ ထိပ်ပြောင်ခြင်းကို လူတွင်သာမက ချင်ပင်ဇီမျောက်ဝံများနှင့် orangutans လက်မောင်းရှည် မျောက်ဝံများတွင်လည်း တွေ့ရကြောင်း The Journal of Clinical Investlgation တွင် ဖော်ပြထားသည်။

**ဘာကြောင့် ထိပ်ပြောင်ရပါသလဲ**

(၁) မျိုးရိုးလိုက်ခြင်း၊ (၂) သိုင်းရွိုက်(ခေါ်)လည်ပင်းကျိတ်ရောဂါ၊ (၃) အာဟာရချို့တဲ့၍ သွေးအားနည်းခြင်း၊ (၄) dermatitis (သို့မဟုတ်) psoriasis အရေပြားရောဂါများ၊ (၅) ဗီတာမင်အေ အလွန်အကျွံများခြင်း၊ (၆) ခေါင်းအုပ်ဆောင်း၊ ဦးထုပ်၊ ဆံပင်တုများ တာရှည်ဝတ်ဆင်ထားခြင်း၊ (၇) အတွေးလွန်ကဲခြင်း၊ စိတ်ပူပင်ခြင်း (၈) ဆေးလိပ်၊ အရက် အလွန်အကျွံသောက်ခြင်း၊ (၉) အသားဓာတ်၊ သံ၊ သွပ်၊ ကြေးနီဓာတ်များနှင့် ဗီတာမင် အေ၊ စီ၊ အီးတို့ ချို့တဲ့ခြင်း၊ (၁၀) ဦးရေပြားသန့်ရှင်းမှုအားနည်းခြင်း၊ (၁၁)နေရောင်ခြည်ထိတွေ့မှုများခြင်း၊ (၁၂) မကြာခဏ ဆံပင်ပေါင်းတင်ခြင်း၊ (၁၃) ဆံပင်ဖြောင့်၊ ကောက်၊ ဆေးဆိုးရာတွင် ကျွမ်းကျင်မှုမရှိ၊ ကြိမ်ဖန်များကာ ဆေးသုံးပြီး ဦးရေပြားထိမိ၍ ဓာတ်မတည့်ခြင်း၊ (၁၄) ရေမသန့်ခြင်း၊ (၁၅) ရေနွေးဖြင့်ခေါင်းလျှော်လေ့ရှိခြင်း၊ (၁၆) ဆံပင်မခြောက်ခင် ဘီးဖီးခြင်း၊ (၁၇) ခွေးထွက်အိတ်များတွင် အလုံးအကျိတ်ကင်ဆာဖြစ်ခြင်း၊ (၁၈) စိတ်ဓာတ်ကျရောဂါ ပျောက်ဆေး၊ beta blocker အစွမ်းပါဝင်သော နှလုံးနှင့်သွေးတိုးရောဂါပျောက်ဆေး၊ စတီရိုက်မဟုတ်သော ဖောရောင်သက်သာ ဆေးဝါးများ၊ ဂေါက်ရောဂါဆေးများ၊ ကင်ဆာရောဂါ ခီမိုဆေးသွင်းခြင်း၊ Anticoagulants အစွမ်းပါသော သွေးကျဲဆေး၊ ဆီးချိုပျောက်ဆေးစသည့် ပဋိဇီဝဆေးဝါးများ၏ ဘေးထွက်ဆိုးကျိုးများ၊ (၁၉) လိင်ဆက်ဆံကြိမ်များ၍ သုက်လွှတ်များသော အမျိုးသားများ၊ (၂၀) အမျိုးသမီးများ ရာသီမမှန်ခြင်း (သို့မဟုတ်) ကိုယ်ဝန်တားဆေး၏ ဘေးထွက်ဆိုးကျိုး စသည်တို့ကြောင့်ဖြစ်သည်။

အထူးသဖြင့် အသက် ၄၅နှစ်ဝန်းကျင်မှာ ထိပ်ပြောင်သောအမျိုးသားများသည် သက်ကြီးပိုင်းရောက်သည့်အခါမှာ ဆီးကျိတ်ကင်ဆာပြင်းထန်မှုနှင့် ဆက်နွှယ်မှုရှိသောကြောင့် သတိပြုသင့်ပါသည်။

**ထိပ်ပြောင်ခြင်းကင်းဝေးအောင်**

၁။ ခေါင်းဦးရေပြားကို လက်ဖြင့်နှိပ်ခြင်းသည် ဆံပင်ရင်းထံသို့ သွေးအသွားအလာများစေ၍ ဆံပင်သန်စွမ်းစေသည်။ ထို့ကြောင့် တရုတ်တိုင်းရင်းရိုးရာကုထုံးဖြင့် ဖြူသော ဆံပင်များကို ပြန်နက်လာစေရန် ဦးခေါင်းအရှေ့ နဖူးမှစ၍ လက်မနှစ်ချောင်းဖြင့် ဦးခေါင်းအလယ်နှင့် နောက်စေ့ရောက်သည်အထိ နှိပ်နယ်ပေးလေ့ရှိသည်။

၂။ ကော်ဘီးမသုံးဘဲ ဝါးဘီး၊ သစ်သားဘီး၊ သံဘီးတို့ကို သာသုံးပါ။

၃။ Saw Palmetto (ခေါ်) မြောက်အမေရိကတိုက်ရှိ အပင်ပုဆီအုန်းတစ်မျိုးမှ ရရှိသောဆီသည် အကောင်းဆုံး သဘာဝဆီအဖြစ် ထိပ်ပြောင်ခြင်းကိုသက်သာစေသည်။

၄။ ယနေ့ အမေရိကန်ရှိ အသိအမှတ်ပြု ဆေးတစ်မျိုးမှာ minoxidol လိမ်းဆေးဖြစ်ပြီး၊ ဦးရေပြားသွေးလည်ပတ်မှု ကောင်းစေကာ ထိပ်ပြောင်သူများ ဆံပင်ပြန်ထွက်လာစေသည်။

၅။ နေ့စဉ်ခေါင်းလျှော်ခြင်းသည် ဦးရေပြားအဆီ ကုန်ခမ်းစေတတ်သဖြင့် ရက်သတ္တပတ်လျှင် အများဆုံး နှစ်ကြိမ်သာ ခေါင်းလျှော်သင့်သည်။

၆။ မိမိနှင့်သင့်တော်သည့် ခေါင်းလျှော်ရည် ရှမ်ပိုကိုသာ ရွေးချယ်သုံးစွဲပြီး ခေါင်းပေါ်တွင် ရှမ်ပိုရနံ့ပျောက်သည် အထိ ရေစင်စင်လောင်းပါ။

၇။ ဆေးပညာများတိုးတက် ခေတ်မီသော ယနေ့ကမ္ဘာတွင် စပါးစိုက်သကဲ့သို့ ဆံပင်တစ်ချောင်းချင်းစီကို ဆံပင်များသောနေရာမှ ထိပ်ပြောင်သောနေရာသို့ ခွဲစိတ်ပြောင်းရွှေ့ပေးနိုင်ပါပြီ။ ဆံပင်တစ်ပင်လျှင် အမေရိကန်တစ်ဒေါ်လာခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရပါသည်။

**အကောင်းဆုံးအစားအစာများ**

ပြောင်းဆန်၊ ဆန်လုံးညို၊ ဆန်ကြမ်း၊ တိရစ္ဆာန်အသည်း၊ ကြက်ဥ-ဘဲဥ အနှစ်၊ နွားနို့၊ တို့ဟူး၊ ကြက်သွန်ဖြူ၊ ကြက်ဥအကာ၊ ချိစ်(ဒိန်ခဲ)၊ အစိမ်းရောင်အသီးအရွက်များ၊ ဂျုံ၊ မှို၊ ကြက်သား၊ ဝက်သား၊ ငါး၊ ရွှေဖရုံသီး၊ ရွှေဖရုံစေ့၊ ပဲအမျိုးမျိုး၊ ထောပတ်သီး၊ ဂျုံ၊ မုန်လာဥနီ၊ ဒိန်ချဉ်၊ ပဲပိစပ်၊ ရေညှိ၊ နှမ်းနက်၊ ပျားရည်၊ ပင်လယ်စာ၊ ဝက်မိုးခိုသား၊ ပဲထောပတ်၊ အဆီမပါသော အမဲသား၊ ကမာကောင်၊ ကြက်ဆင်သား၊ နေကြာစေ့၊ ပဲနီကလေး၊ သစ်ကြားသီး၊ တူနာငါး၊ ဆော်မွန်ငါး၊ ငါးသလောက်ယောက်ဖ၊ ဂုန်လျှော်စေ့၊ ရှောက်သီး၊ သံပရာသီး၊ ဆလပ်ရွက်၊ အာလူးမီးကင်၊ ခရမ်းချဉ်သီး၊ မြေထောက်ပဲတို့ ဖြစ်သည်။

**အကောင်းဆုံးဆေးမြီးတိုများ**

၁။ ဆာလ်ဖာဓာတ်ကြွယ်ဝသော ကြက်သွန်နီသည် ကိုလာဂျင်ပရိုတိန်းများထုတ်လုပ်မှုကောင်းစေသဖြင့် မွေးညင်းပေါက်များပွင့်၍ သွေးလည်ပတ်မှုကောင်းမွန်စေကာ ဆံပင်မွေးကို ခိုင်မာစေသည်။ ထို့ကြောင့် ထိပ်ပြောင်နေသူများ၊ နေရာကွက်၍ ဆံပင်မပေါက်သူများနှင့် ဦးရေပြားမှိုစွဲ (ဗောက်ထ) သူများကို ကောင်းကျိုးပြုသည်။

ကြက်သွန်နီအရည်ကို မိနစ် ၄၀ ခန့်လိမ်းထားပြီး ခေါင်းလျှော်ရည်ပျော့ပျော့နှင့်ဆေးကြောပေးခြင်းဖြင့် ထိပ်ပြောင်သူများ ဆံပင်ပေါက်နှုန်းမြန်ဆန်လာသည်ကို တွေ့ရကြောင်း အီရတ်သုတေသီများက အကြံပြုထားသည်။

ထိုအဆိုကို အမေရိကန်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဌာန (FDA) မှလည်း ထောက်ခံထားသည်။

၂။ ငှက်ပျောတစ်ပင်၏ ပင်စည်တစ်ပေအမြင့်လောက်တွင် ဓားဖြင့်ချိုင်၍ စတီးဇွန်းကို မှောက်ခုံထည့်လိုက်ပါ။ စတီးဇွန်းတစ်လျှောက် တစ်စက်တစ်စက် ထွက်ကျလာသော ငှက်ပျောရည်များကို ဖန်ခွက် (သို့မဟုတ်) ပုလင်းဖြင့် ခံထားပြီး၊ ငါးကျပ်သားခန့်ရလျှင် ဆံပင်မပေါက်သည့်နေရာအား အကြိမ်ကြိမ် ခြောက်တိုင်းလိမ်းပေးရပါမည်။ ထိုနည်းအတိုင်း အနည်းဆုံး ၁၀ ရက်ခန့်လိမ်းပေးပါ။

၃။ သလဲရွက်ကို ရေနှင့်ကြိတ်၍ သတ္တုရည်ကို တစ်နေ့နှစ်ကြိမ်လိမ်းပေးပါက ဆံပင်ကျွတ်ခြင်း ပျောက်ကင်းစေသည်။

၄။ သံပရာစေ့ကို ရေနှင့်ကြိတ်ပြီး နေ့စဉ်လိမ်းပေးပါက ဆံပင်ပြန်ပေါက်လာစေပါသည်။

၅။ ခြေဖဝါးကို ဆားပွတ်နယ်ခြင်းကလည်း မျက်စိအားကောင်းရုံသာမက အခိုးပွင့်၍ ဆံပင်ကျွတ်ခြင်းနှင့် ထိပ်ပြောင်နေသူများကို ဆံပင်ပြန်ပေါက်စေသည်။

**ရှောင်ရန်အစားအစာများ**

၁။ ကယ်လိုရီအလွန်နည်းပါးသော အာဟာရမဖြစ်စေသည့်အစားအစာများ။

၂။ အသင့်လုပ်အစားအစာများ (ဥပမာ-ကော်ဖီမစ်၊ တီးမစ်၊ အသင့်စားခေါက်ဆွဲ၊ ကြာဆံထုပ်များ)

၃။ အဖြူရောင်ကြက်ဥထဲတွင် biotin ဓာတ်ပါရှိသဖြင့် အပူပေးမပြုင်ပြင်ဘဲ ကြက်ဥအဖြူကို အစိမ်းသောက်ပါက ဆံပင်ထိပ်ပြောင်စေသည်။

အထက်ပါ ဆောင်ရန်၊ ရှောင်ရန်နည်းများကို လေ့လာပြီး ဆံပင်ကောင်းသူများ ထိပ်ပြောင်မဖြစ်အောင် ကြိုတင်ကာကွယ်ထားကြပါစေကြောင်းနှင့် ဦးခေါင်းထိပ်ပြောင်သူများ၊ ဆံပင်ကျွတ်သူများ ချမ်းသာသုခရကြပါစေကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

**ကိုးကား။ ။ The American Journal of Clinical Investlgation.**

## သီဟ(၅၅)မှ သူငယ်ချင်းများသို့

တို့များရဲ့ကျောင်းဆင်းပွဲ (၃၆)နှစ်ပြည့် နှစ်ပတ်လည်နေ့တွင် ယခင်နှစ်များအတိုင်း ကျဆုံး/ကွယ်လွန်ပြီးသော သူငယ်ချင်းများကို ရည်စူး၍ ဆွမ်းကပ်လှူဒါန်း အမျှအတန်းပေးဝေခြင်း၊ ဆရာများကို ကန်တော့ခြင်းနှင့် မိတ်ဆုံစားပွဲ အခမ်းအနားကို ၂-၆-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၉ နာရီတွင် တိပိဋကကျောင်း၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မိသားစုများနှင့်တကွ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကွယ်လွန်သွားခဲ့ပြီးသော သူငယ်ချင်းများ၏ မိသားစုများပါ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း - ၀၉-၅၀၆၅၇၁၀၊ ၀၉-၅၁၈၅၆၈၁၊ ၀၁-၉၆၉၉၈၇၆

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်တောင်ရပ်ကွက်၊ ငုဝါလမ်း၊ တိုက်(၆၀/၇၀)၊ ၆လွှာ၊ အခန်းအမှတ်(၅၀၉)နေ ဒေါ်သန်းမြင့် (ဘ)ဦးလီလွန့်[၉/မမန(နိုင်)၀၀၃၁၄၉]၏ လွှဲအပ်ညွှန်ကြား ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းမြင့်သည် ယခင်ကစင်ကာပူနိုင်ငံတွင် အလုပ်လုပ်ကိုင်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ နေထိုင်ရန်အတွက် အစ်ကိုဖြစ်သူ ဦးလီကျန်ရှင်း [၉/မမန(နိုင်) ၀၂၆၈၄၆]အား ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ အကွက်အမှတ် (၁၄)၊ဦးပိုင် (၇၈-ဇ/၃)၊ မြေဧရိယာ(၀. ၀၉၅)မြေနှင့် မြေပေါ်ရှိ အဆောက်အအုံအား ဦးလီကျန်ရှင်းအမည်ဖြင့် မြေကွက်၏ တန်ဖိုးငွေအား လွှဲပြောင်းပေးအပ်၍ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူခိုင်းစေခဲ့ပါသည်။ ထိုမြေကွက်ဝယ် ယူပြီးသည့်အချိန်မှ ယနေ့အချိန်ထိ အဆိုပါမြေကွက်ပေါ်တွင် ကျွန်ုပ်၏မိတ်ဆွေမှ အစ်ကိုဖြစ်သူ ဦးလီကျန်ရှင်း မိသားစုအား အခမဲ့မေတ္တာဖြင့် နေထိုင်ခွင့်ပြုခဲ့ပါသည်။ ထိုမြေကွက်၏ ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ ကျွန်ုပ်မိတ်ဆွေနှင့် ဦးလီကျန်ရှင်းတို့မှာ ၆-၄-၂၀၁၅ရက်တွင် နှစ်ဦးသဘောတူ ဝန်ခံကတိပြုစာချုပ်ပြုလုပ်ပြီး ထိုမြေကွက်နှင့် ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေထံသို့ အထွေထွေ ကိုယ်စားလှယ်လွှဲစာ လွှဲအပ်ပေးခဲ့ပြီးလည်းဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါမြေကွက်အား ကျွန်ုပ် မိတ်ဆွေ၏ လက်မှတ်မပါဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း တစ်စုံတစ်ရာပြုလုပ်မှုများ မပြုလုပ်ရန် အကယ်၍ ကျွန်ုပ်မိတ်ဆွေမသိဘဲ ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာပြုလုပ်ခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
| ဒေါ်သန်းမြင့် | ဒေါ်သူဇာမြင့်နိုင် |
| [၉/မမန(နိုင်)၀၀၃၁၄၉] | **LL.B, Dip. in Business Law** |
| | တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၁၉)၊ |
| | လမ်း-၃၀၊ ၇၃လမ်းထောင့်၊ (ဘီ-၇)၊ ဒုတိယထပ်၊ |
| | မင်္ဂလာဈေး၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ |




## အများသိစေရန် ကြေညာချက်

မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်ကွက်၊ အကွက်အမှတ်(၅၈)၊ ဦးပိုင်အမှတ်(၁၈၀)၊ ဧရိယာ(၀. ၀၂၁)ဧကရှိမြေသည် မြေစာရင်းဌာန(၁-က)စာရင်း၌ ဒေါ်သင်းလှိုင်အမည်ဖြင့် ဦးပိုင်ပေါက်ပြီး DORP No(ငါး) ၃၇/၅၆-၅၇အရ နှစ်(၃၀) အငှားဂရန်ရရှိထားပါသည်။ အဆိုပါမြေအား မူလအမည်ပေါက်သူ ဒေါ်သင်းလှိုင်ထံမှ လျှောက်ထားသူ ဒေါ်သန်းသန်းစိုးမှ အရောင်းအဝယ်စာချုပ်အမှတ်-၁၈၂/၁၉၈၂ ဖြင့် ဝယ်ယူခဲ့ပြီး နှစ်(၃၀)အငှားဂရန် သက်တမ်းတိုး အမည်ပြောင်းလျှောက်ထားလာပါသည်။ ထိုသို့ဝယ်ယူထားစဉ်ကပင် ဂရန်စာချုပ်မူရင်းမှာ ပျောက်ဆုံးနေသဖြင့် နှစ်(၃၀)အငှားဂရန် သက်တမ်းတိုးအမည်ပြောင်း လျှောက်ထားခြင်းအား ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း၊ အထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေလိုက်သည်။

**ခရိုင်အုပ်ချုပ်ရေးမှူး**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင်- မော်လမြိုင်မြို့**



သင် ............ ဘာဖြစ်ချင်လဲ ဘာလုပ်ချင်လဲ

**ဆရာရှင်မင်း (B.A)**

အကြားအမြင်၊ မနောစွမ်းအား

မန္တလေးမြို့မှ နာမည်ကျော်ဆရာရှင်မင်း ရန်ကုန်မြို့သို့ရောက်ရှိလာပါပြီ။ ဖြစ်လိုသောကိစ္စများကိုအစွမ်းထက်မနောစွမ်းအားဂမ္ဘီရပညာဖြင့်စီမံဆောင်ရွက်ပေးသည်။ မနောစွမ်းအားဖြင့်အခက်အခဲများအောင်မြင်စေရမည်။ နှုန်း-၃၀၀၀ိ/ တိုက်အမှတ်(၉၄)၊ပထပ်၊မန္တလေးလမ်း(လယ်)၊မင်္ဂလာတောင်ညွန့်၊ရန်ကုန်။ 09-421164758,09-425028226

## အဆင့်မြင့်မော်တော်ယာဉ်များ ချွတ်ယွင်းချက် ရှာဖွေစစ်ဆေးခြင်းနှင့် ပြင်ဆင်ခြင်းသင်တန်း(အပတ်စဉ်-၄)လျှောက်လွှာခေါ်ယူခြင်း

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် မြန်မာမော်တော်ကော်ပိုရေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်သော အဆင့်မြင့်မော်တော်ယာဉ်များ၏ ချွတ်ယွင်းချက်များအား Computer, Scanner တို့ဖြင့် ရှာဖွေစစ်ဆေးခြင်းနှင့် ပြင်ဆင်ခြင်းသင်တန်း အပတ်စဉ်(၄) ကို ၂၀၁၅ခုနှစ်၊ ဇွန်လ ပထမပတ်တွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ဝါရင့်အင်ဂျင်နီယာကြီးများဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။ သင်တန်းကာလ နှစ်လကြာမြင့်မည်ဖြစ်ပြီး မော်ဒယ်မြင့်ကားများ၏ Engine Control System (ဒီဇယ်/ဓာတ်ဆီ)နှင့် Transmission Control Systemတို့ကို အဓိကထား၍ စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်ပါသည်။ သင်တန်းသားတစ်ဦးလျှင် သင်တန်းကြေး(၂၅၀၀၀၀ကျပ်) ပေးသွင်းရမည်ဖြစ်ပြီး သင်တန်းပြီးဆုံး အောင်မြင်ပါက သင်တန်းဆင်း အောင်လက်မှတ်ကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း Automobile Technical Division မှ ထုတ်ပေးပါမည်။ သင်တန်းသားဦးရေကို ကန့်သတ်ထားပြီး ပညာအရည်အချင်းအနည်းဆုံး အခြေခံပညာအထက်တန်းအဆင့်ရှိရပါမည်။ မော်တော်ယာဉ်ပညာကို စိတ်ဝင်စားကြသော BE(Mech)/BTech(Mech)/AGTI(Mech)/THSများအတွက် အထူးသင့်တော်ပါသည်။ လျှောက်လွှာများကို ၂၆-၅-၂၀၁၅ရက်မှ စတင်လက်ခံမည်ဖြစ်ပြီး ၅-၆-၂၀၁၅ရက်တွင် လျှောက်လွှာပိတ်ပါမည်။ လူတွေ့စစ်ဆေးမှုအောင်မြင်မှသာ သင်တန်းတက်ရောက်ခွင့်ရရှိမည်ဖြစ်ပြီး လျှောက်လွှာနှင့်အတူ ရောင်စုံလိုင်စင်ဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးအချက်အလက်များ၊ ပညာအရည်အချင်းဆိုင်ရာ သက်သေခံလက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူတို့ ပါဝင်ရပါမည်။

လျှောက်လွှာတင်ရန်-

(၁) မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း Automobile Technical Division, လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၁၉၆၇၃၊ ၀၁-၅၁၉၆၇၄၊ ၀၁-၅၁၉၆၇၅၊ ၀၁-၅၁၉၆၇၆

(၂) မြန်မာမော်တော်ကော်ပိုရေးရှင်း၊ ချယ်ရီဥယျာဉ်အိမ်ရာ၊သံသုမာလမ်းမကြီး၊ (၁၄/၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၈၆၁၈၃၈၆၊ ၀၉-၂၆၁၄၃၅၈၅၂၊

Email-michaelsanoo@gmail.com

**အခန်းဆက်ဝတ္ထုရှည်**



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

**တက္ကသိုလ်ဘုန်းနိုင်**

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

ပထမသော် ကျွန်တော်က အိမ်ဆီ ပြန်တက်မည် စိတ်ကူး၏။သို့ရာတွင် သူတို့ထံမှ စကားသံများကြားရသဖြင့် ငြိမ်၍နားထောင်မိသည်။

ပထမစ,ကြားရသည်မှာ တင်မောင်ညွှန့်၏အသံ . . . ။

" အခုတော့ . . . မမခိုင် ကျွန်တော့်ကို မုန်းပြီပေါ့ "

"အခုတော့ မုန်းပြီဆိုတော့ ဘယ်တုန်းကများ မင်းကို ငါချစ်တယ်လို့ ပြောခဲ့ဖူးသလဲတင်မောင်ညွှန့် . . . ဟင်"

တင်မောင်ညွှန့်၏ ဆို့နှင့်ခြင်းနှင့် သရော်ခြင်းရောသော ရယ်သံ ပေါ်လာ၏။

"ဟုတ်ပါတယ်၊ ကျွန်တော့်ကို ချစ်ပါတယ်လို့ မမခိုင် တစ်ခါမှ မပြောပါဘူး၊ ဘယ်ယောကျ်ားလေးကိုမှ မပြောပါဘူး။ ဘာကြောင့်လဲဆိုတော့ ပြောဖို့မှ မလိုဘဲ။ မမခိုင်က အမူအယာနဲ့ စကားပြောတတ်တဲ့ မိန်းမတစ်ဦးပဲ။ ခက်တာက မမခိုင်ဟာ အမူအယာနဲ့ လူတိုင်းကို စကားတစ်မျိုးပဲပြောတယ်။ ရှူးကြ၊ သတ်ကြ၊ သေကြေအောင် ပြောတယ်၊ ဟုတ်တယ် မဟုတ်လား"

ခိုင်သည် ရုတ်တရက် ပေါက်ကွဲထွက်လာသော ဒေါသကို ကြားရ၏။

" မင်း . . . ငါ့ကို ဘာလို့ စော်ကားနေရလဲမောင်ညွှန့် "

" တစ်လောကလုံးမှာ ကျွန်တော် မစော်ကားဝံ့ဆုံး လူတစ်ယောက်ဟာ မမခိုင်ပါပဲ။ မမခိုင်ကို စော်ကားကြတဲ့၊ သမုတ်ကြတဲ့၊ စွပ်စွဲကြတဲ့လူတွေရဲ့ သရော်လှောင်ပြောင်ချက်ကို ဂရုမထားဘဲ မမခိုင်ကို ကျွန်တော် ချစ်ခဲ့တယ်။ ချစ်ခဲ့တယ် ဆိုတဲ့စကားဟာ မှားပါတယ် . . . ကိုးကွယ်ခဲ့မိတယ်။ အဲဒီလို ကိုးကွယ်ခဲ့မိတာဟာလည်း ကျွန်တော် မှားတာပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ ကိုးကွယ်သူဟာ ဘယ်တော့မှ ပိုင်ဆိုင်ခြင်းကို မရဘူး။ ကိုယ်က ပူဇော်ရတာပဲရှိတယ်"

ခိုင့်ထံမှ စကားသံ ပေါ်မလာ။ တင်မောင်ညွှန့်၏ အသံသည်သာ ကြေကွဲဖွယ် ဖြစ်လာ၏။

" မမခိုင်ကို အသည်းနှလုံးနဲ့ ပူဇော်ပြီးပြီ၊ နှစ်သက်သည်ဖြစ်စေ . . . မနှစ်သက်သည်ဖြစ်စေ မမခိုင် ငြင်းပယ်လို့ မရတော့ဘူး။ အသည်းနှလုံးကိုမှ နည်းသေးတယ်ထင်ရင် ဒီမှာ မမခိုင် . . . ကျွန်တော့်အသက်ကို ထပ်ပူဇော်ဦးမယ် . . ."

ကျွန်တော်က ပန်းချုံအကွယ်မှ လှမ်း၍ သူတို့ကို ကြည့်မိသည်။

ခိုင်က နာကြည်းလှစွာသောဟန်နှင့် တင်မောင်ညွှန့်ကို စိုက်ကြည့်နေသည်။ လက်သီးကလေးများဆုပ်လျက်၊ နှုတ်ခမ်းလေးများက တုန်လျက်၊ ခံစားမှုက ဆို့ပိတ်နေသဖြင့်ပြောလိုရာစကားကို ရှာမတွေ့ဟန်ပြနေသည်။

အတန်ကြာမှ မိမိကိုယ်ကို ထိန်းသိမ်းလျက် ခိုင်သည် စကားပြန်၏။

"မမခိုင်ကို ဘာလို့ကိုးကွယ်နေကြသလဲ။ ဘာလို့ ဒီအသည်းနှလုံးတွေ၊ အသက်တွေကို ပူဇော်ချင်ကြသလဲ။ ဒါတွေကို မမခိုင်က ဘာလုပ်ရမှာလဲ။ အမှန်က စကားအဖြစ်သာ မင်းတို့ ပြောနေတာ၊ စင်စစ်က မင်းတို့တွေဟာ သာ မမခိုင် အသည်းနှလုံးကို မင်းတို့တွေ တောင်းဆိုနေကြတဲ့လူတွေပါ။ တစ်ခုတည်းရှိတဲ့ အသည်းနှလုံးကို မမခိုင် ဘယ်လိုလုပ် ဝေပေးနိုင်ပါ့မလဲ"

တင်မောင်ညွှန့် ရယ်ပြန်သည်။ ရယ်၍အားရမှ စကားဆိုသည်။

" ဟုတ်ပါတယ်၊ ကျွန်တော်တို့အားလုံးအတွက် မမခိုင်ရဲ့ အသည်းနှလုံးကို ဝေမပေးနိုင်ပါဘူး။ ဝေပေးဖို့လည်း မလိုပါဘူးလေ။ မမခိုင် ပေးလိုသူက တစ်ယောက်တည်းရှိတာကိုး။ အဲဒီတစ်ယောက်ဟာလည်း . . . "

တင်မောင်ညွှန့် စကားမဆုံးလိုက်ရ။ စူးရှခက်မာစွာ အော်လိုက်သော ခိုင့်အသံ ပေါ်လာ၏။

"မင်းစကားပြောတာ များပြီ၊ တော်တော့ ထပ်မပြောနဲ့"

တင်မောင်ညွှန့်က မရပ် . . . ။

"ဟုတ်တာပြောတော့ မမခိုင် မခံနိုင်ဘူး။ ဒါပေမယ့် မှန်တာကို ဆက်ပြောရဦးမယ်။ မမခိုင် အသည်းနှလုံးကို မမခိုင်ပေးလိုတာ ကျွန်တော်လည်း မဟုတ်ဘူး။ ကိုငြိမ်းမောင်လည်း မဟုတ်ဘူး။ အဲဒီလူက . . . "

ဤအကြိမ်တွင်မူ ခိုင်၏ လက်တစ်ဖက် မြောက်တက်သွားသည်ကို တွေ့ရသည်။ ခိုင့်လက်ဝါးနှင့် တင်မောင်ညွှန့် ပါးတို့ ထိမိသည့်ခဏ၌ ဖြန်းကနဲ မြည်သံပေါ်လာ၏။

တင်မောင်ညွှန့်သည် နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်။

ကျွန်တော်သည် ပန်းချုံကွယ်မှ ထွက်မည်ပြုပြီးမှ သတိရ၍ ဆက်လက် ငြိမ်ရပ်နေရ၏။ တင်မောင်ညွှန့်၏ လက်ဝါးတစ်ဖက်သည် သူ့မျက်နှာကို အုပ်လျက်ရှိနေသည်။ ဘေးတိုက်မြင်နေရသောကြောင့် မျက်နှာမှ ခွာလိုက်သော တင်မောင်ညွှန့်၏ လက်ဖဝါးတွင် သွေးများ ပေကျံလျက်ရှိလာသည်ကို ကျွန်တော် ကောင်းစွာ မြင်ရသည်။

တင်မောင်ညွှန့်၏ ပါးစပ်မှလည်း သွေးဖြာဖြာ စီးကျနေ၏။ တင်မောင်ညွှန့်သည် လက်ဖဝါးမှ သွေးများကို ခေတ္တသော် ငေးစိုက်ကြည့်နေ၏။ ထို့နောက် ကြောက်မက်ဖွယ်ရာ မိုက်ကန်းသော စကားကို ဆို၏။

" မမခိုင် လက်ချက်ကြောင့် ကျွန်တော့်ကိုယ်က သွေးကျခဲ့ရပြီ၊ အဲဒီသွေးတွေကို တိုင်တည်ပြီး ကျွန်တော် သစ္စာပြုတယ်။ မမခိုင်ကို ကျွန်တော် ပိုင်ရပါစေ။ မပိုင်နိုင်သော် သွေးမြေကျခြင်း မဆုံးပါစေနဲ့။ ကျွန်တော်သော်လည်းကောင်း၊ မမခိုင်သော်လည်းကောင်း ဒီမြေပြင်က မကွယ်ပျောက်မချင်း သွေးမြေကျခြင်းမဆုံးပါစေနဲ့ "

မိုက်ကန်းလှသော သတ္တဝါကလေးသည် ဤကြောက်မက်ဖွယ် ကျိန်စာကို ရေရွတ်ပြီး ခြံတွင်းမှ ထွက်ခွာသွားလေ၏။

တင်မောင်ညွှန့် ထွက်သွားပြီး ကြာလေမှ ကျွန်တော်က ပန်းချုံဘေးမှ ထွက်၍ ခိုင့်အနား ကပ်ခဲ့သည်။

ခိုင်က မျက်နှာကို လက်ဝါးဖြင့် အုပ်၍ တိုးတိုးတိတ်တိတ် ကြိတ်ရှိုက်ငိုနေသည်။

" ခိုင် . . . "

ခိုင်က ကျွန်တော့်ခေါ်သံ ကြားပုံမရ။ ထူးလည်း မထူး၊ လှည့်လည်း လှည့်မကြည့်။

" ခိုင် . . . "

ကျွန်တော့်အသံက အတော်ကျယ်သွားသည်။ ထိုအခါမှ ခိုင်သည် ထိတ်လန့်တကြား လှည့်ကြည့်၏။

ကျွန်တော်က မျက်ရည်တို့ဖြင့် ပြည့်လျှံနေသော ခိုင့်မျက်လုံးများကို အတန်ကြာစွာ စိုက်ကြည့်မိသည်။

အားငယ်မှုန်ရီသော ဤမျက်လုံးများသည် မပြောင်းလဲသေးပါတကား။ မပြောင်းလဲသေးပါတကား။ ကျွန်တော်သည် အချိုသာဆုံး ပြုံး၍ အိတ်တွင်းမှ လက်ကိုင်ပဝါကို ထုတ်ပြီးခိုင့်အား ပေးသည်။

ခိုင်က ကလေးငယ်ပမာ ကျွန်တော် ထုတ်ပေးသော လက်ကိုင်ပဝါနှင့် မျက်ရည်များကို သုတ်ပစ်ရှာ၏။

ခိုင့်မျက်နှာ၌ မျက်ရည်များ မရှိတော့သော်လည်း တစ်ချီတစ်ချီ ရှိုက်သံက ဖောက်လာနေသည်။ ကျွန်တော်က အေးချမ်းစွာ အမိန့်ပေးသည်။

" သွား . . . ခိုင် မျက်နှာသစ်ပြီး ပေါင်ဒါလိမ်းခဲ့၊ အဝတ်အစားလည်း လဲခဲ့နော် . . . မောင်တို့ လမ်းလျှောက်ကြရအောင် . . . "

ခိုင်သည် မျက်လုံးအဝန်းသားနှင့် ကျွန်တော့်ကို ပြန်ကြည့်သည်။ လှုပ်ကား မလှုပ်။

" သွားလေ ခိုင် . . . မောင်တို့ လမ်းလျှောက်ကြရအောင် . . . "

ခိုင်သည် တစ်ချက်ထပ်၍ ကျွန်တော့်ကို ကြည့်လိုက်သေးသည်။ ထို့နောက် ဘာမျှပြန်မပြောဘဲ အိမ်တွင်းသို့ ဝင်သွားရှာ၏။

မကြာခင် ခိုင် ပြန်ထွက်လာသည်။ ခိုင့်နောက်ပါးမှ လှိုင်လည်း ကပ်ပါလာသည်။

ခိုင်က ကျွန်တော့်ဆီ လျှောက်လာသည်။ လှိုင်က အိမ်ပေါက်ဝ အုတ်ခုံမြင့်မှ နေ၍ ကျွန်တော်တို့ နှစ်ဦးအား စူးစမ်းသယောင် လှမ်းကြည့်နေသောကြောင့် ကျွန်တော်က လှိုင့်ကို လှမ်းပြော၏။

" ဩော် . . . လှိုင်ရေ၊ ကိုကိုနဲ့ ခိုင် လမ်းလျှောက်သွားဦးမယ် . . . ။ ဒေါ်ဒေါ်နဲ့ မမကြိုင်မေးရင် ပြောပြလိုက်ကြားလား "

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


## အသိပေးကြေညာချက်

ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V GLOVIS PACIFIC V.015 သင်္ဘောသည် ၂၉-၅-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

လှိုင်မင်းလတ် စာရင်းကိုင်သင်တန်း Nov Series / 2015 June-13 စမည်။

LCCI, MYOB, IFR

| Level I+II | သင်တန်းချိန် |
|---|---|
| Sec(A) Sat+Sun | 7-9 (am) |
| Sec(B) Sat+Sun | 9-11(am) |
| Sec(C) Sun | 11-3(pm) |
| Sec(D) Mon+Tue | 6-8 (pm) |
| Sec(E) Mon to Fri | 12-3(pm) |
| Sec(F) Sat | 11-3(pm) |
| Sec(G) Wed | 11-3(pm) |

| Level III | |
|---|---|
| Sec(A) Sat-Sun | 3-8 pm |
| Sec(B) Wed-to-Sun | 6-8 pm |
| Sec(C) Tue-to-Fri | 9-12 am |

ခုံနံပါတ်ယူ ကျောင်းအပ်နိုင်ပြီ 09 510 9922, 0979 510 9922, 0997 510 9922

၃၄၊ ၄ လွှာ၊ အင်းစိန်လမ်းမ။ လှည်းတန်း ၊ဟာမာရွက်(လှည်းတန်းမှတ်တိုင်အနီး) 09 7313 6677

Golden Gate Int'l Development Co.,Ltd

## ဝန်ထမ်းအလိုရှိသည်

၁။ Project Engineer[B.E/M.E(Civil)]အတွေ့အကြုံရှိရမည်။ ကျား/မ(၃) ဦး

၂။ M & E Engineer [B.E(Mechanical & Electrical)] ကျား/မ (၅) ဦး

၃။ Site Engineer[B.E/M.E(Civil)အတွေ့အကြုံရှိရမည်။] ကျား/မ (၅) ဦး

၄။ Archi Engineer[B.Arch(or) Draft Man, 2D-3D Max) ကျား/မ (၂) ဦး

၅။ Accountant(ဘွဲ့ရ၊ LCCI Level III အတွေ့အကြုံရှိရမည်။) မ (၂) ဦး

၆။ Store Staff (ဘွဲ့ရ၊ ကွန်ပျူတာကျွမ်းကျင်၊ အတွေ့အကြုံရှိရမည်။)ကျား(၄) ဦး

၇။ Admin Staff (ဘွဲ့ရ၊ ကွန်ပျူတာကျွမ်းကျင်၊ အတွေ့အကြုံရှိရမည်။) ကျား/မ (၃)ဦး

၈။ Receptionist (ဘွဲ့ရ၊ အပြောအဆိုပြေပြစ်ရမည်။) မ(၂) ဦး

၉။ Driver(ကားသေး/ကားလတ်) (၄) ဦး

- Manual နှင့် Auto (၂)မျိုးစလုံး မောင်းနှင်နိုင်ရမည်။
- မြို့တွင်းလမ်းကြောင်းကျွမ်းကျင်စွာနှင့် အန္တရာယ်ကင်းစွာ မောင်းနိုင်သူဖြစ်ရမည်။

၁၀။ Marketing Manager & Marketing Supervisor & Marketing Assistant ကျား/မ(၃) ဦး

- ဘွဲ့ရဖြစ်ရမည်။ F & B လုပ်ငန်းအတွေ့အကြုံရှိရမည်။ သွက်လက်၍ လုပ်ငန်းစိတ်ပါဝင်စားသူ၊ ဆက်ဆံရေးပြေပြစ်သူ ဖြစ်ရမည်။

၁၁။ Office Staff ကျား/မ (၂) ဦး

(ဘွဲ့ရ၊ ကွန်ပျူတာကျွမ်းကျင်၊ ရုံးလုပ်ငန်းအတွေ့အကြုံရှိရမည်။)

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ရပ်ကွက်/ ရဲစခန်းထောက်ခံစာ၊ လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ မျှော်မှန်းလစာနှင့်အတူ Golden Gate Int'l Development Co.,Ltdသို့ E-mail ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ လာရောက်လျှောက်ထားနိုင်ပါသည်။

E-mail: goldengate@ ggintldev.com

အမှတ်(၂၁၉)၊ သစ္စာလမ်းမကြီး၊ (၁၃)ရပ်ကွက်၊ (သံလမ်းမှတ်တိုင်အနီး)၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်းနံပါတ်- 01-8551334, 01-560049, 09-49202920

NIEC International For Better Education

www.niecinternational.com

NIEC Yangon Campus
No.27, Damaryon Street, Kanbe, Ward 13,
Near Moe Kaung Pagoda, Yankin Township, Yangon.
Tel: +95 01 8550727, 8550728

NIEC Tarchileik Campus
No.53, PongLoe Street, Shwe Myae Tharyar @,
Near La Hu Market, Haung Leik Block, Tachileik.
Tel: +95 09 5240223, 084 52585, +66 09 46437799






မွန်ပြည်နယ် ရေးမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ အ.ထ.က (၂) ကျောင်း၌ ပညာရေးဝန်ကြီးဌာနမှ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၆၄ ဒသမ ၈ သန်း အကုန်အကျခံကာ ကျောင်းဆောင်သစ်ကို သမိန်ဗရမ်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ တာဝန်ယူတည်ဆောက်ပေးလျက်ရှိသည်။ အဆိုပါကျောင်းဆောင်မှာ တစ်ထပ်သွပ်မိုး RC အမျိုးအစားဖြစ်ပြီး အရှည်မှာ ပေ ၁၂၀× ၃၀ ပေဖြစ်ကာ ရာခိုင်နှုန်းပြည့်တည်ဆောက်ပြီးစီးသွားသည့်အခါ လာမည့် ၂၀၁၅–၂၀၁၆ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများက စိတ်အေးချမ်းမြေ့စွာ ဘာသာပညာရပ်များအား အလွယ်တကူဖတ်ရှုလေ့လာ သင်ယူမှတ်သားနိုင်မည်ဖြစ်သည်။

သတင်းနှင့် ဓာတ်ပုံ - ထွဋ်ထွဋ်(ရေး)

## သောက်သုံးရေရရှိရေးစက်ရေတွင်းတူးဖော်

**တောင်တွင်းကြီး မေ ၂၈**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကုက္ကိုခွကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲအတွင်း၌ ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများ သန့်ရှင်းသည့် သောက်သုံးရေရှိရေးအတွက် စက်ရေတွင်းအသစ်တစ်တွင်း တူးဖော်ပေးလျက်ရှိသည်။

ယခုဆောင်ရွက်လျက်ရှိသည့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများဖြင့် ရေတင်သည့်စက်ရေတွင်း တူးဖော်ပြီးစီးသွားပါက စက်သုံးဆီကုန်ကျစရိတ် လုံးဝမရှိဘဲ ကျောင်းသား၊ ကျောင်းသူများ၊ ကျေးရွာပြည်သူများ သန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း သိရသည်။ **နိုင်ဝင်း**

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ ကျင်းပ

**တာချီလိတ် မေ ၂၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဆန်ဆိုင်းအခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၁၈) ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာ ခရိုင်အဆင့်ပြိုင်ပွဲများအား မေ ၂၆ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲများတွင် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၈၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ပုလောမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ် ထောက်ပံ့

**ပုလော မေ ၂၈**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများ၏ သားသမီးများအား ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို မေ ၂၆ ရက် နံနက် ၁၀ နာရီက မြို့နယ်ရဲတပ်ဖွဲ့အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ပုလောမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဦးထွန်းက ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းသားသမီးများဖြစ်သည့် တက္ကသိုလ်အဆင့်ရှစ်ဦး၊ အထက်တန်းအဆင့် ကိုးဦး၊ အလယ်တန်းအဆင့် ၂၆ ဦးနှင့် မူလတန်းအဆင့် ၂၅ ဦးတို့အား ကမ္ဘောဒီးယားသံအမတ်မိသားစုမှ ထောက်ပံ့ငွေကျပ် ၂၈၀၀၀၀၊ တပ်ဖွဲ့ရန်ပုံငွေမှ ကျပ် ၁၀၄၀၀၀နှင့် ကျောင်းဝတ်စုံများကို မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။ **ပုလော(ပြန်/ဆက်)**

## တနင်္သာရီတိုင်းဒေသကြီးတွင် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ကျင်းပ

**တနင်္သာရီ မေ ၂၈**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၅ ရက် နံနက် ၉ နာရီက တနင်္သာရီမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အတွင်း ကျောင်းအပ်နှံရန်အခက်အခဲရှိသည့် အထက်တန်းအဆင့် ၆၇ ဦး၊ အလယ်တန်းအဆင့် ၇၉ ဦးနှင့် မူလတန်းအဆင့် ၁၃၀ စုစုပေါင်း ၂၇၆ ဦးအတွက် ထောက်ပံ့ငွေများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများနှင့် အလှူရှင်များက ပေးအပ်လှူဒါန်းရာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇော်မင်းယုက လက်ခံရယူခဲ့သည်။ အခမ်းအနားတွင် အလှူရှင်များက အလှူငွေစုစုပေါင်း ကျပ် ၇၁၅၀၀၀ လှူဒါန်းခဲ့ကြကြောင်း သိရသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးဗလာစာအုပ်များကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ထိန်ဝင်း(ပြန်/ဆက်)**

# မိုးရာသီ သီးနှံအတွက် ဘဏ်ချေးငွေ စတင်ထုတ်ချေး

**မလှိုင် မေ ၂၈**

မလှိုင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၅ ခုနှစ် မိုးရာသီ သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် ဘဏ်ချေးငွေများကို မေ ၂၆ ရက်မှ စတင်၍ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (မလှိုင်မြို့နယ်ဘဏ်ခွဲ) အနေဖြင့် ၂၀၁၅ ခုနှစ် မိုးရာသီ သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၂ အုပ်စုမှ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ (၇) ရှိသူ တောင်သူအားလုံးကို သုံးယောက်လျှင်တစ်ဖွဲ့စနစ် ဖွဲ့စည်းပြီး တစ်မြို့နယ်လုံးအနေဖြင့် ချေးငွေကျပ်သန်း ၂၈၀၀ ကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (မလှိုင်ဘဏ်ခွဲ) မန်နေဂျာ ဦးငွေထွန်းက ပြောကြားခဲ့သည်။

အဆိုပါနေ့က မလှိုင်မြို့နယ် ထန်းတောကျေးရွာအုပ်စုအတွင်းရှိ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ (၇) ရှိသူ တောင်သူများကို သုံးဦးလျှင် တစ်ဖွဲ့စနစ်ဖြင့် တောင်သူ ၅၉ ဦးအတွက် ချေးငွေကျပ် ၈၁၆၀၀၀၀ ကို စတင်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**




### ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အောင်ဇေယျလမ်း၊ (၁၃)ရပ်ကွက်၊ အမှတ်(၂၉)တွင် နေထိုင်သော ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မိုးမိုးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

**တံဆိပ်အမည်အမှတ်အသား**

Color Stones

**မှတ်ပုံတင်အမှတ်-၅၉၉၉/၂၀၁၅**

ဒေါ်မိုးမိုးအောင်သည် အထက်ပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းရုံးတော်တွင် မှတ်ပုံတင်စာချုပ်အမှတ်-၅၉၉၉/၂၀၁၅ ဖြင့် မှတ်ပုံတင်စာချုပ်ချုပ်ဆိုတင်သွင်း ထားပြီးဖြစ်ပါသည်။ ဒေါ်မိုးမိုးအောင်သည် အထက်ပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် စားသောက်ဆိုင်ဖွင့်လှစ်ခြင်းလုပ်ငန်းအပြင် အစားအသောက်နှင့်ပတ်သက်သော စားသောက်ကုန်ပစ္စည်း အမျိုးမျိုးတို့ကို ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ ဖော်ပြပါ “Color Stones (ရောင်စုံကျောက်)” တံဆိပ်အမည်အမှတ်အသားဖြင့် စာရွက်စာတမ်း၊ လက်ကမ်းကြော်ငြာများ၊ ရုပ်မြင်သံကြားကြော်ငြာများ၊ E-mail, Internet, Website ဆိုင်းဘုတ်များ၊ တံဆိပ်တုံးများ၊ ဘလောက်များ၊ ဒီဇိုင်းများ၊ ငွေရပြေစာဖြတ် ပိုင်းများ၊ စာအိတ်များ၊ စာရေးစက္ကူများ၊ မောင်းနှင်သွားလာရသော ယာဉ်များပေါ်တွင် ရိုက်နှိပ်၊ ဖိနှိပ်၊ ကပ်နှိပ် ဖော်ပြ၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စု မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်အမည်အမှတ်အသားကို ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မိုးမိုးအောင်မှလွှဲ၍ အခြားသူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ အများကဖြစ်စေ၊ ကုန်အမှတ် တံဆိပ်အမည် အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပပြုလုပ် သုံးစွဲပါက ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ ဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှန်းလဲ့ဇော် LL.B, D.B.L, D.I.L**
**အထက်တန်းရှေ့နေ (စဉ်-၃၂၅၄၁)**
**အမှတ်-၃၇၉၊ မွှာရုံလမ်း၊ (၁၃)ရပ်ကွက်၊ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၃၀၈၁၂၈၁**

### မြေကွက်များရောင်းမည်

လှည်းကူးမြို့အနီး၊ ပဲခူးလမ်းမဘေး ပေ (၄၀×၆၀) ၄၅သိန်း၊ ၅၅သိန်း
ဖုန်း-၀၉-၇၉၉၉၄၀၇၀၁၊ ၄၂၁၁၆၆၉၂၆၊ ၉၇၂၂၅၄၆၇

### English Speaking


UKပြန် ဆရာတစ်ဦးသည် English စကားပြောကိုအခြေခံမှစ၍ ကောင်းစွာပြောဆိုနိုင်သည်အထိ အိမ်အရောက် လိုက်သင်ပေးပါသည်။ ဆရာဂျင်မီ
ဖုန်း-၀၉-၅၁၇၀၈၉၅၊ ၀၉-၇၉၁၃၀၁၃၁၂

### ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၁၀-၂၀၁၄ ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၁၈)ကန့်ကွက်နိုင်ကြောင်း ကြော်ငြာဒဂုံဆိပ်ကမ်းမြို့နယ်ဦးကျော်မိုး+၂ ၏မြေပုံကူးတွင်အမည်ပေါက်မိခင်၊ဖခင်နှင့် သားဦးကျော်စိုးလှုမိုးကြီးဘဝဖြင့်ကွယ်လွန်သဖြင့်ဟုဖြည့်စွက်ဖတ်ရှုပါရန်

### ခွေးရောင်းမည်

Alsation - ၂ လ
Shih Tzu - ၂လ
Golden Rettriever - ၂ လ
နိုင်ငံခြားခွေးမျိုးစုံအော်ဒါမှာယူနိုင်ပါသည်။ ဖုန်း-၀၉-၇၃၁၁၅၃၅၆



# တယ်လီနောဆင်းကတ်များ ရေးမြို့နယ်တွင် အရောင်းသွက်

**ရေး မေ ၂၈**

ဆက်သွယ်ရေးလုပ်ငန်းလိုင်စင်များ ရရှိထားကြသည့်အော်ရီဒူးနှင့် တယ်လီနောဖုန်းလိုင်းများအနက် မေလနောက်ဆုံးပတ်အတွင်းမှစ၍ တယ်လီနောဆင်းကတ်များမှာ ရေးမြို့နယ်အတွင်းရှိ မိုဘိုင်းဖုန်းဆိုင်များတွင် အရောင်းအဝယ်လိုက်နေကြောင်း သိရသည်။

အဆိုပါ တယ်လီနောတာဝါတိုင်ကွန်ရက်များချိတ်ဆက်ပြီး၍ လိုင်းများစတင်ရရှိသည့်အချိန်တွင် ဖုန်းလိုင်းဝန်ဆောင်မှုများ အပြည့်အဝရရှိနေသော်လည်း မိုဘိုင်းဖုန်းသုံးစွဲသူအများအပြားမှာ လိုင်းဆွဲအားကောင်းရန်နှင့် မိုဘိုင်းဖုန်းများအချင်းချင်း အလွယ်တကူ ခေါ်ဆိုနိုင်ပြီး အင်တာနက်သုံးစွဲသူများ အနေဖြင့်လည်း လိုင်းဆွဲအားကောင်းရန် မျှော်လင့်ထားကြကြောင်း ယင်းမြို့နယ်ရှိ ဒေသခံများကပြောသည်။

လိုင်းများ စတင်ရရှိချိန်မှစတင်ပြီး မိုဘိုင်းဖုန်းသုံးစွဲသူများက ဆင်းကတ်များကို ဖုန်းအရောင်းဆိုင်များတွင် တစ်ကတ်လျှင်ကျပ် ၁၅၀၀ နှုန်းဖြင့်အလွယ်တကူဝယ်ယူရရှိကြသဖြင့် ယင်းမြို့နယ်များတွင် အဆိုပါဖုန်းသုံးစွဲသူများမြင့်တက်လာခဲ့သည်။

ရေးမြို့နယ်၌မြို့ပေါ်ရပ်ကွက်များအပြင် ကျေးရွာများအထိ တယ်လီနောဆင်း ကတ်များ ဝယ်ယူသုံးစွဲကြောင်းသိရသည်။

**ထွဋ်ထွဋ်(ရေး)**

# မူးယစ်အန္တရာယ် လျော့ချရေးနှင့် မှုခင်းကျဆင်းရေး ပညာပေး ဟောပြော

**လှိုင်သာယာ မေ ၂၅**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းနှင့် မြန်မာနိုင်ငံမူးယစ်ရေးဝါးဆန့်ကျင်ရေးအသင်း (MANA) တို့ ပူးပေါင်း၍ ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မူးယစ်ဆေးဝါးအန္တရာယ် လျော့ချရေးနှင့် မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲကို မေ ၂၂ ရက် နံနက် ၁၀ နာရီက အလုံ-ဧရာ အဝေးပြေးဝင်း ဧည့်နားနေဆောင်၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌ ဦးစိုးဝင်း ရဲချုပ်(ငြိမ်း)၊ ရန်ကုန်တိုင်းဒေသကြီးအသင်း ဥက္ကဋ္ဌ စိုင်းအောင်မင်းရဲမှူး(ငြိမ်း)၊ ဒုဥက္ကဋ္ဌ ဦးညဏ်ဝင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (ရန်ကုန်တိုင်း) ဥက္ကဋ္ဌ စာရေးဆရာ မောင်ယဉ်ကျော်၊ ရန်ကုန်မြောက်ပိုင်းခရိုင် ဒုရဲတပ်ဖွဲ့မှူးရဲမှူး သန်းရှိန်၊ လှိုင်သာယာမြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး မြို့နယ်ဆရာဝန်ကြီး ဆေးရုံ အုပ်ဒေါ်ခင်ရှုပါစိုး၊မြို့နယ် ဒုတိယဥပဒေအရာရှိဒေါ်မဟူရာညို၊ တွဲဘက်တရားသူကြီး ဦးလှိုင်မျိုးအောင်တို့က ဟောပြောကြသည်။

မြို့နယ်အသင်းဥက္ကဋ္ဌ ဦးသန်းဆင့်က အသင်းဝင်သစ် အင်အားတိုး အဆိုပြုလွှာ ၄၅၀ စောင်ကို ဗဟို ဥက္ကဋ္ဌ ဦးစိုးဝင်းထံပေးအပ်ခဲ့သည်။ အခမ်းအနားသို့ အင်အား ၇၀၀ ကျော် တက်ရောက်ခဲ့ကြောင်းသိရသည်။ **(၃၂၉)**

# တိုက်ကြီးမြို့နယ်တွင် (၃၂)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲတွင် စာမေးပွဲဖြေသူ ၁၀၁၅ဦး ဝင်ရောက်ဖြေဆို

**ရန်ကုန် မေ ၂၈**

တိုက်ကြီးမြို့နယ် (၃၂)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲကို မြို့နယ်သာသနာ့ဗိမာန်တော်ကြီး၌ မေ ၂၅ ရက် မွန်းလွဲ ၁ နာရီက ကျင်းပကြောင်းသိရသည်။

အဆိုပါ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကို မြို့နယ်ယဉ်ကျေးမှု ကော်မတီ စာမေးပွဲကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဝဏ္ဏသီရိ၊ အတွင်းရေးမှူးဆရာတော် ဘဒ္ဒန္တကောဝိဇ၊ အဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတနှင့်လူပုဂ္ဂိုလ်များဖြစ်ကြသော တွဲဖက်အတွင်းရေးမှူး သာသနာရေးမှူး ဦးမျိုးသူရနှင့် အဖွဲ့ဝင်များဖြစ်ကြသော ဦးအုန်းဝင်း၊ ဦးမြင့်ထွန်းတို့က ကြီးကြပ်၍ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကို ကျင်းပကြပြီး တိုက်ကြီးစာဖြေဌာနတွင် ၄၅၇ ဦးဝင်ရောက်ဖြေဆိုကြသည်။

တိုက်ကြီးမြို့နယ်တစ်ခုလုံးတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ ဖြေဆိုဌာနခြောက်ခုရှိရာ တိုက်ကြီးမြို့ စာဖြေဌာနတွင် ၄၅၇ ဦး၊ ဥက္ကံမြို့စာဖြေဌာနတွင် ၃၃၄ ဦး၊ အဖျောက်မြို့စာဖြေဌာနတွင် ၄၄ ဦး၊ ရွာသာစာဖြေဌာနတွင် ၂၄၆ ဦး၊ တော်လတီစာဖြေဌာနတွင် ၉၆ ဦး၊ ပန်းတစ်ပွင့်တောင်စာဖြေဌာနတွင် ၁၂၈ ဦးရှိရာ စုစုပေါင်း ၁၀၁၅ ဦးဝင်ရောက်ဖြေဆိုကြသည်။

အဆိုပါစာမေးပွဲတွင် ယဉ်ကျေးမှုဘာသာ၊ ဗုဒ္ဓဘာသာမြန်မာစာ၊ အခြေခံအဘိဓမ္မာဘာသာရပ်များ ဖြေဆိုကြရပြီး မေ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# ၂၀၁၅-၂၀၁၆ပညာသင်နှစ် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ပွဲ မြင်းမူမြို့နယ်၌ကျင်းပ

**မြင်းမူ မေ ၂၈**



၂၀၁၅-၂၀၁၆ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားနှင့် ကျောင်းဝတ်စုံများ၊ ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ပွဲကို မေ ၂၅ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က အလှူငွေကျပ်သုံးသိန်းကို မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်မာထံသို့လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနနှင့် မြို့မိမြို့ဖ အလှူရှင်များက ထောက်ပံ့လှူဒါန်းသည့် ကျောင်းဝတ်စုံများ၊ ကျောင်းသုံးဗလာစာအုပ်များကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများထံသို့လည်းကောင်း အသီးသီး ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

မြင်းမူမြို့နယ်အနေဖြင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ကျောင်းအပ်နှံမှု ၉၇ ဒသမ ၂၆ ရာခိုင်နှုန်း ရှိခဲ့ပြီး မူလတန်း ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ် ၄၄၁၄ ဒါဇင်နှင့် ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၈ ဒသမ ၈၂၇ သန်း ထောက်ပံ့ပေးခဲ့သည်။

ယခု ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူတစ်ဦးလျှင် ကျောင်းသုံးဗလာစာအုပ်တစ်ဒါဇင်နှင့် ကျောင်းဝတ်စုံများ၊ စာရေးကိရိယာပစ္စည်းများကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **အောင်စိုးဖေ**

### မူးယစ်ဆန့်ကျင်အောင်ပွဲဆင်


## ဝန်ထမ်းအမြန်အလိုရှိသည်
**Kinetic Myanmar Technology Co.,Limited**

အမှတ်(၇၉၇)၊ အခန်း**702-A, MAC Tower II**၊ ဗိုလ်ချုပ်လမ်းနှင့်ဝါးတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ **hrm.kinetic@gmail.com**

1. Telecom Engineer — ကျား (၂၀)ဦး
2. Electrical Engineer — ကျား (၁၀)ဦး
   အမှတ်စဉ် ၁၊ ၂အတွက် B.E,B.Tech,AGTI(EC,EP,IT,Mechatronic) ဘွဲ့ရဖြစ်ရမည်။
   လုပ်ငန်းအတွေ့အကြုံမရှိသူများအား လိုအပ်သော Training များစီစဉ်ပေးမည်။
3. Telecom Project Assistant — ကျား (၁၀)ဦး
   ဘွဲ့တစ်ခုခုရရှိပြီး Telecom လုပ်ငန်းစိတ်ဝင်စားသူဖြစ်ရမည်။
4. Civil Engineer — ကျား (၁၀)ဦး
   B.E,B.Tech,AGTI(Civil)ဘွဲ့ရဖြစ်ရမည်။
   လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိသူကို ဦးစားပေးမည်။
5. Network Engineer — ကျား (၁၀)ဦး
   Networking အတွေ့အကြုံရှိပြီး CCNAအောင်မြင်ပြီးသူဖြစ်ရမည်။
6. Safety Manager/Safety Officer — ကျား (၃)ဦး
   ဘွဲ့တစ်ခုခုရရှိပြီး လုပ်ငန်းအတွေ့အကြုံ(၂)နှစ်ရှိသူဖြစ်ရမည်။
7. HR Manager/Assistant Manager/ Executive — ကျား/မ (၃)ဦး
   HR ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။
8. Chief Audior — ကျား/မ (၁)ဦး
   သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်အထက်ရှိသူဖြစ်ရမည်။
9. Accountant (နေပြည်တော်ရုံးခွဲတွင် ခန့်ထားရန်) — ကျား/မ (၁)ဦး
   ငွေစာရင်းဆိုင်ရာအတွေ့အကြုံရှိသူဦးစားပေးမည်။

လျှောက်ထားလိုသူများသည် ဓာတ်ပုံ(၂)ပုံ၊ကိုယ်ရေးရာဇဝင်အကျဉ်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ လေဘာကတ်ပြားမိတ္တူ၊ ရပ်ကွက်/ရဲစခန်း ထောက်ခံချက်နှင့် အောင်လက်မှတ်မိတ္တူများ ယူဆောင်၍ အထက်ပါလိပ်စာသို့ လူကိုယ်တိုင်(သို့) e-mail ဖြင့် 10-6-2015နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

**ASIA KING 09-43114301,09-420221257**
- တောင်ကြီး၊ အင်းလေး Hotel 120000/- Guest 65000/-
- မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မင်းကွန်း Hotel 75000/-
- ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ Hotel 65000/-

အထက်ခရီးစဉ်များ အပတ်စဉ်သောကြာနေ့တိုင်း
အဆင့်မြင့် Hotel/ Guest

ကားမျိုးစုံငှားရမ်းသည်။ 9,15,20,24,33,45 Seaters

(a]rnxy)wuce;im;rn
ပေ(၂၅× ၆၀)၊ နောက်မြေပိုပါ၊ ရန်ကုန်-အင်းစိန်၊ လမ်းမတန်း၊ ရွာမကျောင်းလမ်းနှင့် ကန်လမ်းကြား
ဆက်သွယ်ရန် ဖုန်း-09-31023631, 09-421745883

**VALUESTAR EDUCATION CENTRE**
Building a Brighter FUTURE
English Language
- General English
- Spoken English
- Business English

တန်းခွဲသစ်များကို တစ်လတစ်ကြိမ် ပုံမှန်ဖွင့်လှစ်ပေးလျက်ရှိပါသည်။
တိုက်(၁၅)၊ ပထမထပ်၊ ကိန္နရီ ဈေးဆိုင်အပေါ် ... လှည်းတန်းမှတ်တိုင်အနီး၊ လှည်းတန်းကမာရွတ်၊ ၀၁-၅၁၃၅၂၆၊ ၀၉-၅၀၄၃၅၈၀၊ ၅၂၀၅၉၇

**VALUESTAR EDUCATION CENTRE**
- Revit (Archi & Structure)
- Auto CAD (Inter & Advanced)
- Civil Project Training
- Estimate
- Etabs & Safe
- 3ds Max

တစ်ဦးချင်း အချိန် ညှိနှိုင်း သင်ကြားပေးပါသည်။
တိုက်(၁၅)၊ ပထမထပ်၊ ကိန္နရီ ဈေးဆိုင်အပေါ် ... လှည်းတန်းမှတ်တိုင်အနီး၊ လှည်းတန်းကမာရွတ်၊ ၀၁-၅၂၆၅၃၄၊ ၀၉-၅၀၄၃၅၈၀၊ ၅၂၀၅၉၇

**NATIONAL I.T. SOLUTIONS**
Computer Systems For Your Business
- Enterprise Resource Planning System (ERP)
- Inventory System
- Accounting System
- Production System
- Human Resource Management System
- Office Automation System
- Barcode System
- Multicurrency System
- Web Business System
- After Sales Services

ERP SYSTEM: Shipping & Delivery, Sales, CRM, Finance, Inventory, Purchase, Manufacturing

No.3, Pyay Road, 9miles, MayangoneTownship, Yangon.+95-1-663798 , +95-9-31654213,info@nits.com.mm,www.nits.com.mm

# ရွှေပြည်သာတွင် ဆင်းရဲနွမ်းပါးသည့် ကျောင်းသားများကို ကျောင်းအသုံးအဆောင်ပစ္စည်းများ ပေးအပ်

**ရန်ကုန် မေ ၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ပညာရေးဌာနသည် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးအခမ်းအနားကို မေ ၂၆ ရက် နံနက် ၁၀ နာရီက အ. ထ. က (၁) ကျောင်း ရွှေပြည်ရတနာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်ကအမှာစကားပြောကြားပြီး အလှူငွေ ကျပ်ငါးသိန်းနှင့် ကျောင်းအသုံးအဆောင်ပစ္စည်းများ၊ စာရေးကိရိယာများ ပေးအပ်ခဲ့သည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်ကျောင်းအပ်နှံရေး အခမ်းအနားတွင် ဆင်းရဲနွမ်းပါး ကျောင်းသား၊ ကျောင်းသူ ၃၅၀ ကို ငွေကျပ်ငါးသိန်း၊ ဆွဲခြင်းအလုံး ၅၀၊ ရေဘူး ၅၀၊ ထီးအချောင်း ၅၀၊ ဗလာစာအုပ် ၁၇၅ ဒါဇင်၊ ဘောပင် ၃၅၀၊ ခဲဖျက် ၃၅၀၊ မိုးကာအင်္ကျီ ၁၀ ထည်၊ ကျောပိုးအိတ် ရှစ်လုံး၊ ခဲတံ ၃၅၀ တို့ဖြစ်ပြီး စုစုပေါင်း လှူဒါန်းမှုတန်ဖိုးငွေမှာ ကျပ် ၁၁၄၂၀၀၀ ရှိကြောင်း သိရသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**

## ထီးလင်းမြို့နယ် ကျေးရွာအချို့တွင် လေပြင်းတိုက်ခတ်



**ထီးလင်း မေ ၂၈**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်ရှိ အောင်းရွာ၊ တင်းချောင်းရွာ၊ ကျားခဲရွာ၊ အကြည်ဘန်းရွာ၊ အလယ်ဘန်းရွာတို့တွင် မေ ၂၃ ရက် ညနေက လေပြင်းတိုက်ခတ်မှုများဖြစ်ပွားသဖြင့် လူနေအိမ် ၇၇ လုံးတွင် အိမ်မိုးများ ပျက်စီးသွားကြောင်း သိရသည်။

ယင်းသို့ပျက်စီးရာ၌ အောင်းရွာတွင် ၃၃ လုံး၊ တင်းချောင်းရွာတွင် ၂၅ လုံး၊ ကျားခဲရွာတွင် ရှစ်လုံး၊ အကြည်ဘန်းရွာတွင် ခြောက်လုံးနှင့် အလယ်ဘန်းရွာတွင် ငါးလုံးတို့ ပျက်စီးဆုံးရှုံးခဲ့သည်။

အဆိုပါပျက်စီးရာနေရာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(၄၆၅)**

## မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ ကျင်းပ

**သံဖြူဇရပ် မေ ၂၈**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၆ ရက် နံနက် ၉ နာရီက သံဖြူဇရပ်မြို့နယ် ကျုံကဒတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အတွင်း အခြေခံပညာကျောင်းများသို့ ပြည်နယ်အစိုးရမှထောက်ပံ့သည့် ဗလာစာအုပ်များနှင့် အခြေခံပညာဦးစီးဌာနမှပံ့ပိုးသည့် ကျောင်းသုံးပုံနှိပ်စာအုပ်များကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ပြည်နယ်ပညာရေး ဒုတိယညွှန်ကြားရေးမှူးတို့က ပေးအပ်ရာ သက်ဆိုင်ရာကျောင်းအသီးသီးမှ ကျောင်းအုပ်ကြီးများက လက်ခံရယူခဲ့သည်။

ဆက်လက်၍ အလှူရှင်များက မြို့နယ်အတွင်းရှိကျောင်းများအတွက် ပံ့ပိုးအလှူငွေများလှူဒါန်းရာ စက်စဲကျေးရွာအထက်တန်းကျောင်း လေးခန်းတွဲစာသင်ဆောင်ဆောက်လုပ်ရန် လှူဒါန်းငွေကျပ် ၄၈၆ သိန်းအပါအဝင် အလှူရှင်အသီးသီး၏ လှူဒါန်းငွေကျပ် ၅၇၃ သိန်းကျော်အား သက်ဆိုင်ရာကျောင်းများသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

## အသိပညာပေး လက်ကမ်းစာစောင်များအခမဲ့ဝေငှ

**မင်းဘူး မေ ၂၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်တွင် မိုးဦးကာလ၌ ကျရောက်လာနိုင်သော သဘာဝဘေးအန္တရာယ်များအား ကြိုတင်ကာကွယ်နိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထုတ်ဝေသော သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များနှင့် လက်ကမ်းစာစောင်များအား ပြသပေးလျက်ရှိသည်။

အဆိုပါ နံရံကပ်စာစောင်ဘုတ်တွင် ငလျင်ဘေး၊ မုန်တိုင်းဘေး၊ ရေဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေး၊ မိုးကြိုးဘေး၊ မီးဘေးနှင့် မိုးခေါင်ရေရှားဘေးပညာပေးစာစောင်များအား အများပြည်သူများကို ပြသပေးလျက်ရှိသည်။

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့ရှိ နံရံကပ်စာစောင်ဘုတ်တွင် အများပြည်သူများ အလွယ်တကူဖတ်ရှုလေ့လာ၍ အသိပညာများ တိုးပွားရရှိစေရန် အချိန်၊ ကာလနှင့် လိုက်လျောညီသော ပညာပေးစာစောင်စောင်များ ပြသခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးလျက်ရှိသည်။ **တင်ထွန်းဦး(မင်းဘူး)**

## သတင်းတို

### ကျောက်ထုမြို့နယ်တွင် မိုးနှမ်းများစတင်စိုက်ပျိုး

မိုးဦးမိုးများ စတင်ရွာသွန်းနေပြီဖြစ်သည့်အတွက် ဂန့်ဂေါခရိုင် ကျောက်ထုဒေသရှိ ကျေးရွာများတွင် တောင်သူလယ်သမားများသည် မိုးသီးနှံအဖြစ် မိုးနှမ်းစိုက်ပျိုးနိုင်ရန် မြေပြင်ခြင်း၊ ထွန်ယက်ခြင်းတို့ကို စတင်ဆောင်ရွက်နေကြပြီဖြစ်သည်။

ကျောက်ထုဒေသ စိုက်ပျိုးရေးဦးစီးဌာနသည် တောင်သူများ စိုက်ပျိုးရေးစနစ် မှန်ကန်စွာ စိုက်ပျိုးနိုင်ရေး ကွင်းဆင်းဟောပြောမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၄၆၅)**

### ပုဗ္ဗသီရိ၌ မြစိမ်းရောင်စီမံကိန်း မတည်ရန်ပုံငွေပေးအပ်

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် သာဂလကျေးရွာတွင် မေ ၂၆ ရက် မွန်းလွဲ ၂ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကဏ္ဍ၏ တစ်စိတ်တစ်ပိုင်းဖြစ်သော မြစိမ်းရောင်ကျေးရွာစီမံကိန်း ဒုတိယမြောက် မတည်ရန်ပုံငွေပေးအပ်ပွဲကျင်းပခဲ့သည်။

ရှေးဦးစွာ ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းဝင်းစိုးက အမှာစကားပြောကြားပြီး ကျေးရွာမြစိမ်းရောင်စီမံကိန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတင်ရွှေက အသင်းဝင်တစ်ဦးချင်းစီအား ကျပ် ၁၆၀၀၀၀ နှုန်းဖြင့် ၂၁၃ ဦးအတွက် စုစုပေါင်းငွေကျပ် ၃၄၀၈၀၀၀၀ အား ပေးအပ်ပြီး တက်ရောက်လာသော အသင်းသားများအား ပြက္ခဒိန်နှင့် ဒိုကျေးရွာဂျာနယ်များ ဝေငှခဲ့ကြောင်း သိရသည်။

**ရွှေရဲရင့်**







လူနာများ၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များအား ပြုစုစောင့်ရှောက်လိုသူများနှင့် ဆေးဆိုင်ဖွင့်လိုသူများအတွက်

ပါမောက္ခဆရာဝန်ကြီးများ၊ စင်ကာပူပြန်သူနာပြုဆရာမများနှင့်အတွေ့အကြုံရင့် Sister များကိုယ်တိုင်ဦးစီး၍ စာတွေ့လက်တွေ့ သင်ကြားပေးရုံသာမက ဆေးရုံများ၊ဘိုးဘွားရိပ်သာများတွင်သွားရောက်လေ့ကျင့်၍လုပ်ငန်းကျွမ်းကျင်မှုနှင့်အလုပ်အကိုင်အခွင့်အလမ်းအတွက် ဖန်တီးပေးလျက်ရှိပါသည်။

သုခစုံ ကုမ္ပဏီ ပန်းဆိုးတန်းမှတ်တိုင်၊ကုန်သည်လမ်းမကြီး(၃၉-လမ်းထောင့်)၊တိုက်အမှတ်(၅၀၆)၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်။ဖုန်း - (01) 377 343 , 377 344 (ရုံးချိန်အတွင်း)
Website : www.tksstkss.com, Facebook: https://www.facebook.com/tkss.mp

SPPS
Summit ကိုယ်ပိုင်မူလတန်းကျောင်း
(မှတ်ပုံတင်အမှတ်-ကက-၁၃/၃၈/၀၄၁)
အမှတ် (၉၁)၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး၊ ရန်ကုန်မြို့
၀၁-၅၃၈၃၉၉၊ ၀၉-၄၅၀၀၆၆၈၁၂၊ ၀၉-၇၃၁၅၀၃၄၅

၂၀၁၅ ခရိုင်စစ်စာမေးပွဲ အောင်ချက် ၁၀၀%

- "ခရိုင်စစ်စာမေးပွဲ"ထူးချွန်စွာအောင်မြင်ရေး ၊ သူငယ်တန်းမှစ၍ လေ့ကျင့်ပျိုးထောင်ပေးရန်။
- နိုင်ငံတကာအဆင့် အင်္ဂလိပ်စာအခြေခံ၊ ပိုင်နိုင်ကျွမ်းကျင်ရန်။
- ကျောင်းသူ/ကျောင်းသားများ၊ဘာသာစုံ၌၊ အရည်အချင်းအလိုက် တိုးတက်လာရန်။
- " Critical Thinking" တွေးခေါ်ကြံဆသုံးသပ်၍လက်တွေ့ အသုံးချတတ်ရန်။
- ဘက်စုံဖွံ့ဖြိုးတိုးတက်လာသော လူတော်၊ လူတော်လေးများ ပေါ်ထွန်းလာရန်။

တနင်္လာ မှ သောကြာ - နံနက် ၈:၃၀ ~ ညနေ ၃:၀၀

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

## ဦးစိုးပိုင် (ဥက္ကဋ္ဌ)

Paing Family International Co.,Ltd သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ ချီးမြှင့်သော ပို့ကုန်ထူးချွန် စီးပွားရေးလုပ်ငန်းရှင် နိုင်ငံ့ဂုဏ်ဆောင်ရည် (ပထမဆု) ကို ရရှိသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

အစဉ်သဖြင့် နိုင်ငံ့အကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

THEIN THAN KYEI SIN Co.,Ltd

### မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်
### "အပြည်ပြည်ဆိုင်ရာသင်္ဘောသားများနေ့(၂၀၁၅)နှင့် (၁၃)ကြိမ်မြောက်ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနား"

[illegible]

| | | |
|---|---|---|
| ကျင်းပပြုလုပ်မည့်ရက် | – | ၂၀၁၅ခုနှစ် ဇွန်လ ၂၁ ရက်နေ့ (တနင်္ဂနွေနေ့) |
| ကျင်းပပြုလုပ်မည့်အချိန် | – | ညနေ [illegible] |
| ကျင်းပပြုလုပ်မည့်နေရာ | – | Shwe Shan Kan Restaurant, အမှတ်(၁၃၅–၁၅)၊ အင်းယားလမ်း University Boat Club ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဆက်သွယ်ရန်လိပ်စာ | – | [illegible] ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ဖုန်းနံပါတ် | – | [illegible] |
| Main Sponsor | – | RAY SHIPPING ENTERPRISE CO., LTD |

Co Sponsor များအားထပ်မံကြေညာပေးသွားပါမည်။

ကျင်းပရေးဆော်ကော်မတီ
အပြည်ပြည်ဆိုင်ရာသင်္ဘောသားများနေ့(၂၀၁၅)ကျင်းပရေးအဖွဲ့

**Popa Cap Factory**

ကိုရီးယားနည်းပညာစက်သစ်ကြီးများဖြင့် ထုတ်လုပ်သော စံချိန်မီ Cap ဦးထုပ်များကို သင့်စိတ်တိုင်းကျ Logo ဒီဇိုင်းများဖြင့်မှာယူနိုင်ပါပြီ။ ကုန်ပစ္စည်း ကြော်ငြာ၊ အသင်းအဖွဲ့များ ၊ ပြန်လည်ရောင်းချလိုသူများ ဆက်သွယ်နိုင်ပါပြီ။

ဆက်သွယ်ရန် - 09-401526724, 09-793451525
E-mail : popacap.mm@gmail.com,nwaynwayei09@gmail.com

ကမ္ဘာ့အဖိုးတန်သစ်မွှေး
စိုက်နည်း၊ ပျိုးနည်း
စာအုပ်ဆိုင်တိုင်းတွင် ဝယ်ယူနိုင်ပါသည်။
ပျိုးပင်များ လိုသလောက်ဖြန့်ချိပေးနေပါသည်။
ဝင်းသစ်မွှေး 09-5117226

ကြယ်ပဲ Sacha Inchi
စိုက်နည်း၊ ပျိုးနည်း
စာအုပ်ဆိုင်တိုင်းတွင် ဝယ်ယူနိုင်ပါသည်။
ပျိုးစေ့၊ ပျိုးပင်များ လိုသလောက်ဖြန့်ချိပေးနေပါသည်။
ဝင်း 01-501812, 09-5117226

(၁)သိန်းခွဲဝန်းကျင်
အခန်းငှားလိုသည်
(ပွဲစားမလို)ပိုင်ရှင်များဆက်သွယ်ပါ။
(၄၈)လမ်းမှ (၅၀)ကြား၊ (၆)လွှာအောက်၊ ရေ၊ မီးအစုံ၊ (အပေါ်ဘလောက်) အတွင်းသာ
ဖုန်း ၀၉-၄၃၁၂၈၉၁၈

ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ အလက(၃)၊ စတုတ္ထတန်းအောင်မြင်ပြီးသူ မောင်ဝင်းထိုက်အောင်၏ဖခင်အမည်မှန်မှာ ဦးဇော်ဇော်[၁၂/ ဒပန(နိုင်) ၀၆၀၅၈၁]ဖြစ်ပါကြောင်း။
ဦးဇော်ဇော်

သွေးသည်အသက်

မှခင်းအန္တရာယ်ကြိုတင်ကာကွယ်နိုင်ကြပြီး မှုခင်းအသိပညာရရှိစေဖို့
**မှုခင်း** ရှုထောင့်ဂျာနယ် ဖတ်ကြစို့
အမှတ်စဉ်(J/11)ယနေ့ထွက်ပြီ
Ph-01-397164, 01-9000017

★ဖနီးကိုလိုက်ခေါ်တဲ့ယောက်ျား ယောက်ဖလက်ချက်နဲ့အသက်ထွက် ★ စားသောက်ဆိုင်ကိုဇန်းပြုပြီး အသွေးအသားကို ဈေးကစားကြသူတစ်စုကို ဖမ်းဆီးလိုက်ပြီ ★ မိုးဦးကျချိန်မှာ ရွှေငွေ (၅၆)သိန်းကျော်ဖိုး အခိုးခံရတဲ့သိကုန်းမြို့ကဖြစ်ရပ် ★စနောက်ခံရသူက စိုးရိမ်ပြီး စနောက်သူကို ဓားနဲ့ထိုးလို့ သေဆုံး ★ ဖနီးမောင်နှံနှစ်ဦးရဲ့ ရိုက်ချက်ဓားချက်ကြောင့် သေဆုံးသွားရတဲ့ဖြစ်ရပ် ★တောင်ငူမှာ ငွေစက္ကူအတုတွေနဲ့ ဖမ်းမိသူကို စစ်ဆေးခဲ့ရာမှ ငွေစက္ကူအတုထုတ်သူများကိုပါ ဖမ်းဆီးရမိခဲ့တဲ့ဖြစ်ရပ် ★ ငွေစက္ကူအတုတွေ (၇၆)သိန်းကျော်ဖိုးဖမ်းမိခဲ့တဲ့ တောင်ငူမြို့ကဖြစ်ရပ် ★အိမ်ရှင်ရဲ့ ရွှေငွေတွေကို ခိုးယူထွက်ပြေးသွားခဲ့ကြတဲ့ အိမ်အကူနှစ်ယောက်ရဲ့ဖြစ်ရပ် ★တုတ်နဲ့ရိုက် သားမယားအဖြစ် ပြုကျင့်ပြီး ပါးစပ်ပိတ်သတ်ခဲ့သူကို ဖော်ထုတ်ဖမ်းဆီးလိုက်ပြီ ★ငွေထုပ်ကို လုယက်ထွက်ပြေးသူ ပြေးမလွတ်★ နာရီဝက်အတွင်း ဖုန်းနဲ့ငွေတွေ ခိုးယူခံရ ★ကန်ပေါင်ပေါ်မှာသေဆုံးနေသူရဲ့ဖြစ်ရပ် ★လူသတ်ပြီးပြေးနေသူရဲ့ အနီရောင်ဆင်ကြယ်ဖိနပ်တစ်ရန်အလောင်းဘေးမှာကျန်ခဲ့ ★ ဘုရားပွဲဈေးကလူသတ်မှု... စတဲ့သတင်းများနဲ့အတူ **ဖတ်ရှုလို့ရမည်။**

ACT
ADVANCED CENTER FOR TECHNOLOGY
For Future Technological Leadership

- Web Application Development Course
- Java Programming Course
- C/C++ Programming Course
- MS-SQL Database Management Language Course
- A+ Hardware/Network Engineering Course

သင်တန်းအားလုံးအတွက်ပြည်တွင်း/ပြည်ပ IT လုပ်ငန်းများတွင် လုပ်ကိုင်ရန် အသင့်ဖြစ်သည်အထိ သင်ကြားပေးပါသည်။

- IELTS Speaking Course (စာမေးပွဲဖြေဆိုနိုင်သည်အထိလေ့ကျင့်ပေးပါသည်။)

* မေ၊ ဇွန် တန်းခွဲများ စတင်ဖွင့်လှစ်နေပါသည်။ *

စုံစမ်းရန်
အမှတ်(၆၇)၊ ၁၂၂-လမ်း၊ (မင်္ဂလာဈေးအနီး)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
☎: ၀၉-၃၂၁၄၃၈၂၆၊ ၀၉-၂၅၂၀၆၈၉၁၈၊ ၀၉-၂၅၁၀၀၀၅၀၁

ရွှေပလ္လင်
ရွှေပြည်သာ
COMING SOON!

## ဝန်ထမ်းအလိုရှိသည်

**I. Production Co.,Ltd**

၁။ ထုတ်လုပ်မှုအင်ဂျင်နီယာ (ကျား) ၁ - ဦး
(A.G.T.I, B.Tech, B.E (Mechanical))
လုပ်ငန်းအတွေ့အကြုံ (၃) နှစ်နှင့်အထက်ရှိသူဖြစ်ပြီး PVC ပိုက်ထုတ်လုပ်ရေးစက်ရုံ၌ ထုတ်လုပ်မှုနှင့် စီမံခန့်ခွဲမှုတွင် ကျွမ်းကျင်စွာအုပ်ချုပ်နိုင်သူဖြစ်ရမည်။ (ကျွမ်းကျင်မှုပေါ်မူတည်၍ လစာကောင်းမည်)

၂။ **Line Leader** (ကျား) ၁ - ဦး
PVC ပိုက်ထုတ်လုပ်ရေး၌ ကောင်းစွာသိရှိပြီး Line Leader လုပ်ငန်းအတွေ့အကြုံ (၃) နှစ်နှင့် အထက်ရှိသူဖြစ်ရမည်။ (ကျွမ်းကျင်မှုပေါ်မူတည်၍ လစာကောင်းမည်)

၃။ **Quality Control (Production)** (ကျား/မ) ၂ - ဦး
(B.E, A.G.T.I, B.Sc)
လုပ်ငန်းအတွေ့အကြုံ (၃) နှစ်နှင့်အထက်ရှိသူဖြစ်ပြီး Production စက်ရုံတွင် Testing Equipments များ ကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုနိုင်သူဖြစ်ရမည်။ (ကျွမ်းကျင်မှုပေါ်မူတည်၍ လစာကောင်းမည်)

၄။ **Marketing Executive** (ကျား/မ) ၂ - ဦး
ရေပေးဝေရေး (HDPE Pipe နှင့် PVC Pipe) ပိုက်များနှင့်ဆက်စပ် ပစ္စည်းများ၊ ရေတိုင်ကီပစ္စည်းလုပ်ငန်းများတွင် အတွေ့အကြုံရှိသူဖြစ်ရမည်။ မိမိလုပ်ငန်းအား စိတ်အားထက်သန်စွာ လုပ်ကိုင်နိုင်ပြီး ရိုးသား၊ ကြိုးစားသူဖြစ်ရမည်။ မိမိအစွမ်းအစအလိုက် အကျိုးခံစားခွင့်ရရှိမည်။ (ကျွမ်းကျင်မှုပေါ်မူတည်၍ လစာကောင်းမည်)

၅။ **Logistic** (ကျား/မ) ၁ - ဦး
ကုန်ပစ္စည်းပို့ဆောင်ရေးလုပ်ငန်းတွင် စီမံဆောင်ရွက်နိုင်သူဖြစ်ရမည်။ ရန်ကုန်မြို့တွင်း လမ်းကြောင်းများအား ကောင်းစွာ သိရှိသူဖြစ်ပြီး လုပ်ငန်းအတွေ့အကြုံ (၃) နှစ်နှင့်အထက် ရှိသူဖြစ်ရမည်။
(ကျွမ်းကျင်မှုပေါ်မူတည်၍ လစာကောင်းမည်)

အထက်ပါသတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများသည်
ကိုယ်ရေးရာဇဝင်၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း (၁) လအတွင်း ရဲစခန်းထောက်ခံချက်၊ သုံးလအတွင်း ရိုက်ကူးထားသော ကာလာဓာတ်ပုံ (၂) ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်းစာရင်းမိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

**AUTHENTIC GROUP OF COMPANIES**
အခန်း (၃၀၄)၊ ကွန်ဒို (D)၊ ကမ္ဘာအေးဗိလာဝင်း၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၁-၆၅၅၆၉၀၊ ၆၅၆၀၂၀၊ ၆၅၆၀၅၀၊ ၆၅၆၃၃၀၊ ၆၅၁၇၅၆


ဖလန်းဖလန်းအင်တာနက်
3G ၆ကျပ်/MB
လူတိုင်းအတွက် မြန်ဆန်တဲ့အင်တာနက်ကို
အသက်သာဆုံးဈေးနဲ့ အခုပဲယူလိုက်ပါ။
ooredoo
#PHALANPHALAN

**တို့ ဒီနဲ့ GO ပြီ** သက်တန့်ရောင်ခရီးစဉ်များ

- သီရိလင်္ကာ (8D/7N) August, 22~29 $-1450
- ကိုရီးယား (8D/7N) June, 16~23 $-2150
- ဗီယက်နမ် (5D/4N) June, 23~27 $-800
- ဂျပန် (5D/4N) June, 20~24 $-1990
- စင်ကာပူ (4D/3N) June, 19~22 $-770
- ဗန်ကောက် (6D/5N) June, 20~25 $-650

378503, 378127, 250734, 09-5150 195, 09-514 5539, 097321 7457

**HR** Publishing House

မှတ္တက်ရှိသော အောက်ပါစာအုပ်များအား မှာယူလိုပါက အိမ်တိုင်ရာရောက် ပို့ဆောင်ပေးပါမည်။

30 % Discount

၀၁-၂၉၇၉၆၅၊ ၀၉-၇၃၁၂၁၇၅၄၊ ၇၃၁၆၁၇၂၁

စာစဉ် (၁) ခင်မောင်ညို၏ **ကပ်ကျော် သာဘ်ခေါ် စီးပွားရေး** (၁၅၀၀ကျပ်)
စာစဉ် (၂) ဒေါက်တာထွန်းဝင်း၏ **မန်နေဂျာတစ်ယောက်သည် မိန်းမတစ်ယောက်ထက်ပိုယူပိုင်ခွင့်ရှိပါသလား** (၁၅၀၀ကျပ်)
စာစဉ် (၃) အောင်မောင်း၏ **ကြော်ငြာခြင်းအနုပညာ** (၂၀၀၀ကျပ်)
စာစဉ် (၄) နေဝင်းမြင့်၏ **ဂနိုင့်ကျက်သရေစာပေဆောင်းပါးများ** (၂၅၀၀ကျပ်)
စာစဉ် (၆) ဦးဝင့်ကျော်၏ **မိမိကိုယ်ကိုယ်ကောင်းအောင်** (၂၀၀၀ကျပ်)
စာစဉ် (၇) ပါမောက္ခဒေါက်တာအောင်ထွန်းသက်၏ **စီမံခန့်ခွဲမှုဆိုင်ရာ အမေးအဖြေများ - ၁** (၂၅၀၀ကျပ်)
စာစဉ် (၈) ထက်ကျော်၏ **ဒီလိုလူတွေကို အလုပ်မခန့်နဲ့လေနှင့် အခြားဆောင်းပါးများ** (၂၅၀၀ကျပ်)
စာစဉ် (၉) အောင်မောင်း၏ **ဈေးရောင်းခြင်းအနုပညာ** (၂၀၀၀ကျပ်)
စာစဉ် (၁၀) ခဲမြင့်(စွန့်ဦးတီထွင်)၏ **ကျွန်တော်ဆွဲလုပ်မိသော ကုမ္ပဏီ၏အမှားများ** (၂၀၀၀ကျပ်)
စာစဉ် (၁၁) မောင်ရေအေး(ဟားဗတ်ဘက္ကသိုလ်)၏ **အင်ကိုတမ်းစ် ၂၀၁၀ လမ်းညွှန်** (၂၅၀၀ကျပ်)
စာစဉ် (၁၂) အောင်မောင်း၏ **ဈေးဝယ်ခြင်းအနုပညာ** (၂၀၀၀ကျပ်)
စာစဉ် (၁၃) ခင်ပပလင်း၏ **အပြောင်းအလဲကာလ ဦးဆောင်မှု** (၁၅၀၀ကျပ်)
စာစဉ် (၁၄) မောင်ရေအေး(ဟားဗတ်ဘက္ကသိုလ်)၏ **လုပ်ရည်ကိုင်ရည် စီမံခန့်ခွဲမှု** (၃၀၀၀ကျပ်)
စာစဉ် (၁၅) ခဲမြင့်(စွန့်ဦးတီထွင်)၏ **ကျွန်တော်ဆွဲလုပ်မိသော ကုမ္ပဏီအမှားများ၏ ဟိုမှာဘက်ကမ်းတွင်** (၂၅၀၀ကျပ်)
စာစဉ် (၁၆) မင်းခေါင်(EMAP-8)၏ **HR သားဖော့ ဝင်ခဲ့လေကွယ်** (၂၀၀၀ကျပ်)
စာစဉ် (၁၇) ပါမောက္ခဒေါက်တာအောင်ထွန်းသက်၏ **စီမံခန့်ခွဲမှု အမေး အဖြေများ - ၂** (၂၅၀၀ကျပ်)
စာစဉ် (၁၈) ကြူးနစ်၏ **အိမ်မက်ဆိုး (၂၅)ည** (၃၀၀၀ကျပ်)

**Korea`s No. 1 & Largest Coffee Brand "Coffebene" is looking for Myanmar Parner**

ကိုရီးယားနိုင်ငံ၏အကြီးဆုံးကော်ဖီကုမ္ပဏီဖြစ်သော "coffebene" သည် နိုင်ငံပေါင်း(၁၂)နိုင်ငံတွင် ဆိုင်ခွဲပေါင်း ၁၆၀၀ ကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။

ယခု မြန်မာနိုင်ငံတွင် ဖွင့်လှစ်ရန်အတွက် အကျိုးတူပူးပေါင်းလိုသောကုမ္ပဏီများရှာဖွေနေပါသဖြင့် မြန်မာနိုင်ငံရှိ စိတ်ဝင်စားမှုရှိသော ကုမ္ပဏီများမှ ဆက်သွယ်နိုင်ပါသည်။

| | | |
|---|---|---|
| Consulting | : | MS Agency (Korea Myanmar Agency) |
| Office | : | Go1, Block C, Pearl Condominium, Bahan T/S, Yangon. |
| Tel | : | 09-5403175, 09-254398600 |

**GRACE EDUCATION Learning Center**

No. 92, Ground Floor, 51 St., Middle Blk., Pazundaung Tsp, Yangon

ပြည်တွင်း/ပြည်ပ ပညာသင်ဆုလျှောက်ရန်စိတ်ဝင်စားသော အစိုးရဝန်ထမ်းများနှင့် ကျောင်းသား/သူများ Toefl (PBT) ကို Oct 10 တွင်ဖြေဆိုရန် (သို့) IELTS exam ကိုအနီးဆုံးလတွင်ဖြေရန်ယခုမှစ၍ GELC တွင်တက်ပြီး Register လုပ်မြန်းဖြင့် အမှတ်ကောင်းများရယူပါ။

**Toefl Test Preparation Course**
Mon - Thur 1:00-3:00 pm
Sat - Sun 9:00-12:00 am

**IELTS Test Preparation Course**
Mon - Thur 9:00-11:00 am
Sat - Sun 1:00- 4:00 pm

**IGCSE 'O' Level Admission Open for 2015-2016**

2016 May တွင် ဖြေဆိုမည့်သူများအတွက်ကျူရှင်လုံးဝထပ်ယူစရာမလိုသည့် နေ့တက် နှင့် နယ်ကျောင်းသားများအတွက်ဘော်ဒါကျောင်းစတင်အပ်နှံနိုင်ပြီဖြစ်ပါသည်။ June 10 မေည်။

09 51 40 80 2
0925 880 5582
0979 18 22 665







မြစ်ငယ်စက်ရုံ၌ လက်ရှိပြုပြင်မွမ်းမံဆောင်ရွက်နေသော KIHA 11 RBE ရထားတွဲကို တွေ့ရစဉ်။

# RBE အဲကွန်းရထားတွဲသစ် ၃၂ တွဲ ဇွန်လကုန်ပိုင်းမှစတင်ကာ ရိုးရိုးရထားတွဲဆိုင်းနေရာများတွင် အစားထိုးပြေးဆွဲမည်

**ရန်ကုန် မေ ၂၈**

ရထားစီးခရီးသွားပြည်သူများ ပိုမိုအဆင်ပြေလွယ်ကူစေရန်နှင့် မြန်မာ့မီးရထားအနေဖြင့် အနာဂတ်ကာလတွင်ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ ရှိနေသည့်အတွက် ဂျပန်နိုင်ငံမှ ဝယ်ယူရောက်ရှိနေသည့် RBE ရထားတွဲသစ် ၃၂ တွဲကို ရိုးရိုးရထားတွဲဆိုင်းနေရာများတွင် ယခင်ပြေးဆွဲခဲ့သည့် RBE အဲကွန်းရထားတွဲဆိုင်းများကဲ့သို့ ဇွန်လကုန်ပိုင်းမှစတင်ကာ အစားထိုးပြေးဆွဲပေးမည်ဖြစ်သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဝယ်ယူထားသော ပြီးခဲ့သည့်မေလအတွင်းကရောက်ရှိခဲ့သည့် RBE အဲကွန်းရထားတွဲ ၃၂ တွဲအား မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများအတွင်း အစားထိုးပြေးဆွဲပေးသွားမည်ဖြစ်ပြီး တွဲပေါင်း ငါးတွဲပါသည့် တွဲဆိုင်း ငါးဆိုင်းဖြင့် ဖွဲ့ဆင်ဆောင်ရွက်တော့မည်ဖြစ်သည်။ လက်ရှိ ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများ၌ စုစုပေါင်း ရထားတွဲဆိုင်း ၂၄ ဆိုင်းအား ခေါက်ရေ ၂၂၅ ခေါက်ဖြင့် ပြေးဆွဲပေးလျက်ရှိနေရာ RBE ရထားတွဲဆိုင်း ခုနစ်ဆိုင်းရှိပြီး လူစီးတွဲများအား စက်ခေါင်းတပ်ဆင်မောင်းနှင်သည့် ရထားတွဲဆိုင်း ၁၇ ဆိုင်းရှိကြောင်း မြန်မာ့မီးရထားမှသိရသည်။ အဆိုပါရထားတွဲဆိုင်း ၁၇ ဆိုင်းရှိသည့်အနက်မှ တွဲဆိုင်း "ပ" နှင့် "သ" တွဲဆိုင်းဖယ်ကာ ကျန်ရထားတွဲဆိုင်း **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖

# ချင်းတွင်းမြစ်ရေ တစ်ပေခန့်မြင့်တက်၍ အမြန်ရေယာဉ်များသွားလာမှုလွယ်ကူလာ

**ကလေး မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် ယခုရက်ပိုင်းအတွင်း နေ့စဉ်ရက်ဆက် မိုးရွာသွန်းခဲ့မှုကြောင့် ချင်းတွင်းမြစ်သည် မေလပထမပတ်ထက်စာလျှင် ယခုနောက်ဆုံးပတ်အတွင်း မြစ်ရေသည် တစ်ပေကျော်အထိ မြင့်တက်လာခဲ့ကြောင်း ကလေးဝမြို့ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ သိရသည်။

မြစ်ရေတက်လာမှုနှင့်ပတ်သက်၍ ကလေးဝ မိုး/ဇလ ဦးစီးဌာနမှ ကိုဆွေက "ချင်းတွင်းမြစ်ရေက ကျွန်တော်တို့ ခန့်မှန်းထားတဲ့အတိုင်း တက်လာပါတယ်။ ဒီလ ၂၀ ရက်နေ့ကဆို ၁၆၉ စင်တီမီတာ ပဲရှိပါတယ်။ ၂၇ ရက်နေ့ နေ့လယ်ပိုင်း တိုင်းတာတာ ၂၀၄ စင်တီမီတာ ရှိပါတယ်။ ၃၅ စင်တီမီတာ မြင့်တက်လာပါတယ်။ ပေအားဖြင့်ဆိုရင် တစ်ပေကျော်တက်လာတဲ့ သဘောပါ။ ဆက်လက်ပြီးတော့လည်း မြင့်တက်လာမယ့်သဘောရှိပါတယ်။ ခန္တီးမှာလည်း မြစ်ရေတက်နေတယ်။ မော်လိုက်မှာလည်း မြစ်ရေတက်နေပါတယ်"ဟု ပြောသည် ။

**စာမျက်နှာ ၆ ကော်လံ ၁ သို့** ❒



# ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မြန်မာနှင့် အမေရိကန်ပွဲဦးထွက် တွေ့မည်

**သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဖော်**

မြန်မာ့ဘောလုံးစာမျက်နှာသစ်ဖွင့်လှစ်နိုင်ခဲ့သည့် ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို မေ ၃၀ ရက်တွင် နယူးဇီလန်နိုင်ငံ၌ စတင်ကျင်းပတော့မည်ဖြစ်သည်။ မြန်မာအသင်းမှာ အမေရိကန်နှင့် ပွဲဦးထွက်ဆုံတွေ့နေပြီး အဖွင့်လှရန် လိုအပ်နေပေသည်။

၂၀၁၅ ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို အသင်းပေါင်း ၂၄ သင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး လေးသင်း၊ ခြောက်အုပ်စုခွဲ၍ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ပထမနေ့ပွဲစဉ်များကို မေ ၃၀ ရက်တွင် စတင်မည်ဖြစ်ပြီး မြန်မာအသင်းမှာ အဖွင့်ပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် အမေရိကန်အသင်းနှင့် **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❍




အန်တုရင်ဆိုင် အနိုင်ယူရမည် စာ » ၂

ရန်ကုန်မြို့တွင် ၁၀ ရက်ကြာကျင်းပမည့် အမှတ်တရနိုင်ငံတကာရုပ်ရှင် အမွေအနှစ်ပွဲတော် စာ » ၆

ပြင်သစ်အိုးပင်းတတိယအဆင့် ပွဲစဉ်များသို့ ရှာရာပိုဗာနှင့် ဖက်ဒဲရာတို့ တက်ရောက် စာ » ၁၃




Gmail themirror.npt@gmail.com
www.facebook.com/themirrordaily